မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၀၃)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

COVID- 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

Coronavirus Disease 2019 (COVID- 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID- 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဧပြီ ၂၂

Coronavirus Disease 2019 (COVID- 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ COVID- 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID- 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

ဆေးရုံ၊ ဆေးခန်းမှ စွန့်ပစ်ပစ္စည်းများ အန္တရာယ်

ဆောင်းပါး | စာ ၆

အမေရိကန်သမ္မတက အမေရိကန်လုပ်သားထုကို ကာကွယ်ရန် လူဝင်မှုကို တစ်စိတ်တစ်ပိုင်း တားမြစ်ပြီး အမြဲတမ်းနေထိုင်ခွင့်ဗီဇာ ထုတ်ပေးခြင်းကို နှစ်လရပ်ဆိုင်း

နိုင်ငံတကာသတင်း | စာ ၁၂

ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

တစ်ဦးချင်းစီ၏ တာဝန်သိမှု

ကမ္ဘာကြီးသည် ရုတ်ခြည်းဆိုသလို ပြောင်းလဲသွားသည်။ လူတို့၏ အပြုအမူ၊ အနေအထိုင်၊ စိတ်နေသဘောထား၊ ရည်မှန်းချက်၊ မျှော်လင့်ချက်၊ နှစ်သက်သဘောကျမှု အစစသော ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုတို့ ပြောင်းလဲသွားသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုးက ပါရာဒိုင်း အပြောင်းအလဲတစ်ခုကို ဖန်တီးလိုက်သည်ဟုပင် ဆိုရချေမည်။ ယနေ့ ရင်ဆိုင်ကြုံတွေ့နေရသော ကပ်ရောဂါကူးစက်ပြန့်ပွားမှုနှုန်းကို ထိန်းသိမ်းကာကွယ်နိုင်ရေး၊ ကုသပျောက်ကင်းနိုင်ရေးတို့သည်သာမက ကိုဗစ်အလွန်ကာလများအတွက်ကိုပါ များစွာစဉ်းစားနေကြရပြီတည်း။

နိုင်ငံရေး၊ နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ ကုန်သွယ်ကူးလူးရောင်းဝယ်ဖောက်ကားရေး၊ လူမှုဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှု အစရှိသည်တို့ကိုပါ ကပ်ရောဂါဃက်က ရိုက်ခတ်လာနေသည်။ နေရာစုံ ဝန်းကျင်အစုံစုံတွင်းရှိ ကိုဗစ်အခြေခံ စဉ်းစားဆင်ခြင်မှုက နယ်ပယ်အသီးသီးက ဦးဆောင်ဦးရွက်ပြုသူများကို လွှမ်းမိုးထား၏။ လူမှုအဖွဲ့အစည်းတစ်ခုလုံး၏ ကျင့်ကြံပြုမူမှု၊ စဉ်းစားတွေးခေါ်မှုတို့သည် ကိုဗစ်ဘောင်ခတ်သတ်မှတ်မှုအတွင်း၌ လှည့်လည်နေသည်ဟု ဆိုရမည်ထင်သည်။

ကမ္ဘာ့လူမှုအဖွဲ့အစည်း၏ စံနှုန်းသတ်မှတ်ပုံ၊ အနာဂတ် မျှော်မှန်းချက်၊ စစ်ရေးနှင့် နိုင်ငံရေးခေါင်းဆောင်မှုအမြင် အစစတို့သည် ယေဘုယျအားဖြင့် ပြောင်းလဲသွားနေ၏။

သွေ့ခြောက်သည့် လူမှုဝန်းကျင်က မရေရာသော အနာဂတ်ပုံရိပ်တို့ကိုသာ ပုံဖော်နေလေသည်။ လူသားဆိုသည်က လူမှုအဖွဲ့အစည်းနှင့် ထိစပ် ဆက်ဆံကူးလူးနေလိုသည့် သဘာဝရှိရကား အိမ်တွင်းအောင်းဖြစ်စဉ်က ပင်ကိုစိတ်ကို ဆန့်ကျင်နေသကဲ့သို့လည်း ရှိနေပြန်သည်။

ဥစ္စာခနေများစွာ ချမ်းသာပေါကြွယ်ဝကာ စီမံခန့်ခွဲမှုလည်း ကောင်းမွန်သည်ဟု နာမည်ကြီးလှသော နိုင်ငံကြီးများပင် အလူးအလဲခံနေရသည့်အချိန်တွင် မြန်မာနိုင်ငံက ကံတရား၏ မျက်နှာသာပေးမှုလည်းရှိ၊ ယနေ့ချိန်ထိ သင့်လျော်သော စီမံခန့်ခွဲမှုဆိုင်ရာ အချိန်မီဆောင်ရွက်နိုင်မှုတို့ကလည်း ရှိနေသည့် အားလျော်စွာ အတော်ထိန်းသိမ်းထားနိုင်သည့် အနေအထားဖြစ်ပါသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး စတင်တွေ့ရှိသည်မှာ တစ်လခန့် ကြာမြင့်ခဲ့ပြီဖြစ်ပြီး အိမ်တံခါးသော့ခတ်ကာ လူချင်းအဆက်အဆံ ဝေးဝေးထားနေရသည့် ကာလမှာလည်း နှစ်ပတ်ကြာလာသည့်အခါ ငြီးငွေ့မှု စိတ်အလိုမကျမှုတို့ရှိလာနေကြပြီ။ ထို့ထက်ပို၍ကား လူတို့၏ ပုံမှန်ဝင်ငွေကိစ္စနှင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ငန်းခွင် ပြန်လည်ဝင်နိုင်ရေးတို့ကလည်း မလွဲမသွေ စဉ်းစားစီစဉ်ရန် လိုအပ်နေပြီ။ နိုင်ငံနှင့် ချီ၍ စဉ်းစားရမည်ဖြစ်သော ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်မှု စီးပွားရေးလုပ်ငန်းများကို မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ကြမည်နည်း ဆိုသည်တို့ကလည်း ကိုဗစ်ဗိုင်းရပ်စ်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးနှင့်အတူ တစ်ပြိုင်နက်တည်း ပြင်ဆင်နေရမည်ပဲ ဖြစ်ပါသည်။

ချင့်ချိန်နှိုင်းဆစရာများစွာကို ဘက်စုံတွက်ချက်ကာ အစီအစဉ်များရေးဆွဲ ချမှတ်နေရချိန်လည်းဖြစ်၏။ ဤကိစ္စများ အားလုံးအတွက် အကောင်းဆုံးနမူနာများ စံများဟုလည်း ကျကျနနမရှိသေးသည်မှာ အသေအချာ။ ကမ္ဘာကြီးတစ်ခုလုံးက ပြင်ဆင်လုပ်ဆောင်နေသော်လည်း အားလုံးပြည့်စုံမှန်ကန်တိကျသည့် စံနမူနာတစ်ခုကို ပုံမဖော်နိုင်သေး။

ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေး၊ ကာကွယ်နိုင်ရေး၊ ကုသနိုင်ရေးတို့နှင့်အတူ တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံဆောင်ရွက်နိုင်ရေးတို့၏ အချိန်အဆကို နိုင်ငံတိုင်းက သူ့နည်းသူ့ဟန်ဖြင့် ကြိုးပမ်းရှာဖွေ အားထုတ်နေကြဆဲ။ မြန်မာနိုင်ငံသည်လည်း မိမိတို့နိုင်ငံ၏ အနေအထားနှင့် လိုက်လျောညီထွေဖြစ်သည့် စီမံဆောင်ရွက်နိုင်ရေးကို ချိန်ချိန်ဆဆဖြင့် ကြိုးပမ်းနေပါသည်။

မည်သို့ပင်ဖြစ်စေ လောကီလူ့ဘုံအတွက် အမြဲတမ်းမှန်ကန်နေမည့်အချက်ဖြစ်သော လူမှုအဖွဲ့အစည်း၏ ပြဿနာအဝဝကို လူတစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်မှုဖြင့်သာ ဖြေရှင်းနိုင်မည်ဟူသည်က ပဓာနကျနေပါလိမ့်မည်။ နိုင်ငံသားတစ်ဦးချင်းစီ၏ တာဝန်သိမှု၊ တာဝန်ကျေမှု၊ အသိဉာဏ်နှင့် ယှဉ်သော ပြုမူကျင့်ကြံမှုတို့ဖြင့်သာ နိုင်ငံတစ်ခုလုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုကို အောင်မြင်အောင် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံသားတစ်ဦးချင်းစီတို့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတို့က အခါအားလျော်စွာထုတ်ပြန်သည့် ကြေညာချက်များကို လိုက်နာခြင်း၊ လူစုလူဝေးကို ရှောင်ကြဉ်ခြင်း၊ အတတ်နိုင်ဆုံး အိမ်တွင်းတွင်သာ နေထိုင်ခြင်း၊ မဖြစ်မနေအပြင်ထွက်ရလျှင် မျက်နှာဖုံး နှာခေါင်းစွပ် တပ်ဆင်ခြင်း၊ မကြာခဏ စနစ်တကျလက်ဆေးခြင်း အစရှိသည့် အကျင့်အကြံ အပြုအမူတို့အားဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါရန်မှ ကင်းဝေးသည့် နိုင်ငံသားများအဖြစ် အဝေရာဟောန္တု ဘေးရန်အသီးသီးမှ ကင်းဝေးကြပါစေသတည်း။ ။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က)	မြန်မာ့စီးပွားရေးဘဏ်	- မြန်မာကျပ်ငွေစာရင်းအမှတ်	- CF 004880
		နိုင်ငံခြားငွေစာရင်းအမှတ်	- EDN 600010
(ခ)	ကမ္ဘောဇဘဏ်	- မြန်မာကျပ်ငွေစာရင်းအမှတ်	- 034 103 034 0232 8301
		နိုင်ငံခြားငွေစာရင်းအမှတ်	- 034 109 034 0232 8301
(ဂ)	ရောဝတီဘဏ်	- မြန်မာကျပ်ငွေစာရင်းအမှတ်	- A/C 000 110 501 002 5635
		နိုင်ငံခြားငွေစာရင်းအမှတ်	- A/C 000 110 503 000 0425
(ဃ)	CB ဘဏ်	- မြန်မာကျပ်ငွေစာရင်းအမှတ်	- 0093 1005 0000 1333
		နိုင်ငံခြားငွေစာရင်းအမှတ်	- 0093 1012 0000 2957

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ

လောက်ကိုင်မြို့နယ်တွင် သီးသန့်ထားစောင့်ကြည့်ရေးစခန်းများသို့ ဆန်အိတ် ၁၀၀ လာရောက်လှူဒါန်း

လောက်ကိုင် မေ ၂၂

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် သီးသန့်စောင့်ကြည့်ရေးစခန်းများတွင် ထားရှိသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများ စားသောက်နိုင်ရေးအတွက် ဆန်အိတ် ၁၀၀ အား နတလ (လူငယ်)ကျောင်းစောင့်ကြည့်ရေးစခန်း၌ ယမန်နေ့က လာရောက်လှူဒါန်းခဲ့သည်။ **(ယာပုံ)**

လောက်ကိုင်မြို့နယ်ရှိ သီးသန့်စောင့်ကြည့်ရေးစခန်းများတွင် မေ ၁၉ ရက်က နေရပ်ပြန် မြန်မာနိုင်ငံသား ၃၂၀ ဦး ၊ မေ ၂၀ ရက်က ရန်လုံကျိုင်းနယ်စပ်ဂိတ်နှင့် နမ့်ဖာဟော် နယ်စပ်ဂိတ်တို့မှ ပြန်လည်ဝင်ရောက်လာသူ ၁၃၅ ဦး ၊ ချင်းရွှေဟော်မြို့ သီးသန့်စောင့်ကြည့်ရေးစခန်းရှိ နေရပ်ပြန် မြန်မာနိုင်ငံသား ၂၂၆ ဦး စုစုပေါင်း လူဦးရေ ၆၈၂ ဦးတို့အတွက် လောက်ကိုင်မြို့ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဟူဝိန်စီး - ဒေါ်တွမ်ကော်ရှင်း မိသားစုက ငွေကျပ် ၅၃ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၀၀ ထောက်ပံ့လှူဒါန်းရာ မြို့နယ်ရန်ပုံငွေလက်ခံရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ထုတ်ပြန်

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မတ် ၂၅ ရက်တွင် အမိန့်အမှတ်(၂/၂၀၂၀)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်တွင် စီးပွားရေးလုပ်ငန်းများ (ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်) အကြားလွတ်လပ်၍ မျှတသောယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို တစ်ပြေးညီ တိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့် ရရှိစေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက် ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း။

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန် ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာယုံကြည်စေရန် အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(ဂ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေး လုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(င) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများ ရရှိဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများ ရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမဆို အထက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှုမရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခြင်းခံရမည်ဟုလည်း ဖော်ပြထားသည်။

သတင်းစဉ်

ပြည်သူသာလျှင် အဓိက

Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID– 19 ကာလတွင် စက်ရုံအလုပ်ရုံများ၊ အလုပ်သမားများ၏ အရေးကိစ္စများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေကြသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

- နိုင်ငံ၏အကျိုးကိုသာ အဓိကထားကြည့်မည်ဆိုပါက အလုပ်သမားများ၊ လုပ်ငန်းရှင်များနှင့် အစိုးရတို့ကြားတွင် ကွာခြားမှုရှိရန် အကြောင်းမရှိပါကြောင်း၊ မိမိတို့သည် ဦးတည်ချက်တူညီကြရမည်ဖြစ်၊
- နိုင်ငံတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံရေရှည်တည်တံ့ခိုင်မြဲမည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲစရာမလို၊

◆ *ရွှေဖုံးမှ*

ထို့နောက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က COVID– 19 ကာလ အလုပ်ရှင်၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ လုပ်သားများကျွမ်းကျင်မှုမြှင့်တင်ရေး၊ COVID– 19 ဆိုင်ရာထုတ်ပြန်ချက်၊ ညွှန်ကြားချက်များ လိုက်နာမှုရှိစေရေးနှင့် ဥပဒေချိုးဖောက်သူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြည်သစ်ညွန့်ဝေ(ခ) ဦးမောင်မောင်က COVID – 19 ကာလ အလုပ်သမားသမဂ္ဂများ၊ အလုပ်သမားများ COVID – 19 ဆိုင်ရာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရေး၊ COVID– 19 ကာလ အကျပ်အတည်းများနှင့် လူမှုစီးပွားရေး ပြဿနာများ၊ COVID– 19 ကြောင့် အလုပ်မှရပ်ဆိုင်းခံရခြင်း၊ ယာယီရပ်ဆိုင်းခံရခြင်း၊ အလုပ်ပိတ်သိမ်းသွားခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားကြသည့် အလုပ်သမားများအား ပံ့ပိုးကူညီနိုင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင် က အလုပ်ရှင်၊ အလုပ်သမားများနှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကျင်းပ၍ အခက်အခဲဖြေရှင်းဆောင်ရွက်မှုများ၊ Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Coronavirus Disease 2019 (COVID– 19) ဆိုင်ရာ ညွှန်ကြားချက်များ၊ အမိန့်ကြော်ငြာစာများ၊ ထုတ်ပြန်ချက်များကို စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ သိရှိလိုက်နာဆောင်ရွက်ရေးနှင့် ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထုတ်ပြန်သည့် ညွှန်ကြားချက်များကို ပိုမိုရှင်းလင်း တိကျရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ တရားဥပဒေသည် လူ့အသိုင်းအဝိုင်းတည်ငြိမ်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်ပါကြောင်း၊ အလုပ်သမားနှင့် အလုပ်ရှင်လက်တွဲ၍ မိမိနိုင်ငံ၊ မိမိအသိုင်းအဝိုင်းတိုးတက်မှုအတွက် ဆောင်ရွက်နိုင်သည့် အစိတ်အပိုင်းဖြစ်သည်ဟု ရှုမြင်ကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေကိုချိုးဖောက်လျှင် ဥပဒေအရ အရေးယူရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အလုပ်သမား၊ အလုပ်ရှင်နှင့် ပတ်ဝန်းကျင်လုံခြုံရေးအတွက် ဖြစ်ပါကြောင်း၊ တရားဥပဒေကို တိကျစွာလိုက်နာကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံ၏ စီးပွားရေးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုကို လိုအပ်ပါက ရင်းနှီးမြှုပ်နှံမည့်သူများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့်အခြေအနေဖြစ်ရန် ဖန်တီးပေးကြရမည် ဖြစ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံသူများသည် မိမိတို့နိုင်ငံအတွက် အကျိုးပြုမည့်သူများဖြစ်ရန် လိုအပ်ပါကြောင်း၊ နှစ်ဖက်စလုံး အကျိုးအမြတ်ရှိမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်း၊ အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးကို အလေးထားသည့်အလုပ်ရှင်များ ဖြစ်စေလိုပါကြောင်း၊ နိုင်ငံအကျိုး၊ ပြည်သူများ၏အကျိုး၊ အလုပ်သမားများ၏အကျိုးအတွက် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင် ညီညီညွတ်ညွတ် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

ပုံမှန်အခြေအနေပြန်ရောက်ရန် ပူးပေါင်းဆောင်ရွက်

Coronavirus Disease 2019 (COVID– 19) ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များကို မလိုက်နာသည့် စက်ရုံများကို လိုက်နာစေရန် ချက်ချင်းစုံစမ်းပြီး စည်းမျဉ်းစည်းကမ်းဥပဒေအရဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စက်ရုံများနှင့် ပတ်သက်၍ COVID– 19 ဆိုင်ရာ လုပ်ငန်းစဉ်များ စစ်ဆေးပြီးပါက စစ်ဆေးပြီးကြောင်း၊ ပြန်လည်လည်ပတ်နိုင်ပြီဖြစ်ကြောင်း လက်မှတ်ထုတ်ပေးခြင်းသည် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ တစ်ကြိမ်တစ်ခါစစ်ဆေးရုံဖြင့် မပြီးပါကြောင်း၊ COVID– 19 ရောဂါကို ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်သည်အထိ ပုံမှန်လည်ပတ်နိုင်သည်အထိ စစ်ဆေးသွားကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးသည် တစ်နိုင်ငံလုံး၏ ကျန်းမာရေးပင်ဖြစ်ပါကြောင်း၊ အားလုံးကို ခြုံငုံ၍ ကြည့်ရပါကြောင်း၊ အလုပ်သမားများ၊ ပြည်သူများ၏ ကျွမ်းကျင်မှုများကိုမြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

စက်ရုံတစ်ခုနှင့်တစ်ခုသည် အနေအထားများ မတူညီနိုင်ပါကြောင်း၊ စစ်ဆေးသည့်အခါ လက်ခံနိုင်သည့် အတိုင်းအတာများကို လက်ခံရမည်ဖြစ်ပါကြောင်း၊ အလုပ်သမားများအား ကျန်းမာရေးအသိပညာပေးကြရမည် ဖြစ်ပါကြောင်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်း ပြောကြားသည်။

ကျန်းမာရေးကို ပထမဆုံး ဂရုစိုက်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် နိုင်ငံ၏အကျိုးကိုသာ အဓိကထားကြည့်မည်ဆိုပါက အလုပ်သမားများ၊ လုပ်ငန်းရှင်များနှင့် အစိုးရတို့ကြားတွင် ကွာခြားမှုရှိရန် အကြောင်းမရှိပါကြောင်း၊ မိမိတို့သည် ဦးတည်ချက် တူညီကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ နိုင်ငံရေရှည်တည်တံ့ ခိုင်မြဲမည့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမည်ဆိုပါက တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲစရာမလိုပါကြောင်း၊ ပြဿနာရှိမည်ဆိုပါက ရင်ဆိုင်ကျော်လွှားသွားကြရမည် ဖြစ်ပါကြောင်း၊ အားလုံးသည် ပြည်သူများဖြစ်သည်ဆိုသည့် စိတ်ဓာတ်ထားရှိကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ လိုအပ်ချက်များကို ဆွေးနွေးပေးကြသည်ကို သေချာစွာ မှတ်သားပြီး ချက်ချင်းဖြေရှင်းပေးနိုင်မည့်ကိစ္စရပ်များကို ချက်ချင်းဖြေရှင်းပေးသွားမည် ဖြစ်ပါကြောင်း၊ အချိန်ယူရမည့်ကိစ္စရပ်များအတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်သည်ကို သည်းခံပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ယခုဆိုလျှင် မိမိတို့ နိုင်ငံတွင် COVID– 19 ရောဂါပိုးဝင်လူနာတစ်ဦးကို တွေ့ရှိသည်မှာ ဧပြီ ၂၃ ရက်က ၁ လ ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားမှုသည် ရန်ကုန်တွင် အဓိကအများဆုံး ဖြစ်ပွားနေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ နယ်စပ်မှ ပြန်လည်ဝင်ရောက်လာသူများ၏ ကျန်းမာရေးကိုလည်း အထူးစိုးရိမ်ရပါကြောင်း၊ အဆိုပါ ကိစ္စရပ်များအတွက် နိုင်ငံတော်မှ အဆင်သင့် ဆောင်ရွက်ထားပါကြောင်း၊ အလုပ်သမားအသိုက်အဝန်းများအနေဖြင့်လည်း ဝိုင်းဝန်းကူညီပေးစေလိုပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအနေဖြင့် ကျန်းမာရေးဂရုစိုက်ခြင်းကို ပထမဆုံးဂရုစိုက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဆိုပါ အလုပ်သမားများ၏ ဝမ်းစာရေး၊ ကျွမ်းကျင်မှုများ မြှင့်တင်ရေး၊ ရေရှည်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းစဉ်းစားကြရန် လိုအပ်သည့်အတွက် COVID– 19 ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်များကို COVID– 19 အလွန်ကာလများအထိ ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ဆေးရုံကြီး၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြင်ဆင်ထားမှုနှင့် ကျည်ထိဒဏ်ရာရပြည်သူများအား သွားရောက်ကြည့်ရှုထောက်ပံ့

စစ်တွေ မေ ၂၂

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့ညနေ ၄ နာရီတွင် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြင်ဆင်ထားရှိမှုနှင့် ကျည်ထိဒဏ်ရာရပြည်သူများအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဝင်ဝတွင် ရွှေရောင်မေတ္တာဖောင်ဒေးရှင်း လူမှုကူညီရေးအသင်းမှ ဆေးရုံကြီးသို့ လာရောက်ကြသူများအား ကိုဗစ် - ၁၉ ရောဂါနှင့် ပတ်သက်ပြီး အသိပညာပေးခြင်း၊ လက်ဆေးပြီးဆေးရုံအတွင်းသို့ ဝင်ရောက်စေခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ဆေးရုံအတွင်းသို့ ဝင်ရောက်ရန် အသိပညာပေးခြင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေဆေးရုံကြီး၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန် သီးသန့်လူနာဆောင် အမျိုးသား၊ အမျိုးသမီး လူနာ ၄၀ အတွက် ပြင်ဆင်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေဆေးရုံကြီး၌ ပုဏ္ဏားကျွန်းမြို့၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်များမှ ဒဏ်ရာရလူနာများနှင့် ကိုဗစ် - ၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများကို ရန်ကုန်သို့ ပို့ဆောင်ရန်သွားရောက်စဉ် ထိခိုက်ဒဏ်ရာရရှိသူ ကျန်းမာရေးကြီးကြပ် (၂) တို့အား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်တစ်သိန်းစီ ပေးအပ်သည်။ **(အပေါ်ပုံ)**

စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကိုဗစ် – ၁၉ သံသယလူနာပို့ဆောင်သည့်လမ်းကြောင်းနှင့် သာမန်လူနာများ ပို့ဆောင်သည့်လမ်းကြောင်းများ ခွဲခြားထားပြီး သီးသန့်လူနာဆောင်မှာ အပေါ်ထပ်၊ အောက်ထပ် နှစ်ထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

အောက်ထပ်တွင် လူနာ ၂၀ နှင့် အပေါ်ထပ်တွင် ၂၀ ကုသနိုင်ရန်နေရာ ပြင်ဆင်ထားပြီး အောက်ထပ်တွင် ဖြစ်နိုင်ခြေများသည့် သံသယလူနာများကို ဓာတ်ခွဲအဖြေများပို့ပြီးမှ ပိုးတွေ့လူနာများကို အပေါ်ထပ်တွင် ထားမည်ဖြစ်သည်။

ယင်းအဆောင်တွင် ဆရာဝန်၊ ဆရာမများအတွက် တာဝန်ကျအခန်းများကို သီးသန့်ထားမည်ဖြစ်၍ ရောဂါကာကွယ်ရေးဝတ်စုံဝတ်မည့်အခန်း၊ ချွတ်မည့်အခန်းများကိုလည်း ပြင်ဆင်ထားသည်။ ထို့အပြင် လူနာနှင့် တာဝန်ကျသည့် ဝန်ထမ်းများနှင့် အခန်းခွဲထားကာ လူနာများနှင့် ဆရာဝန်၊ ဆရာမများ ထိတွေ့မှုမရှိနိုင်အောင် ပြင်ဆင် ထားသည်။

စစ်တွေဆေးရုံကြီးတွင် လက်ရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၁၅၀၀၊ အောက်ဆီဂျင်ဆလင်ဒါဖြည့်ပြီးသား အလုံး ၁၀၀၊ အောက်ဆီဂျင်ပေးစက် ၁၅ လုံးဖြင့် အသင့်စီစဉ်ထားပြီး ကိုဗစ်လူနာများ ရောဂါပြင်းပြင်းထန်ထန် ဖြစ်လာလျှင် အသက်ရှူစက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကပေးသည့် စက်တစ်လုံးနှင့် အလှူရှင်များက လှူဒါန်းထားသည့် စက်နှစ်လုံး စုစုပေါင်း အသက်ရှူစက် သုံးလုံးရှိသည်။

ထိုစက်များကို အပေါ်ထပ်၊ အောက်ထပ် ရွှေ့ပြောင်းနိုင်အောင် စီစဉ်ထားပြီး ဆရာဝန်၊ ဆရာမများအတွက် စောင့်ကြပ်ကြည့်ရှုရမည့် အခြေအနေရောက်လာပါက သီးသန့်စောင့်ကြည့်နိုင်ရန် ဝန်ထမ်း ၂၀ ခန့်အတွက် ယခင်မျက်စိဆောင်အဟောင်းတွင် သီးသန့်စောင့်ကြည့်ရန် စီစဉ်ထားသည်။

ထို့အပြင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရန်အတွက် အသင့်အနေအထားတွင် ဖြစ်နိုင်ရန် Fever corner နှင့် သီးသန့်ခန်းများမှာ ဆရာဝန် ခြောက်ဦး၊ ဆရာမ ၁၅ ဦးနှင့် သန့်ရှင်းရေးဝန်ထမ်း လေးဦး တာဝန်ချထားကာ ဆရာဝန်၊ ဆရာမ ၂၅ ဦးခန့်ကို အလှည့်ကျတာဝန်ချထားသည့် စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်လွင်ထံမှ သိရသည်။

တင်ထွန်း(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေး

မန္တလေး မေ ၂၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အငြိမ်းစားဝန်ထမ်းများနှင့် မိသားစုပင်စင်ခံစားသူများ၏ မေလအတွက် ပင်စင်လစာငွေများ ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှအငြိမ်းစားဝန်ထမ်းများ၊ မိသားစုပင်စင်ခံစားသူများကို ပင်စင်လစာငွေထုတ်ပေးရာတွင် ဘဏ္ဍာရေးဌာနဒုတိယဌာနမှူး ဒေါ်မော်လီစန်းနှင့် ဝန်ထမ်းများက စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ရှေးဦးစွာ အငြိမ်းစားဝန်ထမ်းများ၊ မိသားစုပင်စင်ခံစားသူများကို ငွေထုတ်ပေးရာ အခန်းအဝင်ဝ၌ နှာခေါင်းစည်းများ တပ်ဆင်လာစေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ထိုင်ခုံဖြင့် နေရာချထားပေးခြင်း၊ စိစစ်ရေးလက်မှတ်တင်ပြခြင်း၊ ကော်မတီမှ ထုတ်ပေးသည့် တစ်ဦးလျှင် နှာခေါင်းစည်း ၁၀ ခုပါ တစ်ထုပ်နှင့် ပင်စင်လစာငွေများ ထုတ်ပေးခြင်း၊ ပင်စင်ထုတ်ယူသူများကို Mandalay Smart Pay Account ဖွင့်ပေးခြင်းအတွက် ရတနာပုံဘဏ်ဝန်ထမ်းများက ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ရတနာပုံဘဏ် တာဝန်ရှိသူတစ်ဦးက ပင်စင်လစာကို Smart Pay ဖြင့် ထုတ်ယူခြင်းဖြင့် အခွန်အခများ ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း၊ ငွေလွှဲပြောင်းခြင်းတို့ကို ငွေသားကိုင်ဆောင်စရာမလိုဘဲ အလွယ်တကူ ရယူပေးဆောင်နိုင်ခြင်းကြောင့် ယနေ့ဖြစ်ပေါ်နေသော ကိုဗစ် – ၁၉ နှင့် အခြားကူးစက်တတ်သောရောဂါများ အန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်ကြောင်း ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အငြိမ်းစားဝန်ထမ်းများနှင့် မိသားစုပင်စင်ခံစားသူ ၈၅၁ ဦးရှိပြီး ပင်စင်လစာငွေများကို မေ ၂၂ ရက်မှ ၃၀ ရက်အထိ ထုတ်ပေးမည်ဖြစ်ကာ ထုတ်ယူရန်ကျန်ရှိသူများကို မေလအတွင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၂၂

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်–၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ (၄) ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် (၁၇) ဦး၊ စုစုပေါင်း (၆၀) ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် မေ ၂၂

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ထူးခြားသည့်နေ့ အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ တောင်တွင်းကြီးမြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့၊ ရမည်းသင်းမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)

နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ဝယ်ယူရန်အတွက် ငွေကျပ် ၃၈ ဘီလီယံ ခွင့်ပြုချက်ရရှိ

နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှုအဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၂

နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်လုပ်ငန်းရှင်များအကြား Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုနှုန်း မြင့်တက်လာပါက အရန်ရိက္ခာဝယ်ယူရေးကိစ္စကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ဝယ်ယူရန်အတွက် ငွေကျပ် ၃၈ ဘီလီယံ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း၊ အရေးပေါ်ရိက္ခာအဖြစ် အဓိကကျသည့် ဆန်နှင့် ဆီကို ဝယ်ယူရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်ရှိသည့် ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များအနေဖြင့်လည်း လိုအပ်သည့် အကြံပြုချက်များရရှိရန်အတွက် တိုင်ပင်ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ အခြေခံလူတန်းစားများသို့ ကုန်စည်ဖြန့်ဖြူးရာတွင် အဆင်ပြေချောမွေ့စေရေး၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုလျော့နည်းစေရေး၊ ကုန်စည်စီးဆင်းရာလမ်းကြောင်းတစ်လျှောက် အဆင်ပြေချောမွေ့စေရေး၊ အရန်ရိက္ခာ ဝယ်ယူစုဆောင်းရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်းနှင့် ဆောင်ရွက်သင့်သည့် အကြံပြုချက်များကိုလည်း ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

နိုင်ငံတော်အရန်ရိက္ခာများ ဝယ်ယူစုဆောင်းရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အရန်ရိက္ခာဝယ်ယူမည့်ကိစ္စရပ်များ၊ ဝယ်ယူမည့်ဈေးနှုန်းနှင့် အရည်အသွေးသတ်မှတ်ချက်များ၊ ထားရှိသိုလှောင်မည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဆန်စပါးကုန်သည်များအသင်း၊ ကထိန်တော်အသင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင် သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းအခက်အခဲများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု (ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည် -

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်သည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့သည်။

အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည် ဖြစ်သည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်သည့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅) မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်)အကျဉ်းချုပ် ရေးသားဖော်ပြရမည်ဖြစ်သည်။

အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို **၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း သိရှိရသည်။

သတင်းစဉ်

ဆေးရုံ၊ ဆေးခန်းမှ စွန့်ပစ်ပစ္စည်းများအန္တရာယ်

ဖေနှင်းငွေ

ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်း၌ ကူးစက်တတ်သောရောဂါများသည် ကူးစက်မှုပုံစံအမျိုးမျိုးတို့ဖြင့် လူအချင်းချင်းသော်လည်းကောင်း၊ လူမှတိရစ္ဆာန်၊ တိရစ္ဆာန်မှ လူကိုသော်လည်းကောင်း ကူးစက်ပျံ့နှံ့နေကြပါသည်။ အကြောင်းများစွာအနက်အချို့မှာ ကူးစက်ခံထားရသူများ အသုံးပြုပြီးသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်၊ Intuition Set စသည်တို့ကို အခြားသူများ ထပ်မံသုံးစွဲမိ၍ ဖြစ်စေ၊ အဆိုပါပစ္စည်းများကို သန့်ရှင်းဖယ်ရှားရာမှ ထိရှပေါက်ပြဲ၍ သွေးထွက်သွားသည်မှဖြစ်စေ အခြားသူများသို့ ကူးစက်တတ်ပါသည်။

ဆေးရုံ၊ ဆေးခန်းသုံး စွန့်ပစ်အမှိုက်ဆိုသည်မှာ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ အသင်းအဖွဲ့ပိုင်ဆေးရုံများ၊ ဆေးကုသခန်းများနှင့် ဆေးပေးခန်းများမှ အသုံးမလိုတော့၍ ဖြစ်စေ၊ အသုံးပြုပြီးသွား၍ ဖြစ်စေ စွန့်ပစ်လိုက်သော ပစ္စည်းများကို ဆိုလိုပါသည်။ ထိုသို့သော ကျန်းမာရေးစောင့်ရှောက်မှုနေရာဌာနများမှ ထွက်လာသည့် စွန့်ပစ်ပစ္စည်းများအား ကိုင်တွယ်ခြင်းနှင့် စွန့်ပစ်ခြင်းသည် ပြည်သူလူထုအတွင်း ကူးစက်ရောဂါပြဿနာများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပွားစေရေးအတွက် လွန်စွာအရေးကြီးပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်း မရှိလျှင် ကျန်းမာရေးဝန်ထမ်းများနှင့် စွန့်ပစ်ပစ္စည်းကိုင်တွယ်သူများအားလုံးတွင် ချွန်ထက်သောစွန့်ပစ်ပစ္စည်းများကြောင့် ဒဏ်ရာအနာတရများရရှိခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုဌာနများ အပြင်ဘက်ရှိ စွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်ရသူများ၊ အမှိုက်ကောက်သူများမှတစ်ဆင့် လူထုထံသို့ ရောဂါကူးစက်နိုင်ခြင်းနှင့် ပဋိဇီဝဆေးယဉ်ပါးမှု ပျံ့နှံ့နိုင်သည့် အန္တရာယ်များခံစားရနိုင်ခြင်း၊ နေရာအဆင့်ဆင့်ရှိ စွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်သူများအတွက် ဘေးဖြစ်စေသည့် ဓာတုပစ္စည်းများ၊ ဆေးဝါးများနှင့် ဆက်စပ်လျက်ရှိသည့် အန္တရာယ်များ ဖြစ်ပေါ်ခံစားရနိုင်ပါသည်။

စွန့်ပစ်အမှိုက်ခွဲခြားစွန့်ပစ်မှု။

စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲခြင်း

ထို့ကြောင့် ဆေးကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျနှင့် လုံခြုံစွာ စီမံခန့်ခွဲခြင်းသည် လူထုကျန်းမာရေးအတွက် လွန်စွာမှပင် အရေးကြီးပါသည်။ အစိုင်အခဲစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုကို ပြည့်စုံထိရောက်စွာ ဆောင်ရွက်နိုင်ရန် စွန့်ပစ်ပစ္စည်းထုတ်လွှတ်သည့် နေရာများကို ဂရုတစိုက်ကြည့်ရှုခြင်း၊ စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြားထားခြင်း၊ ကုတ်များဖြင့် မှတ်သားခြင်း၊ သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကြိုတင်ပိုးသတ်ထားခြင်း စသည်ဖြင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်သက်ဆက်နွှယ်သူများအပါအဝင်လူ့အဖွဲ့အစည်းအတွင်း ကျန်းမာရေးဗဟုသုတများ မြှင့်တင်ပေးခြင်းကို အလေးထား၍ ဆောင်ရွက်ရမည် ဖြစ်သည်။

ပုံမှန်အားဖြင့် ဆေးရုံ၊ ဆေးခန်းမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းအမျိုးအစားများမှာ အန္တရာယ်မရှိသော ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းများ (သို့မဟုတ်) ကူးစက်နိုင်သော ပိုးမွှားများ မပါဝင်သည့် သာမန်အိမ်သုံးပစ္စည်းများဖြစ်သည့် အစားအစာအကြွင်းအကျန်များ၊ စက္ကူ၊ ကတ်ထူစက္ကူနှင့် ပလတ်စတစ်ပါကင်စများ။ ရောဂါပိုးမွှား ကူးစက်နိုင်သည့် ပစ္စည်းများပါဝင်သည့် ဆေးနှင့် ဆေးကုသမှုလုပ်ငန်းသုံးပစ္စည်းများ။ တစ်ခါသုံး ဆေးထိုးပြွန်နှင့် ဆေးထိုးအပ်များ၊ ချွန်ထက်သောအရာများ၊ ရက်လွန်ဆေးဝါးများ (သို့မဟုတ်) မကုန်သေးသော ရက်လွန်ဆေးအရည်များတွင်ပါဝင်သည့် ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဓာတုစွန့်ပစ်ပစ္စည်းများ၊ လုပ်ငန်းခွင်အတွင်း ဝတ်ဆင်အသုံးပြုရသည့် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်း (PPE) ဝတ်စုံများ၊ လက်အိတ်၊ နှာခေါင်းစည်း၊ surgical cap တို့ ဖြစ်ကြသည်။

အဆိုပါ စွန့်ပစ်ပစ္စည်းများသည် ဆေးရုံ၊ ဆေးခန်း အဆောက်အအုံအတွင်း၌ဖြစ်စေ၊ အဆောက်အအုံ၏ ပြင်ပ၌ဖြစ်စေထိတွေ့ရသော လူသားအားလုံးတို့အတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ပါသည်။ အဓိကအန္တရာယ်ရှိသည့် အုပ်စုများမှာ ကျန်းမာရေးစောင့်ရှောက်သူများ ဖြစ်ကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ အခြားသော ဆေးကုသမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လူနာများနှင့် လူနာစောင့်များ၊ လူနာထံသတင်းမေးလာကြသူများ၊ အမှိုက်ကောက်သူများနှင့် အနီးအနားတွင်ရှိသော လူထုအပါအဝင်အမှိုက်ပုံ၊ အမှိုက်မီးရှို့စက်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသူများပင် ဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းသုံး စွန့်ပစ်ပစ္စည်းကို စနစ်တကျ စီမံခန့်ခွဲကာ မစွန့်ပစ်နိုင်ခြင်းကြောင့် ပြည်သူလူထု အနေဖြင့် ကာလဝမ်းရောဂါ၊ တီဘီရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ Human Virus နှင့် လိင်မှတစ်ဆင့် ကူးစက်သည့် အခြားရောဂါများလည်း ကူးစက်ခံစားရနိုင်ပါသည်။

အန္တရာယ်ဖြစ်၊ ရောဂါကူးနိုင်သောစွန့်ပစ်ပစ္စည်းများ

အန္တရာယ်ရှိသော ဆေးခန်း၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများမှာ အရည်နှင့် အစိုင်အခဲပုံစံများဖြစ်သည့် သွေး၊ သားငံရည်၊ အချင်းအစိတ်အပိုင်း၊ အူအတက်အစ၊ ဇီဝဓာတုစမ်းသပ်ပစ္စည်းများ၊ ခြင်ထောင်ဆေးစိမ် ဆေးပြားမှ စွန့်ပစ်ပစ္စည်းများ၊ ရောဂါရှာဖွေ စမ်းသပ်သည့်ပစ္စည်း(Test Kits) များ၊ အသုံးပြုပြီးသော ဆေးထိုးအပ်၊ ဆေးထိုးပြွန်၊ သွေးသွင်းပိုက်နှင့်သွေးအိတ်များ စသည်တို့ဖြစ်သည်။

ရောဂါကူးစက်နိုင်သော စွန့်ပစ်ပစ္စည်းများနှင့် ရောဂါပိုးမွှားများသည် လူ့ခန္ဓာကိုယ်တွင်းသို့ အရေပြားတွင် ပေါက်ပြဲခြင်း၊ ပွန်းပဲ့ခြင်း၊ထိခိုက်ရှမိခြင်းတို့မှလည်းကောင်း၊ အသက်ရှူသွင်းရာမှလည်းကောင်း၊ အစားအသောက်များမှလည်းကောင်း စသည့်လမ်းကြောင်းပေါင်းစုံမှ ဝင်ရောက်နိုင်ပါသည်။ ထို့ပြင် ဆေးရုံ၊ ဆေးခန်းများတွင် ပဋိဇီဝဆေးနှင့် ပိုးသတ်ဆေးများကို ခံနိုင်ရည်ရှိသော ဗက်တီးရီးယားပိုးမွှားများရှိနေခြင်းသည် ကောင်းမွန်စွာစီမံခန့်ခွဲမှုမရှိသည့်စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်နေရသည့် ပြဿနာ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ထို့ပြင် ချွန်ထက်သော စွန့်ပစ်ပစ္စည်းများသည် ထိခိုက်ရှနာဖြစ်စေသည်သာမက ၎င်းတို့သည် ပိုးမွှားများနှင့် ထိတွေ့ထား၍ ဒဏ်ရာများမှတစ်ဆင့် ရောဂါပိုးကူးစက်နိုင်ပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင် ချွန်ထက်သော အရာများကြောင့် ဒဏ်ရာရခြင်းသည် အများဆုံးဖြစ်သည်။ ယင်းဒဏ်ရာများသည် HIV၊ HBV၊ HCV စသည့် အန္တရာယ်ရှိသော ရောဂါများကူးစက်ရာ အဓိကလမ်းကြောင်းလည်း ဖြစ်သည်။

ကျန်းမာရေးဝန်ဆောင်မှုများမှထွက်သော စွန့်ပစ်ပစ္စည်းများကို ကူးစက်စေနိုင်သော စွန့်ပစ်ပစ္စည်းများ၊ ဓာတုစွန့်ပစ်ပစ္စည်းများနှင့် အထွေထွေစွန့်ပစ်ပစ္စည်းများဟူ၍ ခွဲခြားထားပါသည်။ ကူးစက်စေနိုင်သော စွန့်ပစ်ပစ္စည်းများကို အုပ်စုလေးစု ထပ်မံခွဲခြားထားပါသည်။

ပထမအုပ်စုတွင် ချွန်ထက်သောအရာများဖြစ်သည့် အပ်များ၊ဆေးထိုးပြွန်များ၊ ခွဲစိတ်ဓားများ၊ သံများ၊ ဘရိတ်ဓားများ၊ မှန်ကွဲစများနှင့် အခြားချွန်ထက်သောအရာများ အပါအဝင် ထိခိုက်ရှမိနိုင်သော စွန့်ပစ်ပစ္စည်းများ ပါဝင်သည်။ ဒုတိယအုပ်စုတွင် ချွန်ထက်မှုမရှိသော်လည်း ရောဂါပိုးကူးစက်နိုင်သည့် စွန့်ပစ်ပစ္စည်းများဖြစ်သည့် သွေး၊ ခန္ဓာကိုယ်အရည်များနှင့် ခွဲစိတ်ခန်းများမှထွက်လာသည့် ပစ္စည်းများနှင့် ထိတွေ့ထားသည့် စွန့်ပစ်ပစ္စည်းများ ပါဝင်သည်။

တတိယအုပ်စုတွင် ကူးစက်စေနူန်းမြင့်မားသော သေဆုံးပြီးနောက် ခွဲစိတ်စစ်ဆေးခြင်း၊ ထိုသို့ခွဲစိတ်စစ်ဆေးရာတွင်အသုံးပြုသည့် ကိရိယာများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းတို့ပါဝင်သည်။ စတုတ္ထအုပ်စုတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများ ၊ အသားစများ၊ အချင်းစများ၊ သန္ဓေသားလောင်းနှင့် တိရစ္ဆာန်အသေကောင်များ ပါဝင်သည်။

ဓာတုပစ္စည်းများတွင်မူ ရက်လွန်ဆေးဝါးများ၊ အရည်အသွေးမပြည့်မီသော ဆေးဝါးများ၊ မလိုအပ်တော့သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုမှ ထွက်ရှိသည့် ဘေးဖြစ်သောဓာတုပစ္စည်းများ ပါဝင်သည်။ ဘေးဖြစ်သောအရာများမပါဝင်သည့် အထွေထွေစွန့်ပစ်ပစ္စည်းများတွင် ပြန်လည်အသုံးပြု၍မရသော စွန့်ပစ်ပစ္စည်းများနှင့် ပြန်လည်အသုံးပြု၍ရသော စွန့်ပစ်ပစ္စည်းများပါဝင်သည်။

စံနှုန်းများနှင့်အညီ စွန့်ပစ်မှု

ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသည့် စံနှုန်းများနှင့် ညီညွတ်သော စွန့်ပစ်အိတ်များနှင့်သာ စွန့်ပစ် ရမည်ဖြစ်ပါသည်။ အိတ်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လက်ရှိအသုံးပြုနေသော Hospital Waste Management and Hospital Infection Control Guidelines များ အရ သတ်မှတ်ထားသော ကာလာများ (အဝါ၊ အနီ၊ အမည်း၊ အစိမ်း) ဖြစ်ရပါမည်။

စွန့်ပစ်ပစ္စည်းထည့်အိတ်များသည် အရောင်ခွဲခြားမှုစနစ် သတ်မှတ်ချက်များနှင့် ကိုက်ညီစွာ နည်းလမ်းမှန်မှန်ကန်ကန် အသုံးပြုကြရမည်ဖြစ်သည်။ ရောဂါပိုးကူးစက်မှုနှင့် အန္တရာယ်ရှိသော ပြတ်ရှစွန့်ပစ်ပစ္စည်းများအတွက် သတ်မှတ်ထားသော စွန့်ပစ်အမှိုက်အိတ်အရောင်သည် အဝါရောင်ဖြစ်သည်။ အထွေထွေစွန့်ပစ်အမှိုက်စိုများအတွက် အမည်းရောင်ဖြစ်၍ အမှိုက်ခြောက်များအတွက် အစိမ်းရောင်ဖြစ်သည်။ ရောဂါပိုးအထူးကူးစက်မှုအန္တရာယ်ရှိသောသွေးပုလင်း၊ သွေးအိတ်များနှင့် သွေးသွင်းစွန့်ပစ်ပစ္စည်းများအတွက် အနီရောင်ဖြစ်သည်။

ချွန်ထက်သော ပစ္စည်းများထည့်သော ပုံးများ၏နံရံနှင့် အောက်ခြေအထိုင်များသည် အလွယ်တကူ ထိုးဖောက်၍ မရစေရ။ အလွယ်တကူ ယိုစိမ့်မှုမရှိစေရ။ ပုံး၏ အဖုံးသည် အလွယ်တကူ အဖွင့်အပိတ် ပြုလုပ်နိုင်ရမည်။ ပုံးအဝသည် သင့်လျော်သော ကျယ်ဝန်းမှုရှိရပါမည်။ ပုံး၏အရောင်သည် အဝါရောင်သာဖြစ်၍ "ချွန်ထက်သော အရာများအတွက်သာ ဖြစ်သည်" ဟူသော စာတန်းပါရှိရမည် ဖြစ်ပါသည်။ ပုံးတွင် လက်ကိုင်ပါရမည် (သို့မဟုတ်) သယ်ဆောင်နေစဉ် ချွန်ထက်သောအရာများ ထွက်မကျစေရန်အတွက် ကျနစွာ အလုံပိတ်နိုင်ရမည်ဖြစ်သည်။

ထို့ပြင် စွန့်ပစ်အမှိုက်များ သိုလှောင်ရာနေရာများသည် အစားအသောက်ပြင်ဆင်သည့်နေရာများ၊ လူထူထပ်သည့် နေရာများ၊ လူသွားလမ်းများနှင့် ဝေးကွာရမည်ဖြစ်သည်။ တိရစ္ဆာန်များ၊ တွင်းအောင်းသတ္တဝါများနှင့် မသက်ဆိုင်သူများ လာရောက်ခြင်းမှကာကွယ်ရန်အတွက် အမိုး၊ တံခါးနှင့် သော့ရှိရမည်။ ရေစီးရေလာစနစ်၊ ရေစိမ့်မှုမရှိသောနံရံ၊ ကြမ်းခင်းများနှင့် တည်ဆောက်ထားရမည်။ လေဝင်လေထွက် ကောင်းမွန်ရမည်။ ချွန်ထက်သောပစ္စည်းများ သိုလောင်မည့်နေရာသည် သိပ်သည်းဆမြင့်သော ပလတ်စတစ်ဖြင့် ပြုလုပ်ထားပြီး ထူထဲခိုင်ခံ့သော နံရံဖြစ်ရမည်။ ပုံး၏ အပြင်ဘက်တွင်ဇီဝအန္တရာယ် သင်္ကေတအမှတ်အသားပါရှိရမည် ဖြစ်သည်။

မတူညီသော စွန့်ပစ်ပစ္စည်းများကို သီးသန့်သိမ်းထား၍ စံသိုလှောင်ရေးပစ္စည်းကိရိယာတွင် သိုလှောင်ရမည်။ သိုလှောင်ချိန်သည် ၄၈ နာရီထက်မပိုရပါ။ ခန္ဓာကိုယ်အစိတ်အပိုင်းစွန့်ပစ်ပစ္စည်းများကို နေ့စဉ်ပုံမှန်စွန့်ပစ်ရမည်။ သိုလှောင်သည့်နေရာနှင့် ကိရိယာများကို ပိုးသတ်ထားရပါမည်။

စွန့်ပစ်ပစ္စည်းဖျက်ဆီးမှု

ဆေးရုံ၊ ဆေးခန်းသုံးစွန့်ပစ်ပစ္စည်း အမျိုးအစားအတော်များများအတွက် မီးရှို့သည့်စနစ်သည် အကောင်းဆုံးဖြစ်သော်လည်း အချို့သောစွန့်ပစ်ပစ္စည်းများသည် မီးမရှို့သော နည်းပညာဖြင့် လုံလောက်ပါသည်။ ရေနွေးငွေ့၊ Microwave သို့မဟုတ် ဓာတုပစ္စည်းများဖြင့် ပိုးသတ်ခြင်းသည် ကူးစက်စေနိုင်သည့် စွန့်ပစ်ပစ္စည်းအများစုအတွက် သင့်လျော်သည်။ သို့သော် ခန္ဓာကိုယ်အစိတ်အပိုင်း စွန့်ပစ်ပစ္စည်း၊ ချွန်ထက်သော စွန့်ပစ်ပစ္စည်းနှင့် ဓာတုပစ္စည်းများအတွက်မူ မသင့်လျော်ပါ။ ဓာတ်ပြယ်စေခြင်းသည် ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများအတွက်သာ ဖြစ်သည်။

သို့ပါ၍ လူမှုစီးပွားအခြေအနေများနှင့် ရရှိနိုင်သော နည်းပညာ၊ အထောက်အပံ့ပစ္စည်းများမူတည်၍ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဝန်ဆောင်မှုဌာနများသည် အခြေအနေနှင့် အသင့်လျော်ဆုံး၊ လူထုအတွက် အန္တရာယ်အကင်းဆုံး၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးသော နည်းပညာများကိုသာ ရွေးချယ်အသုံးပြုသင့်ပါသည်။ ထို့ပြင် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်မှလည်း ဆေးရုံ၊ ဆေးခန်းသုံး စွန့်ပစ်ပစ္စည်းများအားစနစ်တကျ စွန့်ပစ်ခြင်းနှင့် ပတ်သက်၍ ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုအန္တရာယ်များ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် အမြဲမပြတ် စောင့်ကြည့်ကြပ်မတ် အလေးထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **"စွန့်ပစ်ပစ္စည်းများသည် ဆေးရုံ၊ ဆေးခန်းအဆောက်အအုံအတွင်း၌ဖြစ်စေ၊ အဆောက်အအုံ၏ ပြင်ပ၌ဖြစ်စေ ထိတွေ့ရသော လူသားအားလုံးတို့အတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်ပါသည်။ အဓိကအန္တရာယ်ရှိသည့် အုပ်စုများမှာ ကျန်းမာရေးစောင့်ရှောက်သူများဖြစ်ကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ အခြားသော ဆေးကုသမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ လူနာများနှင့် လူနာစောင့်များ၊ လူနာထံသတင်းမေးလာကြသူများ၊ အမှိုက်ကောက်သူများနှင့် အနီးအနားတွင်ရှိသော လူထုအပါအဝင် အမှိုက်ပုံ၊ အမှိုက်မီးရှို့စက်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသူများပင် ဖြစ်"**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် စစ်ကိုင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်တုံ့ပြန်ရေးအတွက် ကန့်သတ်စောင့်ကြည့်ထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေး

စစ်ကိုင်း ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများသည် ဧပြီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက စစ်ကိုင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တုံ့ပြန်ရေးအတွက် ၂၁ ရက်စောင့်ကြည့်ခံသူများ ထားရှိမည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်းတက္ကသိုလ်နှင့် စစ်ကိုင်းမြို့ အနှစ် (၇၀၀) အားကစားကွင်းတို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်တုံ့ပြန်ရေးအတွက် ၂၁ ရက် စောင့်ကြည့်ခံသူများအား ထားရှိမည့် သတ်မှတ်နေရာများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက နေရာစီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ကျန်းမာရေးဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်း (ခရိုင်ပြန်/ဆက်)

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ထပ်မံဖွင့်လှစ်မည့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရယူ

ဘားအံ ဧပြီ ၂၂

ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထပ်မံဖွင့်လှစ်မည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေး စခန်းများအတွက် ဧပြီ ၂၂ ရက် နံနက်ပိုင်းက ဖွဲ့ကပင်ခန်းမ၌ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် Telecom International Myanmar Co.,Ltd (Mytel) , Kayin Branch မှ Branchm Director Mr.Ngo Van Dung က နှာခေါင်းစည်း ၅၀၀၀၊ ရေပုံး ၂၀၀၀၊ မျက်နှာသုတ်ပဝါ ၂၀၀၀၊ Mytel ဆင်းကတ် ၁၂၀၀၀ ကိုလည်းကောင်း၊ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းနှင့် တရားလွှတ်တော် တရားသူကြီး ဦးသိန်းကိုကိုတို့က ကရင်ပြည်နယ်တရားရေးမိသားစုများက လှူဒါန်းသည့် ငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူခဲ့သည်။

ကရင်ပြည်နယ်အတွင်း ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျစစ်ဆေးကြပ်မတ်ပြီး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ထားရှိ၍ သတ်မှတ်ရက် ပြည့်မြောက်ပြီးနောက် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ပြီးဖြစ်သော်လည်း မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်တွင် ခရီးသွားပြည်သူများ ဝင်ထွက်သွားလာမှုကို ယာယီပိတ်ထားပြီး ပြန်လည်ဖွင့်လှစ်မည့် မေ ၁ ရက်မှစ၍ နေရပ်ပြန် ပြည်သူများ ထပ်မံဝင်ရောက်လာကြမည်ဖြစ်သည့်အတွက် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများ ထပ်မံဖွင့်လှစ်ပေးသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

◆ *ကျောဖုံးမှ*

နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသရန် လိုအပ်ပါကြောင်း၊ ယခုလိုလက္ခဏာများခံစားရတိုင်း ကိုဗစ်-၁၉ ကူးစက်ရောဂါမဟုတ်ကြောင်းလည်း သတိပြုစေလိုကြောင်း လက်ကိုင်အသံချဲ့စက်ဖြင့် ပြည်သူလူထုသို့ လိုက်လံအသိပညာပေးနှိုးဆော်ခဲ့သည်။

အဆိုပါဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါသည် အသက်အရွယ်ကြီးသူများ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါအခံရှိသူများနှင့် ကိုယ်ခံအားနည်းသူများအတွက် ပိုပြီးအန္တရာယ်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် စကားပြောခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှတစ်ဆင့် ထွက်လာသော တံတွေးစက်များမှ အများဆုံးကူးစက်နိုင်ကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာမှာနေသင့်ကြောင်း ပြည်သူများသိရှိလိုက်နာရန် အချက်အလက်များကို ဆော်ဩအသိပညာပေးခဲ့သည်။

ထို့နောက် ရောဂါပိုးရှိသူများ၏ တံတွေးစက်ပေကျံနေသည့် နေရာများကို ထိမိကိုင်မိလျှင် ရောဂါပိုးသည် မိမိလက်မှာပါလာပြီး မိမိမျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ကတစ်ဆင့် မိမိခန္ဓာကိုယ်တွင်း ရောဂါပိုး ဝင်ရောက်နိုင်ကြောင်း၊ မိမိကိုယ်တိုင်ချောင်းဆိုးနေပါက တစ်ရှူး၊ လက်ကိုင်ပဝါဖြင့် ချောင်းဆိုးနှာချေသင့်ကြောင်း၊ ပြီးလျှင် တစ်ရှူး၊ လက်ကိုင်ပဝါတို့ကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန် နှိုးဆော်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ လက်ကိုခဏခဏ သတိရတိုင်း ဆေးပါ။ အကောင်းဆုံးမှာ ဆပ်ပြာနဲ့ရေကိုအသုံးပြုပြီး စက္ကန့် ၂၀ ခန့် စနစ်တကျ ပွတ်တိုက်ဆေးကြောပါ။ ရေဆေးဆပ်ပြာမရနိုင်လျှင် အရက်ပြန် အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်ဆေးရည်နှင့် သန့်ရှင်းပါ။ တတ်နိုင်သမျှ မိမိလက်နှင့် မျက်နှာကို မထိစေနိုင်အောင် ဂရုပြုပါ။ လူစုလူဝေးကိုရှောင်ပြီး မိမိအိမ်ရှိ အစားအစာ၊ အိမ်သုံးပစ္စည်းများ သန့်ရှင်းသပ်ရပ်စွာထားရန် စသည့်အချက်များအား ထားဝယ်မြို့အတွင်းရှိ ဈေးများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး လက်ကိုင်အသံချဲ့စက်ဖြင့် လိုက်လံအသိပညာပေးနှိုးဆော်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❊ *ကျောဖုံးမှ*

၇၆ ပွဲ ကစားထားပြီး ၂၁ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် လီဗာပူးကစားသမားဟောင်း၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး ဘာစီလိုနာအသင်းနှင့် ဆွေးနွေးလျက်ရှိကာ ဘာစီလိုနာအသင်းက ကော်တင်ဟို၏ အပြောင်းအရွှေ့အတွက် ပေါင် ၇၉ သန်း တောင်းဆိုဖွယ်ရှိနေသည်။ သို့သော်လည်း ချယ်လ်ဆီးအသင်းက အဆိုပါ ပြောင်းရွှေ့ကြေးကို ပေးချေဖွယ်မရှိကြောင်း သိရသည်။

တစ်ဖက်တွင် ဘာစီလိုနာအသင်းသည် အင်တာမီလန်အသင်းမှ မာတီနက်ဇ်ကို ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အင်တာမီလန်အသင်းက မာတီနက်ဇ်၏ စာချုပ်ဖျက်သိမ်းကြေး ပေါင် ၉၇ ဒသမ ၆ သန်းကို အပြည့်လိုချင်နေသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းသည် ငွေကြေးစိုက်ထုတ်ရမည့် အခြေအနေမှ သွေဖည်နိုင်ရန် ကော်တင်ဟိုနှင့် မာတီနက်ဇ်ကို အလဲအထပ်ပြုလုပ်လာမလား စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

ဥရောပအသင်းအများအပြားသည် ကိုရိုနာဗိုင်းရပ်စ်အကျပ်တည်းကြောင့် ဘဏ္ဍာရေးမတည်ငြိမ်မှု ဖြစ်ပေါ်လာနိုင်သည့်အတွက် လာမည့်နွေအပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုတွင် ငွေကြေးအများအပြားသုံးစွဲပြီး ခေါ်ယူခြင်းထက် ကစားသမားချင်းသာ အလဲအထပ်ပြုလုပ်ရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကိုဗစ်-၁၉ ကျန်းမာရေးစင်တာ(ရန်ကုန်) တည်ဆောက်မှု အမြန်ဆုံးပြီးစီးရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီက လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်ရှိ ကိုဗစ် – ၁၉ ကျန်းမာရေးစင်တာတည်ဆောက်နေမှုများ အမြန်ဆုံးပြီးစီးရေး ကျန်းမာရေးစင်တာ ကြီးကြပ်မှုကော်မတီတာဝန်ရှိသူများနှင့် ညှိနှိုင်းရိပ်သာ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်သူများအကြား ကိုဗစ် – ၁၉ ဆက်လက်ပြန့်ပွားကူးစက်မှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နေသော်လည်း အကယ်၍ ကူးစက်မှုများပြားလာပါက အဆင်သင့် ကုသမှုပေးနိုင်အောင် ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးအား ကိုဗစ် – ၁၉ ကုသမှုကျန်းမာရေးစင်တာအဖြစ် ထားရှိဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စင်တာတွင် လာရောက်တာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်၊ သူနာပြုနှင့် ကုသမှုအထောက်အကူပြုပညာရှင်များ စောင့်ကြပ်ကြည့်ရှုပေးမည့် စေတနာဝန်ထမ်းများ နေထိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ အရေးပေါ်အသုံးပြုရန် မီးစက်များဆောင်ရွက်ထားရှိမှု၊ လူနာခန်းများတွင် စီစီတီဗွီများထားရှိပြီး အခန်းပြင်ပမှ လူနာနှင့် ဆက်သွယ်နိုင်ရေး၊ လူနာနှင့် လူနာမိသားစု အင်တာနက်ကွန်ရက်အသုံးပြုပြီး Video Call ခေါ်နိုင်ရန် အင်တာနက်ကွန်ရက် တပ်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လိုအပ်နေသော UPS နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများရရှိရေး၊ ယာဉ်ဝင်ခွင့်၊ လူဝင်ခွင့်များနှင့် ကျန်းမာရေးစင်တာသို့ တာဝန်ရှိသူမှလွဲ၍ အခြားသူများ ဝင်ရောက်ခြင်း တားမြစ်ဆောင်ရွက်မည့် လုံခြုံရေးအစီအမံဆောင်ရွက်ပြီးစီးမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အားလုံးလက်တွဲ၍ ကိုဗစ် – ၁၉ ကို ဝိုင်းဝန်းအနိုင်ယူပြီး အောင်မြင်အောင်ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးပစ္စည်းများ သိုလှောင်ထားရှိသည့် အဆောင်၊ အထူးကြပ်မတ်ကုသဆောင်များနှင့် လူနာဆောင်များ ပြင်ဆင်ထားရှိမှုများ၊ ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးမည့် မီးရှို့စက်တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ကျန်းမာရေးစင်တာတစ်ခုလုံးကို စီစီတီဗွီကင်မရာများတပ်ဆင်ပြီး ဖြန့်ကြက်ကြည့်ရှုနိုင်မည့်စင်တာ ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုသည်။ (အောက်ပုံ)

ယင်းနောက် ကျန်းမာရေးစင်တာ (ရန်ကုန်) တွင် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ လူမှုကူညီရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရတနာသိဃ်ခန်းမတွင်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ဆန်းကျော်ဦး (ပြန် /ဆက်)

တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်၍ နေအိမ်များပျက်စီး၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်မှုများ စတင်ဖြစ်ပွားလျက်ရှိရာ မေ ၂၀ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ်၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၃ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

အလားတူ မေ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် ၂၇ ခု၌ နေအိမ် ၁၅ လုံးနှင့် အခြားအဆောက်အအုံ ကိုးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၉၉၅ လုံး၊ ဘာသာရေးအဆောက်အအုံ ၁၇ လုံး၊ စာသင်ကျောင်း ၁၄ ခု၊ အခြားအဆောက်အအုံ ၂၆ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မိုးကြိုး ထိမှန်၍ တစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရခြင်း၊ မကွေးတိုင်းဒေသကြီး မြို့နယ်ငါးခု၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး၊ နေအိမ် ၂၁၃ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရုံးများမှ တာဝန်ရှိသူများသည် လေပြင်းတိုက်မှုဖြစ်ပွားရာနေရာများသို့ ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းဖိုး စုစုပေါင်းငွေကျပ် သိန်း ၃၀၀ ကျော် ထောက်ပံ့ထားရှိပြီး (အပေါ်ပုံ) ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့နှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

သတင်းစဉ်

မိုးညှင်းမြို့နယ်တွင် လေပြင်းတိုက်မှုကြောင့် မိုးညှင်းပြည်သူ့အားကစားကွင်း၌ ယာယီချပေးထားသည့်ဈေးဆိုင်များ ဈေးရောင်းချမှု ခေတ္တရပ်နား

မိုးညှင်း မေ ၂၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အားကစားကွင်း၌ ယမန်နေ့ ညနေပိုင်းက မြို့ပေါ်စည်ပင်သာယာဈေး အမှတ်(၁)ဈေးနှင့် အမှတ်(၂)ဈေးတို့မှ ဈေးရောင်းချကြသူများ အတွက် ယာယီပုံကျဈေးအဖြစ် နေရာများကို တာဝန်ရှိသူများက စနစ်တကျ မဲစနစ်ဖြင့် ယာယီဆိုင်ခန်းများကို ချပေးခဲ့သော်လည်း လေပြင်းတိုက်မှုကြောင့် ယာယီဈေးရောင်းချမှုကို ခေတ္တရပ်နားခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ ကိုဗစ်-၁၉ အန္တရာယ် ကင်းဝေးစေနိုင်ရန်အတွက် ယာယီဈေးဆိုင်ခန်းများကို အဆိုပါ ဘောလုံးကွင်းတွင် အကွက်ချ ဆောင်ရွက်ခဲ့ရာ ဒေသခံအများစုက တိုးဝှေ့ဝယ်ယူကြသဖြင့် ကိုဗစ်-၁၉ အန္တရာယ်ကို စိုးရိမ်စရာဖြစ်နေရကြောင်း သိရသည်။

ယင်းနေ့ ည ၇ နာရီခန့်က လေပြင်းနှင့်အတူ မိုးသည်းထန်စွာရွာသဖြင့် ဆိုင်ခန်းအကွက်ချနေရာများ ပျက်စီးခဲ့ပြီး ဘောလုံးကွင်းအတွင်း၌ ပျက်စီးမှုများရှိနေရာ တာဝန်ရှိသူများက ဈေးရောင်းချမှုကို ယာယီရပ်နားခဲ့သည်။

"လူတိုင်း စည်းကမ်းလိုက်နာမှ ဖြစ်မှာပါ။ ဘောလုံးကွင်းက အကျယ်ကြီးပါ။ ဈေးသည်အားလုံးအတွက် ဆိုင်ခန်းတွေ နေရာချပေးမှာပါ။ ကိုဗစ်အန္တရာယ်အတွက် လူငါးဦးထက် ပိုမစုသင့်ပါဘူး။ ကိုယ်က စကူးရင် ကိုယ့်မိသားစုအားလုံးကို ကူးစက်နိုင်ပါတယ်"ဟု မိုးညှင်းမြို့မှ ဒေါ်မုန်းမုန်းမင်းက ပြောသည်။

"ဘောလုံးကွင်းထဲမှာ ယာယီဈေးရောင်းချဖို့ဆိုတာ ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်၊ ခရိုင်အုပ်ချုပ်ရေးမှူးနဲ့ တာဝန်ရှိသူတွေရဲ့ ခွင့်ပြုချက်တွေကြောင့်အခုလို ဆိုင်ခန်းတွေကို ယာယီချပေးခဲ့တာပါ"ဟု ခရိုင် အား/ကာမှူး ဒေါ်သက်သက်မာက ပြောသည်။

"မေ ၂၁ ရက်က တိုက်တဲ့ လေပြင်းကြောင့် အားကစားရုံ အနောက်ဘက် အပေါ်မိုးကာတွေ လန်ခဲ့ပါတယ်။ အားကစားကွင်း အတွင်းက အတွင်းဂိုးတိုင်တွေ သစ်သားနဲ့ ပြုလုပ်ထားတဲ့ အတက်အဆင်း လှေကားလည်း ကျိုးကျပါတယ်။ အရန်အားကစားသမားထိုင်ခုံတွေ လဲကျခဲ့ပါတယ်။ အားကစားဝင်းအရှေ့က ဆိုင်းဘုတ်၊ ကြော်ငြာဆိုင်းဘုတ်တွေ ပြုတ်ကျပျက်စီးခဲ့ပါတယ်။ ရုံးရှေ့က သစ်ပင်လည်း ကျိုးပြီး ရုံးနဲ့ ချိတ်ဆက်ထားတဲ့ မီးကြိုးပေါ် ကျိုးကျခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

နီတိုး

ပွင့်ဖြူမြို့နယ်၌ လေပြင်းတိုက်မှုကြောင့် နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့

ပွင့်ဖြူ မေ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာအုပ်စုနှင့် ပေတောကျေးရွာအုပ်စုတွင် မေ ၂၁ ရက် ညက လေပြင်းတိုက်မှုဖြစ်ပွား၍ နေအိမ် ၂၂ လုံး အမိုးလန်ပျက်စီးမှုဖြစ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်မှုကြောင့် ပွင့်ဖြူမြို့နယ် ပေတောကျေးရွာအုပ်စု ပေတော(တ)ကျေးရွာတွင် နေအိမ် ၁၂ လုံး၊ ပေတော(မ)ကျေးရွာတွင် နေအိမ် ငါးလုံး၊ သရက်တောကျေးရွာအုပ်စု သမင်ခြံကျေးရွာတွင် နေအိမ် ငါးလုံး စုစုပေါင်း နေအိမ် ၂၂ လုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှု မရှိကြောင်း သိရသည်။

လေပြင်းတိုက်မှုကြောင့် အမိုးလန်ပျက်စီးဆုံးရှုံးသည့် နေအိမ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများက လေဘေးသင့် ပြည်သူများထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ရဲဝင်းနိုင်(ညောင်ဦး)

ကောလင်းမြို့နယ်အတွင်း လေပြင်းတိုက်မှုကြောင့် သာသနိကအဆောက်အဦနှင့် နေအိမ်များပျက်စီး

ကောလင်း မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ယမန်နေ့ ညနေ ၅ နာရီခွဲခန့်က လေပြင်းတိုက်မှုကြောင့် ကျော်ဇေယျာ(၁)ရပ်ကွက်တွင် နေအိမ်နှစ်လုံးနှင့် ကျေးရွာအုပ်စု ၁၉ အုပ်စုတွင် ဘုန်းကြီးကျောင်းသုံးကျောင်း၊ ဝန်ထမ်းနေအိမ်တစ်လုံး၊ နေအိမ် ၆၅ လုံးတို့ အမိုးလန်ပျက်စီးခဲ့သည်။

လေပြင်းတိုက်မှုကြောင့် လူနေအိမ်များပျက်စီးခဲ့သည့် ကျေးရွာများသို့ ကောလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည့်အကူအညီများ ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ပျက်စီးဆုံးရှုံးမှုတန်ဖိုးအလိုက် မှတည်ပြီး ဆောက်လုပ်မှုကုန်ကျစရိတ်နှင့် ဆန်ရိက္ခာဖိုးများကို အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

ဆင်ပေါင်ဝဲတွင် လေပြင်းတိုက်ခတ် အိမ်ထောင်စု ၁၀၀ ကျော် လေဘေးသင့်

မကွေး မေ ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တို့တွင် မေ ၂၁ ရက်က တိုက်သော လေပြင်းကြောင့် အိမ်ထောင်စု ၁၀၀ ကျော် လေဘေးကြုံခဲ့ရပြီး ပျက်စီးမှုများအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့မှုများကို မေ ၂၂ ရက်တွင် လုပ်ဆောင်ခဲ့သည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် မေ ၂၁ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်မှုဖြစ်ပွားခဲ့ရာ ကျေးရွာ ခြောက်အုပ်စု ၊ ကျေးရွာ ၁၂ ရွာတွင် လူနေအိမ် ၁၈၆ လုံး အမိုးလန်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၈၆ စု၊ လူဦးရေ ၇၁၉ ဦး လေဘေးသင့်ခဲ့သည်။

ဆင်ပေါင်ဝဲမြို့နယ်မှ ပျက်စီးမှုများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၆၅၂၀၀၀၀ ကို တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် မေ ၂၂

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မေ ၂၂ ရက် မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၂၈ မိနစ် ၄၁ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၂၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖလမ်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၀ ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၂ ဒသမ ၇၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၈ ဒီဂရီ၊ အနက် ၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

မြန်မာ့အလင်း

ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မေ ၂၀ ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDP စခန်းသို့ သွားရောက်၍ အိမ်ထောင်စု တစ်စုလျှင် ဆပ်ပြာ တစ်တောင့်နှင့် နှာခေါင်းစည်း နှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၃၆၃ စုအတွက် ဆပ်ပြာတောင့် ၃၆၃ တောင့်နှင့် နှာခေါင်းစည်း ၇၂၆ ခု တို့ကို ထောက်ပံ့ခဲ့သည်။ (ယာပုံ)

ထို့ပြင် ယနေ့တွင် ကချင်ပြည်နယ် မန်စီမြို့နယ်ရှိ နှစ်ခြင်း IDP စခန်း၊ မိုင်းခေါင်နှစ်ခြင်း IDP စခန်း၊ မိုင်းခေါင် RC IDP စခန်းနှင့် မြစ်ကြီးနားမြို့နယ်ရှိ စီတာပူဆွတ်ငိုင် IDP စခန်း၊ စီတာပူ သီတာအေးနှစ်ခြင်း IDP စခန်း၊ မြို့သစ်ကြီး ဂျန်မန်ကောင်း RC IDP စခန်း၊ မြို့သစ်ကြီး ဂျန်မန်ကောင်း နှစ်ခြင်း IDP စခန်းတို့သို့ သွားရောက်၍ အိမ်ထောင်စု ၂၁၇၂ စုအတွက် ဆပ်ပြာခဲ ၂၁၇၂ ခဲနှင့် နှာခေါင်းစည်း ၂၁၇၂ ခု ထောက်ပံ့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တရုတ်သို့တင်ပို့ရာတွင် သခွားမွှေး ဈေးကောင်းရပြီး ဖရဲသီးဈေးမှာ ကားခပင်မရဖြစ်နေ

မူဆယ် မေ ၂၂

တရုတ်သို့ တင်ပို့ရာတွင် သခွားမွှေး ဈေးကောင်းရနေပြီး ဖရဲသီးဈေးမှာ ကားခပင်မရကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ သစ်သီးဝလံ ကုန်စည်ဒိုင်မှ ဒုဥက္ကဋ္ဌ ဦးအောင်သက်ဦး က မေ ၂၂ ရက်တွင် ပြောသည်။ လက်ရှိ သခွားမွှေး တစ်တန်လျှင် ယွမ် နှစ်ထောင်မှ ငါးထောင်အတွင်းရရှိ၍ ဖရဲသီး 855 အမျိုးအစား စီးပြတ်ဈေးနှုန်းမှာ ယွမ်နှစ်ထောင်မှ တစ်သောင်းနှစ်ထောင်၊ လုပေါင်းအမျိုးအစား စီးပြတ်ဈေးနှုန်းမှာ ယွမ်ငါးထောင်မှ တစ်သောင်းရှစ်ထောင်၊ အဖြူသီးအမျိုးအစား စီးပြတ်ဈေးနှုန်းမှာ ယွမ် တစ်သောင်းနှစ်ထောင်မှ တစ်သောင်းရှစ်ထောင်၊ ထဲန်ဝမ် အမျိုးအစား စီးပြတ်ဈေးနှုန်းမှာ ယွမ် တစ်သောင်းငါးထောင်မှ နှစ်သောင်းရှစ်ထောင်နှင့် အပူလောင် အခွံပျော့အမျိုးအစား စီးပြတ်ဈေးနှုန်းမှာ ယွမ်ရှစ်ထောင်မှ တစ်သောင်းသုံးထောင်ရရှိကြောင်း သိရသည်။

"ဖရဲသီးက လက်ရှိအနေအထားမှာ လမ်းမှာ ရက်ကြာတဲ့အတွက် ကားခ မရတဲ့အဆင့်ထိအောင် ဖြစ်နေတယ်။ သခွားမွှေးကတော့ အရေအတွက်နည်းလာတော့ တစ်တန်ကို ၂၀၀၀ ကနေ ၅၀၀၀ အတွင်း လက်ရှိ ရောင်းရတယ်။ သခွားမွှေးကတော့ ဈေးကွက်မာဆဲပေါ့၊ ဖရဲကတော့ ကားခ မရတဲ့အဆင့်လောက်ကို ရောက်နေတယ်" ဟု ဦးအောင်သက်ဦးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ဖရဲတန်ချိန် ရှစ်သိန်းကျော်တင်ပို့ပြီး သခွားမွှေးတန်ချိန် တစ်သိန်းခွဲခန့် တင်ပို့လေ့ရှိသော်လည်း လက်ရှိ ဖရဲတန်ချိန် ငါးသိန်းကျော်နှင့် သခွားမွှေးတန်ချိန် တစ်သိန်းကျော်တင်ပို့ပြီးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"စာရင်းဇယားအရ ခန့်မှန်းခြေကတော့ ဒီနှစ်က မနှစ်ကထက် အလေအလွင့် အဆုံးအရှုံးတွေများတယ်။ အခင်းထဲမှာတင် တရုတ်ပြည်အခြေအနေကြောင့် မတင်ပို့နိုင်တဲ့ အနည်းဆုံး တန် နှစ်သိန်း သုံးသိန်းတော့ရှိမယ်။ ဖရဲ ခန့်မှန်းခြေ ငါးသိန်းကျော်တော့ တင်ပို့နိုင်တယ်။ နောက်ထပ်တော့ တင်ပို့ဖို့ကျန်တာ တန် တစ်သိန်းဝန်းကျင်လောက်ပဲ ရှိတော့မယ်။ သခွားမွှေးကတော့ အလေအလွင့်သိပ်မရှိဘူး။ ဒီနှစ်တင်ပို့မှုက မနှစ်ကတန်ချိန် တစ်သိန်းခွဲခန့်ပဲ ရှိမယ်။ သခွားမွှေးကတော့ ၉၀ ရာခိုင်နှုန်းလောက်တော့ တင်ပို့ပြီးပါပြီ။ သခွားမွှေးက သိပ်မကျန်တော့ဘူး"ဟု ဦးအောင်သက်ဦးက ဆက်ပြောသည်။

လက်ရှိ တရုတ်ဝယ်လက်များ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ မလာသဖြင့် ဖရဲ၊ သခွားကုန်တင်ယာဉ်များ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဝမ်တိန်ဘက်တွင် သွားရောက်ရောင်းချနေရသောကြောင့် အခက်အခဲများ ကြုံတွေ့နေကြောင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ သစ်သီးဝလံ ကုန်စည်ဒိုင်မှ သိရသည်။ ထို့ပြင် ဖရဲ၊ သခွားမွှေးများကို အဓိကတင်ပို့သည့် တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို မပျံ့နှံ့စေရေး ကာကွယ်ရန်အတွက် နယ်စပ်ဒေသစီမံခန့်ခွဲရေးကို တင်းကျပ်စွာဆောင်ရွက်လျက်ရှိပြီး မေ ၁ ရက်မှစ၍ မူဆယ်ခရိုင်နှင့် ထိစပ်လျက်ရှိသော ဂိတ်ပေါက်များဖြစ်သည့် မန့်ဝိန်းဂိတ်၊ ဆင်ဖြူဂိတ်၊ နန်းတော်ဂိတ်၊ ကျင်စန်းကျော့ဂိတ်၊ ပန်ဆိုင်း(ကြူကုတ်)ဂိတ်နှင့် မန့်ဟီးရိုးဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ လူဝင်လူထွက် ခွင့်မပြုတော့ဘဲ သစ်သီးကားများ ကုန်သွယ်မှုပြုနေသည့် ကျင်စန်းကျော့ဂိတ်မှသာ ကုန်တင်ယာဉ်များကို အဝင်/အထွက် ခွင့်ပြုထားသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေ၏ သက်ရောက်မှုများကြောင့် တရုတ်ကျန်းမာရေးဌာနမှ မြန်မာယာဉ်မောင်းများ တိုက်ရိုက်မောင်းဝင်သော စနစ်အစား မေ ၂၀ ရက်မှစ၍ အစားထိုး တရုတ်ယာဉ်မောင်းဖြင့်သာ ဝင်ခွင့်ပြုထားသည်။

ငြိမ်းငြိမ်း

ဝေဘာဂီအထူးကုဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုသောအားဖြင့် ရောဝတီဖောင်ဒေးရှင်းက လစာတစ်လစာ ချီးမြှင့်လှူဒါန်း

ရန်ကုန် မေ ၂၂

ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသော ဝေဘာဂီအထူးကုဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုသောအားဖြင့် ဧပြီလအတွက် လုပ်ခလစာ တစ်လစာကို မေ ၂၁ ရက်က သွားရောက် ချီးမြှင့်လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် မေ ၂၁ ရက်က ဝေဘာဂီအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ စံပယ်ဖြူ ဆေးရုံအုပ်ကြီး ဒေါက်တာ အေးအေးအောင်တို့နှင့် တွေ့ဆုံဆွေးနွေးကာ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အခြားကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေဝန်ထမ်း ၁၂၀ နှင့် စေတနာ့ဝန်ထမ်းအဖြစ် လာရောက် တာဝန်ထမ်းဆောင်နေကြသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း ၁၅၇ ဦးတို့အတွက် ငွေကျပ် ၃၇၅ သိန်းကို ပေးအပ်ချီးမြှင့် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျန်းမာရေးဝန်ထမ်းများသည် အနီးကပ်ကြပ်မတ်ကုသခံနေရသူ နှစ်ဦး အပါအဝင် ကိုဗစ်-၁၉ လူနာစုစုပေါင်း ၇၅ ဦးကို ရောဂါသက်သာပျောက်ကင်းစေရန်နှင့် ထပ်မံကူးစက်ပြန့်ပွားခြင်းမရှိစေရန် ကိုယ်ကျိုးမငဲ့ဘဲ မရပ်မနား ကြိုးပမ်းဆောင်ရွက်နေကြသူများဖြစ်သည်။

ရောဝတီဖောင်ဒေးရှင်းသည် ဝေဘာဂီအထူးကုဆေးရုံကြီး၏ ကာကွယ်၊ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် မတ် ၁၈ ရက်တွင် ငွေကျပ်သိန်း ၅၀၀၊ ဧပြီ ၁၈ ရက်တွင် ငွေကျပ်သိန်း ၂၀၀ အပါအဝင် ယခုလစာငွေနှင့် စုစုပေါင်း ငွေကျပ် ၁၀၇၅ သိန်း ပံ့ပိုးလှူဒါန်းထားပြီးဖြစ်သည်။ ထို့အတူ တစ်နိုင်ငံလုံးမှ ကိုဗစ်-၁၉ အရေး ဆောင်ရွက်နေကြသော ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများအားလုံးအတွက် ကိုဗစ်-၁၉ အထူးကျန်းမာရေးအာမခံရန်ပုံငွေအဖြစ် ငွေကျပ်သိန်း ၅၀၀၀ ကို ဗဟိုကျန်းမာရေးကော်မတီသို့ လှူဒါန်းထားကြောင်း သိရသည်။

ဖိုးသော်ဇင်

ပန်ဆိုင်း(ကြူကုတ်)မြို့၌ ကိုဗစ်-၁၉ ကာကွယ်နိုင်ရေး ပစ္စည်းများ လှူဒါန်း

ပန်ဆိုင်း မေ ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ကိုဗစ်-၁၉ ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးနှင့် တားဆီးကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီး နန္ဒအောင် ဦးစီးသည့် တပ်မတော်သားများက ယနေ့ မွန်းလွဲပိုင်းက ပန်ဆိုင်း(ကြူကုတ်)မြို့ ပြည်သူ့ဆေးရုံ၌ လာရောက်လှူဒါန်းသည်။

ကိုဗစ်-၁၉ ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးနှင့် တားဆီးကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် လာရောက်လှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပန်ဆိုင်း(ကြူကုတ်)မြို့ ပြည်သူ့ကျန်းမာရေးတာဝန်ခံ ဒေါက်တာတီခွန်ဆန်ဒွန်းက လက်ခံရယူခဲ့သည်။

ပန်ဆိုင်း(ကြူကုတ်)မြို့တွင် ကိုဗစ်-၁၉ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကာကွယ်ရေးဝတ်စုံ စုစုပေါင်း ၂၅ ခု၊ နှာခေါင်းစည်း အခု ၇၀ နှင့် လက်အိတ် ငါးခုတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းသီးနှံများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

မန္တလေး မေ ၂၂

သင်္ကြန်အပြီးကာလ မန္တလေးပဲဈေးကွက် ပြန်လည်ဖွင့်လှစ်သည့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်နှင့် မြင်းမူ မြို့နယ်များမှ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ပဲတီစိမ်း(အညာရွှေဝါ) သီးနှံများ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲတီစိမ်းသီးနှံမှာ သင်္ကြန်မတိုင်ခင်ကာလက ဈေးကွက်အတွင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးသာရှိခဲ့ပြီး ယခု သင်္ကြန်အပြီး ဈေးကွက်စတင်ဖွင့်လှစ်သည့် ယနေ့တွင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးဖြင့် အဖွင့်ဈေးကောင်းမွန်ကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“သင်္ကြန်အပြီးမှာ မန္တလေးကုန်စည်ဒိုင်ကလည်း ဒီနေ့မှာ စဖွင့်ပါတယ်။ ဈေးကွက်အဖွင့်မှာပဲ ပဲတီစိမ်းသီးနှံအပြင် အခြားနှမ်းနက်၊ မြေပဲ၊ ထောပတ်ပဲ သီးနှံတွေလည်း တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကြောင့် အမြင့်ဈေးတွေနဲ့ အရောင်းအဝယ်သွက်နေကြတယ်။ တချို့ ပွဲရုံတွေအနေနဲ့လည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်တဲ့အနေနဲ့ သူတို့ရဲ့ ပွဲရုံတွေကပဲ အွန်လိုင်းကနေ အရောင်းအဝယ်တွေ လုပ်နေကြတယ်။ ဒီလို ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်ပွားနေတဲ့ အချိန်မှာ ကျွန်တော်တို့ ပဲဈေးကွက်က အရောင်းအဝယ်တွေ ရပ်တန့်မသွားဘဲ ရောင်းပန်းသာပြီး ဝယ်ပန်းလှနေတာ မြင်တွေ့ရလို့ တောင်သူတွေကိုယ်စား ဝမ်းသာကြည်နူးမိပါတယ်” ဟု ၎င်းက ပြောသည်။

မန္တလေးကုန်စည်ဒိုင် စဖွင့်သည့် ယနေ့တွင် ဈေးကွက်အတွင်း၌ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ ဈေးဖြင့်လည်းကောင်း၊ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ပဲတီစိမ်း(ခရမ်းရွှေဝါ)မှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲစင်းငုံ(အနီ)မှာ ငွေကျပ် ၇၃၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မတ်ပဲ(အသစ်) မှာ ငွေကျပ် ၉၈၀၀၀ နှုန်းဖြင့် လည်းကောင်း၊ နှမ်းနက်(ထိပ်စ)မှာ ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲမှာ ငွေကျပ် ၈၈၀၀၀ နှုန်းဖြင့် လည်းကောင်း မြေပဲလုံးဆန်(အနီ) တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ နှုန်းဖြင့် လည်းကောင်း၊ မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ နှုန်းဖြင့် လည်းကောင်း အရောင်းအဝယ် သွက်လျက်ရှိသည်။

ယခု ထွက်ရှိသည့် ပဲတီစိမ်း(အညာရွှေဝါ) သီးနှံများမှာ ဧရာဝတီမြစ်ကမ်းအနီးတွင် နွေရာသီကာလ၌ ရေသွင်းစိုက်ပျိုးထားခြင်းဖြစ်ပြီး မကြာမီရက်များအတွင်း မတ္တရာနှင့် စဉ့်ကူးဒေသများမှ ထွက်ရှိသည့် ပဲတီစိမ်းသီးနှံများ ဈေးကွက်သို့ ထပ်မံဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်/နည်းပြများနှင့် ကစားသမားများ လစာလျှော့ယူမည်

ရန်ကုန် မေ ၂၂

မြန်မာနေရှင်နယ်လိဂ် ကလပ် ရှမ်းယူနိုက်တက်အသင်းမှ အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင်များ၊ ကစားသမားများသည် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း လစာများလျှော့ယူရန် တင်ပြခဲ့ပြီး အသင်းဘုတ်အဖွဲ့ကလည်း သဘောတူလက်ခံခဲ့သည်။ ထို့ကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ဧပြီလကုန်မှစတင်ကာ လစာနှုန်းထားများ လျှော့ချသွားမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို မတ် ၂၄ ရက်မှစ၍ ရပ်နားထားပြီး ရှမ်းယူနိုက်တက် အသင်းသားများသည် အသင်း၏ ငွေကြေးလည်ပတ်မှု အဆင်ပြေစေရန် လစာနှုန်းထားများ လျှော့ယူရန် တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်၊ နည်းပြ အဖွဲ့ဝင်များ၊ ပြည်တွင်းကစားသမားများနှင့် အခြားဝန်ထမ်းများမှာ ရာခိုင်နှုန်း ၄၀၊ နိုင်ငံခြားသား ကစားသမားများမှာ ရာခိုင်နှုန်း ၅၀ လျှော့ယူသွားမည်ဖြစ်ကာ ရောဂါအခြေအနေ ပြန်လည်ကောင်းမွန်၍ ပြိုင်ပွဲများ စတင်ကျင်းပနိုင်ပါက ပုံမှန်နှုန်းထားအတိုင်း ပေးချေမည်ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် အုပ်ချုပ်၊ နည်းပြများကိုယ်စား ဒုတိယအမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်းနှင့် အုပ်ချုပ်သူ ဦးဟန်ဝင်းအောင်၊ ကစားသမားများကိုယ်စား အသင်းခေါင်းဆောင် သီဟစည်သူ၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်နှင့် နိုင်ငံခြားသား ကစားသမား မက်ဆီမင်တို့ လက်မှတ်ရေးထိုးထားသည့် လစာလျှော့ယူမည့် တင်ပြစာကို အသင်း Facebook တွင် တရားဝင်ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း လစာကိစ္စရပ်များ၊ စာချုပ်သစ်ကိစ္စရပ်များနှင့် ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် အဖွဲ့ဝင်နိုင်ငံတိုင်းမှ ဘောလုံးအဖွဲ့ချုပ်များထံ တရားဝင်ပေးပို့ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာလည်း ပြည်တွင်းကလပ်အသင်းများထံမှ တစ်ဆင့် ပြန်လည်ဖြန့်ဝေထားပြီး ဖြစ်သည်။ ပြည်တွင်းကလပ်အသင်းအချို့သည် ဝင်ငွေရရှိမှု နည်းပါးသောကြောင့် အသင်းပိုင်ရှင်နှင့် ဥက္ကဋ္ဌတို့၏ ငွေကြေးများဖြင့်သာ လည်ပတ်နေရာ ငွေကြေးအခက်အခဲ မဖြစ်ပေါ်စေရန် လစာနှုန်းထားများ လျှော့ချရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် သက်ဆိုင်ရာမှ အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပခွင့်ပြုမှသာ ပြည်တွင်းပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို မတ် ၂၃ ရက်အထိ နောက်ဆုံးကျင်းပခဲ့ပြီး ပြိုင်ပွဲရပ်နားထားချိန်တွင် ရှမ်းယူနိုက်တက်အသင်းသည် ကိုးပွဲကစား ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ၁၇ မှတ်ဖြင့် အဆင့် ၄ နေရာတွင် ရပ်တည်နေသည်။

ညီမြတ်သော်တာ

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲယှဉ်ပြိုင်နေသည့် ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-ဖိုးသော်ဇင်

ဘိုကလေးတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်လာသူနှစ်ဦးအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် အရေးယူ

ဘိုကလေး မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်လာသူနှစ်ဦးအား ယနေ့ မွန်းလွဲပိုင်းက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် အမှုဖွင့်အရေးယူထားသည်။

ဘိုကလေးမြို့ အမှတ်(၁၀)ရပ်ကွက်ရှိ နတ်ချောင်းတံတားပေါ်တွင် ယမန်နေ့ ညပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သစ္စာပန်းလမ်းတွင် နေထိုင်သော ညီညီလွင်(၂၉ နှစ်)နှင့် ဘိုကလေးမြို့နယ် ကျောင်းစုကျေးရွာနေ မခင်မာဦး(၄၆ နှစ်) တို့နှစ်ဦးသည် ကော့မှူးမြို့နယ်နေ ဦးစိုးလွင်(၅၅ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ဖြင့် ရောက်ရှိလာသဖြင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးရာ ခရီးသွားထောက်ခံစာမပါရှိခြင်း၊ ကန့်သတ်ထားသည့်နေရာမှ လာရောက်ခြင်းကြောင့် စစ်ဆေးရေးဂိတ်တာဝန်ရှိသူများက မြို့တွင်းသို့ ဝင်ရောက်ခွင့်မပြုဘဲ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ စေလွှတ်ခဲ့ကြောင်း၊ ထိုသို့ ပြောဆိုသော်လည်း ၎င်းတို့နှစ်ဦးက မချေမငံ ပြောဆိုကာ မြို့တွင်းသို့ဝင်ရန် ကြိုးပမ်းခဲ့ပြီး မခင်မာဦးက စေတနာ့ဝန်ထမ်း ကိုဘုန်းမြတ်ကျော်အား ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သဖြင့် ကိုဗစ်-၁၉ တုံ့ပြန်ကာကွယ်ရေးကော်မတီမှ ဘိုကလေးမြို့နယ် ကျောင်းစုကျေးရွာ အ.မ.က ကျောင်းတွင် ခေတ္တထိန်းသိမ်းထားရှိရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ကျန်းမာရေးမှူး ဦးအေးသောင်းက ကူးစက်ရောဂါကာကွယ်ရေးနှိမ်နင်းရေး ဥပဒေဖြင့် အရေးယူပေးရန် ဦးတိုက်လျှောက်ထားသဖြင့် မြို့နယ်တရားရုံးမှ ရာဇဝတ်အထွေထွေအမှုအမှတ် (၄၅၇/၂၀၂၀)၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ (၁၈) ဖြင့် မြို့နယ်တရားသူကြီး ဒေါ်ဝင်းအိအိထွေးက မခင်မာဦးနှင့် ညီညီလွင်တို့အား ထောင်ဒဏ်သုံးလစီ ချမှတ်ခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

ကန့်သတ်စောင့်ကြည့်ရေးစခန်းမှ ထွက်ပြေးသူအား အလုပ်နှင့် ထောင်ဒဏ်ခြောက်လ ချမှတ်

တောင်သာ မေ ၂၂

တောင်သာမြို့နယ် ကျောက်ဖူးကျေးရွာ(အလက) ကန့်သတ်စောင့်ကြည့်ရေးစခန်းမှ ထွက်ပြေးသွားသူ ရဲမင်းဌေး(၂၀ နှစ်)အား အလုပ်နှင့်ထောင်ဒဏ်ခြောက်လကျခံစေရန် မေ ၂၂ ရက်က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီ၏ ဆုံးဖြတ်ချက်အရ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက တရားလိုပြုလုပ်၍ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးမှ ရာကြီးပုဒ်မ(၂၉၄/၂၀၂၀)ဖြင့် လက်ခံစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

တမူးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသင်းအဖွဲ့အား အနှောင့်အယှက်ပြုလုပ်သူကို ထောင်ဒဏ်သုံးလ ချမှတ်

တမူး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ခမိတ်ကျေးရွာနေ ဒေါ်ခင်စန်းမူသည် မေ ၁၅ ရက်က မန္တလေးမြို့မှ ခမိတ်ကျေးရွာသို့ ပြန်လည်ရောက်ရှိကာ ကျေးရွာ အလကကျောင်း၌ စောင့်ကြည့်စစ်ဆေးမှု ခံယူနေစဉ် မေ ၁၇ ရက်က ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးကျော်လင်းက စောင့်ကြည့်ရေးစခန်းအတွင်းသို့ ခွင့်ပြုချက်မတောင်းခံဘဲ အတင်းဝင်ရောက်၍ ဒေါ်ခင်စန်းမူအား ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ တာဝန်ထမ်းဆောင် နေသူများအား တာဝန်ဝတ္တရားနှောင့်ယှက်မှုကြောင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ဦးကျော်လင်းအား တမူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၁) ဦးတင့်လွင်က တရားလိုပြုလုပ်၍ ၁၉၉၅ ခုနှစ် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ (၁၈)ဖြင့် တမူးမြို့နယ် တရားရုံးသို့ မေ ၂၀ ရက်က ဦးတိုက် လျှောက်ထားခဲ့ရာ တမူးမြို့နယ်တရားရုံးမှ ရာဇဝတ်ကြီး အမှုအမှတ်၊ (၉၈/၂၀၂၀) ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ၎င်းက အပြစ်ရှိကြောင်း ဝန်ခံသဖြင့် ၁၉၉၅ ခုနှစ် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ(၁၈)အရ တရားခံ ဦးကျော်လင်းအား ထောင်ဒဏ် သုံးလ ကျခံစေရန် အပြီးသတ်အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

ဖားကန့်၌ ကမ်းပါးမြေပြို၍ ပျောက်ဆုံးနေသူများအား မိသားစုဝင်များက ပြန်လည်ရှာဖွေပေးရန် တောင်းဆိုသည့်အတွက် ဆက်လက်ရှာဖွေနေ

ဖားကန့် မေ ၂၂

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မေ ၂၀ ရက် နံနက် ၅ နာရီခန့်က အမြင့်ပေ ၃၀၀ ခန့်ရှိ ကျင်းကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည့်နေရာ၌ မြေစာများနှင့်အတူ ဖုံးအုပ်ပျောက်ဆုံးခဲ့သူများအား ရှာဖွေရာတွင် အန္တရာယ်ရှိသည့်အနေအထားကြောင့် ရှာဖွေမှုရပ်ဆိုင်းလိုက်သော်လည်း ပျောက်ဆုံးခဲ့သူများ၏ မိသားစုဝင်များက ပြန်လည်ရှာဖွေပေးရန် တောင်းဆိုသည့်အတွက် ယနေ့မွန်းလွဲ ၂နာရီခန့်မှစတင်ကာဆက်လက်ရှာဖွေပေးလျက်ရှိကြောင်း ဖားကန့်/လုံးခင်း ကျောက်စိမ်းရုံးမှ လက်ထောက်မန်နေဂျာ ဦးကျော်ကျော်စိုး ပြောပြချက်အရ သိရသည်။

ယမန်နေ့က ပျောက်ဆုံးသူများအား ရှာဖွေရာတွင် မြေသားအက်ကြောင်းများ ပေါ်လာခြင်းနှင့်အတူ မြေပြိုမည့်အန္တရာယ် ထပ်မံကြုံတွေ့လာရနိုင်သည့်အတွက် ရှာဖွေမှုကို ရပ်နားခဲ့ပြီးဖြစ်သော်လည်း မြေစာဖုံးအုပ်ပျောက်ဆုံးခဲ့သူတို့၏ မိသားစုဝင်များက ပြန်လည်ရှာဖွေပေးရန် တောင်းဆိုခဲ့မှုကြောင့် ယနေ့မွန်းလွဲ ၂ နာရီမှ မေ ၂၃ ရက် ညနေ ၆ နာရီအထိ ဆက်လက်ရှာဖွေရန် သဘောတူညီခဲ့ကြကြောင်း ဦးကျော်ကျော်စိုးထံမှ သိရသည်။

ရှာဖွေရေးတွင် ကြီးကြပ်ဆောင်ရွက်နေသည့် တောင်ပြိုကျေးရွာ တာဝန်ခံ ဦးသန်းရွှေက "ရှာဖွေရေးလုပ်တဲ့နေရာမှာ မိုးတွေရွာတာတို့၊ ကမ်းပါးတွေ ပဲ့ကျလာတာတို့ဆိုရင် အချိန်မရွေး ရပ်နားသွားမှာပါ"ဟု ပြောသည်။

ကျင်းကမ်းပါးပြိုကျခဲ့ရာနေရာ၌ မေ ၂၀ ရက်က ရှာဖွေတွေ့ရှိခဲ့သည့် မော်မောင်းလယန်ကျေးရွာမှ ဦးလှမင်းကို (၃၅ နှစ်)နှင့် ဦးမျိုးကို(၂၅နှစ်) ရုပ်အလောင်းတို့ကို ရှာဖွေတွေ့ရှိထားပြီး ပျောက်ဆုံးနေသူ နှစ်ဦးထက်မနည်း ရှိနေကြောင်း သိရသည်။ **တာလင်းမောင်(ပြန်/ဆက်)**

မြေစာပုံပြိုကျ၍ ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေနေစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၂၃ . ၄ . ၂၀၂၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
၇:၀၀ – Breakfast News
၇:၃၅ – NRC အစီအစဉ် "ချင်း(ချိုး)ရိုးရာ ဝတ်စားဆင်ယင်မှုများနှင့် အဓိပ္ပာယ်များ"
၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (နယ်စပ်ရေးရာဝန်ကြီးဌာန)
၉:၃၅ – "လှပစုံလင် အာဆီယံတစ်ခွင်"
၁၂:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း– ၃၄)

ညပိုင်း

၁၇:၃၅– လူမှုစီးပွားမြင်ကွင်းများ
၁၈:၂၅ – မျက်မှောက်ရေးရာအဖြာဖြာ
၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း– ၃၅)
၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
– သမိုင်းကို ဖော်ပြသော ဝါကျများ "လူ့ရှင်တော်ကြီး ဦးစိန်ရိုးနှင့် တွေ့ဆုံခြင်း"(အပိုင်း–၂)
– ဟိုးတုန်းက ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "အများကြီးမောတဲ့ သားသမီးဇော"
– တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

လှိုင်သာယာတရားရုံး အချုပ်ခန်းဖောက်ပြေးသူ ၁၆ ဦးကို အချိန်မီပြန်လည်ထိန်းသိမ်းနိုင်ခဲ့

ရန်ကုန် မေ ၂၂

လှိုင်သာယာမြို့နယ် တရားရုံးအချုပ်ခန်းတွင် ထားရှိသော အချုပ်သား ၁၆ဦး မေ ၂၁ ရက် ညဥ့်သန်းခေါင်အချိန်၌ ထွက်ပြေးခဲ့ရာ ယနေ့ညနေပိုင်းတွင် အဆိုပါ အချုပ်သားအားလုံးကို အချိန်မီ ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မေ ၂၁ ရက် နံနက် ၂ နာရီခွဲခန့်တွင် မြို့နယ်တရားရုံး အချုပ်ခန်းသော့ကို မီးရှို့၍ အချုပ်သား ၁၆ ဦး ထွက်ပြေးရာ သုံးဦးကို ချက်ချင်းဖမ်းဆီးရမိခဲ့ကြောင်း၊ ကျန်ထွက်ပြေးသွားသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ၁၃ ဦးလုံးကို ဖမ်းဆီးရမိပြီး ဆက်လက်စစ်ဆေးနေကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်က ပြောသည်။

လှိုင်သာယာမြို့မရဲစခန်းရှိ အချုပ်နှစ်ခန်းတွင် အချုပ်သား ဦးရေ ၅၀ ထားရှိနိုင်ပြီး လက်ရှိတွင် အချုပ်သား ၆၄ ဦးရှိကြောင်း၊ အချုပ်သား ၁၇ ဦး ထားရှိနိုင်သော သောင်ကြီးစခန်း အချုပ်ခန်းတွင် အချုပ်သားလေးဦးရှိပြီး ကိုဗစ်–၁၉ ရောဂါကာလတွင် အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ရန် အချုပ်သား ရာကျော်ရှိရာ လှိုင်သာယာရဲစခန်းတွင် မဆံ့သောကြောင့် မြို့နယ်တရားရုံး၌ မေ ၁၀ ရက်မှ စ၍ ၆၂ ဦးကိုခွဲ၍ ချုပ်ထားခဲ့ခြင်းဖြစ်ကြောင်း မြို့မရဲစခန်း မြို့နယ်မှူးရုံးမှ သိရသည်။ ယနေ့ညနေပိုင်းတွင် လှိုင်သာယာမြို့နယ်တရားရုံး အချုပ်ခန်းတွင် ထားရှိသော အချုပ်သားများကိုလည်း အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။

၁၆၄

မူဆယ်မြို့ ဝါဂွမ်းသိုလှောင်ရုံ မီးလောင်မှုဖြစ်

မူဆယ် မေ ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ကောင်းမှုလွယ်ရပ်ရှိ ဝါဂွမ်းသိုလှောင်ရုံတွင် ယမန်နေ့ ည ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညပိုင်းက မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ကောင်းမှုလွယ်ရပ် နေအိမ်ပိုင်ရှင် မအားလှ၊ သိုလှောင်ရုံတာဝန်ခံ ချစ်တူး (ခ)အောင်ကိုဦး၏ ဝါဂွမ်းသိုလှောင်ရုံတွင် သွပ်များကြားမှ သွယ်တန်းထားသော ဝိုင်ယာကြိုးမှာ လေတိုက်ခတ်စဉ် ပေါက်ပြဲ၍ အပူလွန်ကဲရာမှ ဝါဂွမ်းထုပ်များ မီးလောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကို မူဆယ်ခရိုင် မီးသတ်မှ သန္နေတပ်ဖွဲ့ဝင် ၂၀ ၊ အရန်တပ်ဖွဲ့ဝင် ၁၀၀ ၊ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ မီးသတ်ရေသယ်ယာဉ် ကိုးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ရာ ပတ်ဝန်းကျင်အဆောက်အအုံများသို့ မီးကူးစက်မှုမရှိဘဲ သိုလှောင်ရုံနှင့် ဝါဂွမ်းများ ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့် ပတ်သက်၍ သိုလှောင်ရုံတာဝန်ခံ ချစ်တူး(ခ) အောင်ကိုဦးအား မူဆယ်မြို့နယ် ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အယ်လ်စိုး(ပြန်/ဆက်)

မြဝတီနှင့် ဘားအံမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် နံနက် ၁၁ နာရီခွဲက မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ကျွန်းတောလမ်းတွင် ဇော်ဇော်(ခ)မောင်ကျော် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ကြာအင်းတောင်ပတ်လမ်းနေ ပိုင်စိုးဦး(ခ)သားပု၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ် ၁၇၂၃ တန်ကျော် ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်မှ ၁၉ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၄၃ ဒသမ ၁၆၁၁ တန်၊ သစ်မာ ၂၈၇ ဒသမ ၁၄၉၉ တန်၊ အခြား ၉၉၃ ဒသမ ၁၇၂၉ တန်၊ စုစုပေါင်း ၁၇၂၃ ဒသမ ၄၈၃၉ တန်၊ ပြစ်မှုကျူးလွန်သူ ၁၁၂ ဦး၊ ယာဉ်/ယန္တရား ၈၇ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

သီပေါတိုးဂိတ်ကို ၁၂ ဘီးယာဉ်က ဝင်တိုက်မိ

သီပေါ မေ ၂၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မန်ဟဲဝင် Dontal High Way တိုးဂိတ်၌ ယနေ့မွန်းလွဲ ၂ နာရီက လားရှိုးမှ မန္တလေးသို့ဆင်းမည့် ယာဉ်မောင်း ဇော်မျိုးမောင်းနှင်သော ၁၂ ဘီးယာဉ်အမှတ် 8C/---- သည် ဘရိတ်ပေါက်၍ တိုးဂိတ်ကောင်တာကို ဝင်တိုက်မိရာ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦး၏ ဦးခေါင်းကို ထိခိုက်မိသဖြင့် နယ်စည်းမခြား ပရဟိတမော်တော်ယာဉ်ဖြင့် သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အမှတ်(၁၂၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စိတ်(သီပေါ)တာဝန်ခံ ရဲတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပြီး သီပေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကောလင်းမြို့နယ်၌ အမျိုးသားတစ်ဦး ရုပ်အလောင်းတွေ့ရှိ

ကောလင်း မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျွန်းတောကျေးရွာတောင်ဘက် နှစ်ဖာလုံခန့်အကွာ အင်တိုင်းတောစပ် တဲတစ်လုံးပေါ်တွင် အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

သတင်းပေးပို့ချက်အရ ကောလင်းမြို့ မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမျိုးသူနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နာရေးကူညီမှုအသင်းဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ပြီး ရုပ်အလောင်းကို ဆေးရုံသို့ ပို့ဆောင်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။ ဖြစ်စဉ်တွင် သေဆုံးသူအနီးမှ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/ဟပန(နိုင်) ၀၆၆၆၆၆၊ လှဘုန်း(ဘ)ဦးမောင်ထွေး၊ ဟိုပုန်းမြို့ တောင်ရပ်ကွက် န–မ ၅ ဟု ဖော်ပြထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု တွေ့ရှိခဲ့ကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

တရားမဝင် စားသောက်ကုန်များနှင့် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းမိ

နေပြည်တော် မေ ၂၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မေ ၂၁ ရက်တွင် မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၇၆ စီး၊ သွင်းကုန် ၆၂၀ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅ ဒသမ ၃၈၈ သန်းတန်ဖိုးရှိ စားသောက်ကုန်နှင့် တိုယိုတာ Alphard လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အမေရိကန်သမ္မတက အမေရိကန်လုပ်သားထုကိုကာကွယ်ရန် လူဝင်မှုကိုတစ်စိတ်တစ်ပိုင်းတားမြစ်ပြီး အမြဲတမ်းနေထိုင်ခွင့်ဗီဇာ ထုတ်ပေးခြင်းကို နှစ်လရပ်ဆိုင်း

ဝါရှင်တန် မေ ၂၂

ကမ္ဘာကြီးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကြီးနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂက သတိပေးလိုက်သလို ကိုဗစ်-၁၉ ကြောင့် စီးပွားရေး ဆိုးရွားစွာဖြစ်ပေါ်လာသည့်အခြေအနေမှ အမေရိကန်အလုပ်သမားထုကို ကာကွယ်သည့်အနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်လူဝင်မှုကို တစ်စိတ်တစ်ပိုင်းတားမြစ်ပိတ်ပင်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၂ ရက်က ဖော်ပြလိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်

လူပေါင်း ၁၇၇၀၀၀ သေဆုံးစေခဲ့သလို ကူးစက်ခံရသူပေါင်း ၂ ဒသမ ၅ သန်းကျော်ရှိလာသည့် ကိုဗစ်-၁၉ ကို ကမ္ဘာ့နိုင်ငံများက အားကြိုးမာန်တက် တိုက်ဖျက်နေရုံသာမကကမ္ဘာ့စီးပွားရေးအပေါ်ဆိုးကျိုးသက်ရောက်စေမှုကို ကန့်သတ်နိုင်ရန် နည်းလမ်းများလည်း ရှာဖွေလျက်ရှိသည်။

သန်းချီအလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်ပေါ်

ကမ္ဘာ့လူဦးရေထက်ဝက်ကျော်အလုံပိတ်ပုံစံ တစ်မျိုးမျိုးဖြင့် နေထိုင်နေကြရသလို စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းခဲ့ရပြီး သန်းချီအလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ကမ္ဘာကြီးသည် ကြီးမားသည့်စီးပွားရေးကပ်ဆိုက်ပြီးချိန်မှစကာ ယခုအချိန်သည် တကယ့်အဆိုးရွားဆုံး စီးပွားရေးအကျဘက်သို့ ဦးတည်လာသည့် အချိန်နှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ကိုဗစ်-၁၉ သည် ဆင်းရဲချမ်းသာမရွေး အကျပ်တည်းဆုံးအနေအထားအထိ ရိုက်ခတ်နိုင်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့သည် ကမ္ဘာ့ကျန်းမာရေးကပ်ရောဂါနှင့် ရင်ဆိုင်နေရသည်သာမက ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကြီးနှင့်လည်း ရင်ဆိုင်နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး ဒေးဗစ်ဘက်စ်လေက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ယမန်နေ့က ပြောကြားလိုက်သည်။

သန်းနှင့်ချီသည့် အရပ်သားများသည် ပဋိပက္ခကြောင့် ထိတ်လန့်နေရသော နိုင်ငံများတွင် နေထိုင်နေရပြီး အငတ်ဘေးဆိုက်ရောက်မှုနှင့် ရင်ဆိုင်ရမည့် အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

ရက်ပေါင်း ၆၀ ရပ်နား

အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးယိမ်းယိုင်မှုဖြစ်လာပြီးနောက် လူပေါင်း ၂၂ သန်း အလုပ်အကိုင်များ ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမြဲတမ်းနေထိုင်ခွင့်ဗီဇာ (အစိမ်းကတ်)ထုတ်ပေးမှုကိုလည်း ရက်ပေါင်း ၆၀ ရပ်နားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**

ဆင်းရဲသည့်နိုင်ငံများတွင် အောက်ဆီဂျင်ပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း ကျွမ်းကျင်သူများသုံးသပ်

အစ္စလမ္မာဘတ် မေ ၂၂

ကိုဗစ်-၁၉ သည် အာဖရိကနှင့် တောင်အာရှရှိ ခုခံနိုင်မှုနည်းပါးသောနိုင်ငံများ (ဆင်းရဲသောနိုင်ငံများ)သို့ ကူးစက်ပြန့်ပွားလာရာ လူများ၏အသက်ရှုမှုကိုကူညီရန် အသက်ရှူအထောက်အကူပြုကိရိယာမဟုတ်ဘဲ အောက်ဆီဂျင် ပိုမိုလိုအပ်လာကြောင်း ကျွမ်းကျင်သူများက နိုင်ငံတကာသတင်းတစ်ခုတွင် မေ ၂၂ ရက်က ဖော်ပြလိုက်သည်။

ကာကွယ်ဆေးကို စောင့်ဆိုင်းနေရ

ကမ္ဘာကြီးအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စောင့်ဆိုင်းနေရသည့်အချိန်တွင် ဆေးရုံများ၌ အောက်ဆီဂျင်ပေးသည့်ကုသခြင်းသည် အသက်ကယ်ရန် အဓိကလိုအပ်သော နည်းလမ်းတစ်ခုဖြစ်သည်နှင့်အညီ အထူးသဖြင့် ကိုဗစ်-၁၉ ပြင်းထန်ဝေဒနာသည်များကို အဆိုပါနည်းဖြင့် ကုသလျက်ရှိကြောင်း သိရသည်။

ဆိုးကျိုးပေးလွန်းသောရောဂါ

ကိုဗစ်- ၁၉ သည် အဆင့်မြင့်ကျန်းမာရေးစနစ်များ၏ စွမ်းပကားကိုပင် ကျော်လွန်ကာ နောက်ဆုံးပေါ် အသက်ရှူအထောက်အကူပြုကိရိယာဖြင့် အသက်ရှူရာတွင် အကူအညီပေးရအောင် ဆိုးကျိုးပေးလွန်းသောရောဂါ ဖြစ်သည်။

သို့သော်လည်း အဆိုပါနည်းလမ်းကို ထိရောက်သောတုံ့ပြန်မှုအဖြစ် အထူးသဖြင့် ဆင်းရဲသောနိုင်ငံများက တလွဲဆံပင်ကောင်းသွားမည်ကို ကျွမ်းကျင်သူများက စိုးရိမ်လျက်ရှိသည်။

တကယ်တမ်း အာဖရိကနှင့် အာရှ ပစိဖိတ်ဒေသတွင် အောက်ဆီဂျင်ဖြင့်ကုသမှုသည်သာ အကောင်းဆုံးကုသနည်းဖြစ်ကြောင်း၊ လူများ၏ အသက်ကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း မဲလ်ဘုန်းတက္ကသိုလ်ဆေးရုံနှင့် နိုင်ငံတကာကလေးကျန်းမာရေးဌာန၏ သုတေသနပညာရှင်နှင့် ကလေးကျန်းမာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဟာမစ်ရှ် ဂရာဟမ်က ပြောကြားလိုက်သည်။

အောက်ဆီဂျင်ကုသမှုမရှိဘဲ အသက်ရှူအထောက်အကူပြုကိရိယာကိုသာ လွန်လွန်ကဲကဲဂရုပြုမိမည်ကို မိမိအနေဖြင့် စိုးရိမ်မိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အေအက်ဖ်ပီ**

ကလေးငယ်တစ်ဦးအား အောက်ဆီဂျင်ပေးကုသနေသည်ကို တွေ့ရစဉ်။

ဂျပန်နိုင်ငံ နာဂါဆာကီစီရင်စုရှိ အပျော်စီးဇိမ်ခံသင်္ဘောပေါ်တွင် ကိုဗစ်- ၁၉ ကူးစက်မှု အစုလိုက်အပြုံလိုက်တွေ့ရှိ

တိုကျို မေ ၂၂

ဂျပန်နိုင်ငံအနောက်ပိုင်း နာဂါဆာကီစီရင်စုတွင် ဆိုက်ကပ်ထားသော အီတလီ အပျော်စီးဇိမ်ခံသင်္ဘောပေါ်မှ ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၃ ဦး တွေ့ရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက မေ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

ကို့စ်တာအတ္တလန်တီကာအပျော်စီးဇိမ်ခံသင်္ဘောသည် ပြင်ဆင်ရန် နာဂါဆာကီဆိပ်ကမ်းရှိ မစ်ဆူဘီရှိ အကြီးစားစက်မှုလုပ်ငန်း သင်္ဘောကျင်းတွင် ဆိုက်ကပ်ထားသည်။ ယင်းသင်္ဘောပေါ်တွင် ခရီးသွားများမပါဘဲ သင်္ဘောအမှုထမ်းပေါင်း ၆၂၃ ဦးရှိသည်။

ကိုဗစ်-၁၉ တွေ့ရှိရာ အီတလီ အပျော်စီးဇိမ်ခံသင်္ဘောကို တွေ့ရစဉ်။

လွန်ခဲ့သည့်နှစ်ရက်က သင်္ဘောသားတစ်ဦးတွင် ကိုဗစ်-၁၉ တွေ့ရှိကြောင်း အတည်ပြုချက် ရရှိခဲ့ပြီးနောက် ကျန်းမာရေးဝန်ထမ်းများက အခြား ၅၇ ဦးကို ထပ်မံစမ်းသပ်ခဲ့ကြောင်း၊ စမ်းသပ်ခံများတွင် ကိုဗစ်-၁၉ တွေ့ရှိသူနှင့် နီးနီးကပ်ကပ် ဆက်ဆံခဲ့သော ထမင်းချက်လည်း ပါဝင်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရသူ သင်္ဘောသား ၃၃ ဦးလုံး ဆိုးဆိုးရွားရွား မရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

သင်္ဘောပေါ်တွင် ကိုဗစ်-၁၉ ကူးစက်ခံရမှု အစုလိုက်အပြုံလိုက် တွေ့ရကြောင်း အာဏာပိုင်များက ပြောသည်။ ဒေသအာဏာပိုင်များသည် ကိုဗစ်-၁၉ ထပ်မံကူးစက်ပျံ့နှံ့ခြင်းမရှိရန် ဗဟိုအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ကိုဗစ် -၁၉ ကြောင့် ရေနံဈေးဖရိုဖရဲဖြစ်မှုသည် ရေနံဈေးကွက်ကို နောက်တစ်ကြိမ်ကိုင်လှုပ်

ဝါရှင်တန် မေ ၂၂

ကိုဗစ်-၁၉ သည် ကမ္ဘာ့စွမ်းအင်ဝယ်လိုအားကို အကြီးအကျယ်ထိခိုက်ပျက်စီးစေပြီး ရေနံရောင်းလိုအားကို ဆိုးရွားစွာထိခိုက်စေခဲ့သည့်အတွက် အမေရိကန်ရေနံစိမ်း ဈေးကွက်ရှေ့အလားအလာသည် ပထမဆုံး အကြိမ်အဖြစ် သုညအောက်ရောက်ရှိခဲ့ကာ ရေနံဈေးဖရိုဖရဲဖြစ်မှုသည် ရေနံဈေးကွက်ကို နောက်တစ်ကြိမ်ကိုင်လှုပ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ရေနံကုမ္ပဏီမြောက်မြားစွာရုံးစိုက်ရာ ဟူစတန်မြို့ကို တွေ့ရစဉ်။

ရင်းနှီးမြှုပ်နှံသူများ ကလည်း ကမ္ဘာ့စီးပွားရေးဆိုးရွားစွာ ကျဆင်းသွားမည်ကို စိုးရိမ်လျက်ရှိသလို သွင်းကုန်၊ ပို့ကုန်များအရှုံးပေါ်ခြင်းက ကမ္ဘာ့ရှယ်ယာဈေးကွက်ကို တစ်ရစ်ပြီး တစ်ရစ်ကျဆင်းလာစေသည်။

ဝက်စ်တက္ကဆက် အင်တာမီဒီယိတ် (ဒဗလျူတီအိုင်) ရေနံစံသတ်မှတ်ချက်ဈေးနှုန်းသည် မမျှော်မှန်းနိုင်လောက်အောင် အနုတ်ဈေးသို့ ကျဆင်းလာခဲ့သည်။

အနုတ်ဈေးသို့ ကျဆင်းလာသည်ဆိုခြင်းမှာ ကုန်သည်များက ဝယ်သူများကို အလိုလိုက်အကြိုက်ဆောင်ပြီး ရှာဖွေလာရခြင်းကို ဆိုလိုသည်။

ကိုဗစ်-၁၉ ကြောင့် ပိတ်ဆို့မှုများ ပြုလုပ်ရသည့်အတွက် ကမ္ဘာ့စီးပွားရေးတိုးတက်နှုန်း ကျဆင်းလာချိန်တွင် ရေနံဈေးကွက်သည်လည်း ရောင်းအားပိုလျှံမှုကြောင့် ကမောက်ကမ အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ရေနံဈေးကွက်ကစားသူများက ဝယ်သူများကို မက်လုံးပေးပြီး သတ်မှတ်သည့် မျက်မြင်သိုလှောင်ပမာဏရောက်ရှိအောင် လုပ်ဆောင်နေကြကြောင်း စွမ်းအင်ဈေးကွက်လေ့လာသူ လောက်စီဒစ်ဆွန်က ပြောကြားလိုက်သည်။

အေအက်ဖ်ပီ

ဒေါ်နယ်ထရမ့်နှင့် ဘောရစ်ဂျွန်ဆင်တို့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြန်လည်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ကတိပြု

၂၀၁၉ ခုနှစ်က ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့် တွေ့ဆုံစဉ်။

ဝါရှင်တန် မေ ၂၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် တို့သည် မေ ၂၁ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြစဉ် အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ပြန်လည်ဖွင့်နိုင်ရေး အနီးကပ်ပူးပေါင်းဆောင်ရွက်ကြရန် ထပ်လောင်း ကတိကဝတ်ပြုခဲ့ကြကြောင်း အိမ်ဖြူတော်က ဖော်ပြခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဆေးဝါးစောင့်ရှောက်ရေးနှင့် အထောက်အပံ့ပစ္စည်းများ လိုအပ်သည့်နေရာ အားလုံးသို့ သေချာစွာရောက်ရှိစေရေး ဂျီ - ၇ နှင့် ဂျီ - ၂၀ နိုင်ငံများနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြမည်ဟု ထပ်လောင်းကတိပြုခဲ့ကြကြောင်း အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ကမ္ဘာ့ရေးရာများလည်း ဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ၎င်းကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သတင်းစကားမျှဝေခဲ့သည်။ အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံလုံးသည် ကိုဗစ်-၁၉ ရောဂါကို ဆိုးဆိုးရွားရွားထိခိုက်ခံစားခဲ့ရသည်။

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်မှုသည် မေ ၂၁ ရက်ညနေပိုင်းတွင် ရှစ်သိန်းကျော် အထိရောက်ရှိလာခဲ့ပြီး သေဆုံးသူ အရေအတွက် ၉၃၉၀၀ အထိရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြ သည့် ကိန်းဂဏန်းအရ သိရသည်။

ဗြိတိန်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၂၉၀၄၄ ဦးအထိရှိနေပြီး သေဆုံးသူအရေအတွက် ၁၇၃၃၇ ဦးဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးအဖွဲ့က ဖော်ပြသည်။

ဆင်ဟွာ

အာဖဂန်၌ ညသန်းခေါင်အချိန်ဖြစ်ပွားသည့် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၂၃ ဦးသေဆုံး

အာဖဂန်သမ္မတ မိုဟာမက်အက်ရှာရက်ဖ်ဂါနီ

ကဘူးလ် မေ ၂၂

အာဖဂန်ရှိ ပြည်နယ်သုံးခုတို့တွင် မေ ၂၁ ရက် ညပိုင်းက တစ်နေရာစီဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၂၃ ဦးနှင့် စစ်သွေးကြွ ၃၁ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ပိုင်း ဆာရီပါလ်ပြည်နယ် ဆာရီပါလ်မြို့ ဆင်ခြေဖုံးနေရာများရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်များကို တာလီဘန်စစ်သွေးကြွအဖွဲ့က တိုက်ခိုက်ခဲ့ပြီးနောက် အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အရှေ့ပိုင်း လော်ဂါပြည်နယ်တွင် စစ်သွေးကြွများက အိုင်အက်ကြေးနီသတ္တုတွင်း လုံခြုံရေးစစ်ဆေးရေးဂိတ်ကို တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးခဲ့ကြောင်း သတ္တုတွင်းနှင့် ရေနံတူးဖော်ရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦး၏ ပြောကြားချက်ကို ဒေသမီဒီယာက ကိုးကားဖော်ပြသည်။

တောင်ပိုင်းကန်ဒါဟာပြည်နယ်ရှိ ဇာရီ၊ စပင်ဘိုလ်ဒက်နှင့် မီယန်ရှင်ဒေသများတွင် တာလီဘန်အဖွဲ့၏ တိုက်ခိုက်မှုကို အာဖဂန်လုံခြုံရေး တပ်ဖွဲ့က ခုခံတိုက်ခိုက်ခဲ့မှုအတွင်း ရဲတပ်ဖွဲ့အရာရှိလေးဦးကျဆုံးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဂျာမယ်လ်ဘာရက်ဇိုင်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အာဖဂန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်နေရ ချိန်တွင် အာဖဂန်သမ္မတ မိုဟာမက် အက်ရှာရက်ဖ်ဂါနီသည် ငြိမ်းချမ်းမှုကိုထိန်းသိမ်းရန်နှင့် အရေးကြီးဆုံးဖြစ်သည့် ကပ်ရောဂါတိုက်ဖျက်မှုကို ဆောင်ရွက်ရန်အတွက် အပစ်အခတ်ရပ်စဲရေးတစ်ရပ် သဘောတူညီရန် တာလီဘန်တို့ကို အကြိမ်ကြိမ်တိုက်တွန်းခဲ့သော်လည်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားခဲ့သည်။

ဆင်ဟွာ

ကင်မရွန်း၌ ကိုဗစ်-၁၉ ကို ကာကွယ်နိုင်ကြောင်း အတည်ပြုနိုင်ခြင်းမရှိသေးသည့် ကလိုရိုကွင်းဆေးဝါးအတု အမြောက်အမြားဖမ်းဆီးရမိ

ရောင်ဒီး မေ ၂၂

ကင်မရွန်းနိုင်ငံ အက်ဒမာဝါ တောင်တန်းဒေသရှိ နာအွန်ဒီရီမြို့တွင် ငှက်ဖျားရောဂါပျောက်ဆေးအဖြစ် အသုံးပြုသည့် ကလိုရိုကွင်းဆေးအတုများပါရှိသည့် သေတ္တာပေါင်း ၂၁၀ ကို မေ ၂၁ ရက်က အကောက်ခွန်ဌာနက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထောင်နှင့်ချီသည့်ဆေးဝါးအတုများသည် အိမ်နီးချင်း နိုင်ဂျီးရီးယားမှတစ်ဆင့် ကင်မရွန်းနိုင်ငံသို့ တရားမဝင်ခိုးသွင်းနေခြင်း ဖြစ်သည်။

ဆေးဝါးအတုများကို သယ်ဆောင်လာသည့် ကုန်တင်ယာဉ်သည် နိုင်ဂျီးရီးယားမှ ပြန်ထွက်သွားချိန်တွင် ကမ္ဘာ့အကောက်ခွန် အဖွဲ့အစည်းက ကင်မရွန်းအကောက်ခွန်ဌာနသို့ သတိပေးအကြောင်းကြားခဲ့သည်။

ကုန်တင်ယာဉ် မောင်းသူကို ကိုယ်ရေးအချက်အလက်နှင့် စာရွက်စာတမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် ရပ်တန့်စစ်ဆေးခဲ့ရာတွင် ဈေးကွက်အတွင်း ရောင်းချရန်ခွင့်ပြုချက်နှင့် အဆိုပါဆေးဝါးများအတွက် နည်းပညာဆိုင်ရာ ဗီဇာပြသနိုင်ခဲ့ခြင်းမရှိကြောင်း အကောက်ခွန်ဌာန အကြီးတန်းအာဏာပိုင် အီပိုမဘာပီက ပြောကြားခဲ့သည်။ ကင်မရွန်းနိုင်ငံ၌ ကလိုရိုကွင်းဆေးဝါးအတု အမြောက်အမြား ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှု တိုးပွားလာကြောင်း အာဏာပိုင်များက ဖော်ပြသည်။ ငှက်ဖျားရောဂါကုသရာတွင် အသုံးပြုသည့် အဆိုပါဆေးသည် ကိုဗစ်-၁၉ ကူးစက်မှုကို ကာကွယ်နိုင်သည်ဟု လူပြောများနေသော်လည်း ခိုင်လုံသည့် အထောက်အထား ပြသနိုင်ခြင်း မရှိသေးပေ။

ပြီးခဲ့သည့် ရက်သတ္တပတ်က နိုင်ငံအတွင်းရှိ ကျန်းမာရေးအာဏာပိုင်များသည် ဆေးဝါးအတုအပများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ဆေးကုမ္ပဏီခြောက်ခုကို ပိတ်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။

ဆင်ဟွာ

အီရန်နိုင်ငံက စစ်သုံးဂြိုဟ်တုတစ်စင်းကို လွှတ်တင်လိုက်နိုင်ကြောင်း ကြေညာ

တီဟီရန် မေ ၂၂

ပင်လယ်ကွေ့ဒေသအတွင်း၌ အမေရိကန်တပ်ဖွဲ့များနှင့် တင်းမာမှုများ အသစ်တစ်ဖန်ပြန်လည်ပေါက်ဖွားလာနေချိန်တွင် အီရန်နိုင်ငံ၏ ပထမဆုံး စစ်ဘက်ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က မေ ၂၂ ရက်တွင် ကြေညာလိုက်သည်။

အမေရိကန်ကမူ အီရန်၏ ဂြိုဟ်တုအစီအစဉ်သည် ယင်း၏ဒုံးကျည်တည်ဆောက်ရေးအစီအစဉ်များကိုပါ ဖုံးကွယ်ရန်ကြိုးပမ်းသည့် အစီအစဉ်တစ်ခုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် ယင်း၏အာကာသဆိုင်ရာ လှုပ်ရှားမှုများသည် နိုင်ငံတကာ စည်းမျဉ်းဥပဒေများနှင့်ကိုက်ညီကြောင်း ယခင်ကတည်းက အခိုင်အမာ ပြောဆိုခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း အမေရိကန်သည် ပင်လယ်ကွေ့ဒေသအတွင်းရှိ ၎င်း၏သင်္ဘောများကို အီရန်က အနှောင့်အယှက်ပေးနေကြောင်း စွပ်စွဲလိုက်ပြီးနောက် နှစ်နိုင်ငံအကြား ရှိရင်းစွဲတင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့သည်။

ဂြိုဟ်တုလွှတ်တင်မှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့မှုသည် အီရန်အတွက်သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

စင်ကာပူ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်ထောင်ကျော်ထပ်မံတွေ့ရှိ

စင်ကာပူ မေ ၂၂

စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၁၆ ဦးကို မေ ၂၂ ရက်တွင် ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် နိုင်ငံတစ်ဝန်းရောဂါကူးစက်ခံရသူအရေအတွက် တစ်သောင်းကျော်ရှိသွားပြီဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။

ရောဂါထပ်မံကူးစက်ခံရသူများ အနက် ၁၅ ဦးမှာ စင်ကာပူနိုင်ငံသား ဒေသခံပြည်သူများ ဖြစ်ကြပြီး ပြည်တွင်းရှိ အလုပ်သမားလိုင်းခန်းများတွင်နေထိုင်ကြသည့် ပြည်ပလုပ်သားများအကြား ရောဂါကူးစက်ခံရမှုမှာလည်း ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

ယင်းအခြေအနေများက စင်ကာပူ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် ၁၀၁၄၁ ဦးအထိ တိုးပွားလာစေခဲ့သည်။

နောက်ထပ်ရောဂါကူးစက်ခံရမှုများကို အသေးစိတ်ဖော်ထုတ်သိရှိနိုင်ရေးအတွက် ကြိုးပမ်းနေကြောင်းနှင့် နောက်ဆုံးရအခြေအနေများကိုလည်း မေ ၂၂ ရက်ညပိုင်းတွင် ထုတ်ပြန်ဖော်ပြပေးသွားမည် ဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

စင်ကာပူရှိ ရွှေ့ပြောင်းလုပ်သားများနေထိုင်သည့် အိမ်ရာတစ်ခုကို တွေ့ရစဉ်။

လော့ခ်ဒေါင်းကာလမှာ ကြည်လင်သွားသောကောင်းကင်၊ သန့်စင်သွားသော ဂင်္ဂါမြစ်

ကလျာမိုးမြင့်

တခြားသော ကမ္ဘာ့နိုင်ငံတွေလိုပဲ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကို ခံစားနေရတဲ့ အိန္ဒိယနိုင်ငံဟာ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ဖို့အတွက် နိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမှန်သမျှကို ရပ်နားလိုက်ပါတယ်။ ဒီလို ရပ်နားလိုက်တဲ့အခါ တွေ့မြင်လာရတဲ့ အပြောင်းအလဲတစ်ခုကတော့ လေထုညစ်ညမ်းမှု ဆိုးဆိုးရွားရွားဖြစ်နေတဲ့ အိန္ဒိယမြို့ကြီးတွေရဲ့ကောင်းကင်ဟာ အပြာရောင်သန်းတဲ့ ကောင်းကင်အဖြစ် ပြန်ပြောင်းလာခဲ့ပြီး ပတ်ဝန်းကျင်လေထုဟာလည်း ပြန်ပြီး သန့်ရှင်းလတ်ဆတ်လာခဲ့ခြင်းပါပဲ။

အံ့အားသင့်

နိစ္စဓူဝရှင်သန်လှုပ်ရှားနေထိုင်လာတဲ့ မှတ်တမ်းတစ်လျှောက်မှာ ဒီလောက်အနေအထားမျိုးအထိ လေထုညစ်ညမ်းမှုလျော့ကျသွားတာကို တစ်ခါမှမတွေ့မမြင်ခဲ့ရဖူးတဲ့အတွက် အိန္ဒိယပြည်သူတွေ အံ့အားသင့်ခဲ့ကြရပါတယ်။ လူတွေက အစက်အပြောက် အစွန်းအထင်းမရှိလောက်အောင် ကြည်လင်နေတဲ့ကောင်းကင်ကို မှတ်တမ်းရိုက်ကူးထားတဲ့ ပုံရိပ်တွေ လူမှုကွန်ရက်မှာ မျှဝေခဲ့ကြပါတယ်။ မြို့ကြီးတွေကနေ လှမ်းမြင်နေရတဲ့ ဟိမဝန္တာတောင်ထိပ်ဟာဆိုရင်လည်း ဆယ်စုနှစ်တွေကြာအောင် မြူတွေပိတ်ဖုံးလာခဲ့ရာကနေ အခုတော့ ကြည်ကြည်လင်လင်မြင်တွေ့နေရပါပြီ။

အောင်ပွဲခံ

ကမ္ဘာ့အဆိုးရွားဆုံး လေထုညစ်ညမ်းမှု အခြေအနေအချို့ကို ပုံမှန်မှတ်တမ်းယူနေတဲ့ နယူးဒေလီမြို့ ဒေသခံတစ်ဦးဖြစ်သူ လူမှုအသိပေးအဖွဲ့တစ်ဖွဲ့က မြို့တော်ရဲ့ သန့်ရှင်းတဲ့ သဘာဝပတ်ဝန်းကျင် အခြေအနေကို အောင်ပွဲခံတဲ့ အထိမ်းအမှတ်ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံရေးသမားတစ်ဦးလည်းဖြစ်၊ စာရေးဆရာတစ်ဦးလည်းဖြစ်တဲ့ ဆာရီသာရာက ပြာလွင်နေတဲ့ ကောင်းကင်မြင်ကွင်းနဲ့ သန့်ရှင်းလတ်ဆတ်တဲ့လေကို ရှူရှိုက်နေရတဲ့ ပျော်ရွှင်မှုက နောက်ထပ်ကျန်ရှိတဲ့အချိန်တွေမှာ ကျွန်ုပ်တို့ဘာလုပ်လိုက်တယ်ဆိုတာကို ဖော်ပြလိုက်တဲ့ နှိုင်းယှဉ်ချက်တစ်ခုပဲလို့ ရေးသားခဲ့ပါတယ်။

ဆိုးဆိုးရွားရွား လေထုညစ်ညမ်းခဲ့

လွန်ခဲ့တဲ့ခြောက်လအကြာလောက်က နယူးဒေလီမြို့ကြီးဟာ သက်ပြင်းတွေချနေခဲ့ရပါတယ်။ လေထုညစ်ညမ်းမှုဟာ မခံမရပ်နိုင်တော့လောက်တဲ့ အဆင့်အထိရောက်နေပြီလို့ အာဏာပိုင်တွေက ပြောခဲ့ကြတယ်။ ကျောင်းတွေကို ပိတ်ထားခဲ့ရပြီး လေကြောင်းခရီးစဉ်တွေကို ရပ်နားခဲ့ရတယ်။ ပြည်သူတွေကိုလည်း ညစ်ညမ်းတဲ့လေထုကနေ ကာကွယ်ဖို့နှာခေါင်းစည်းတွေ တပ်ဆင်ဖို့ တိုက်တွန်းခဲ့ရသလို ညစ်ညမ်းမှုဖြစ်ပေါ်နေတဲ့ နေရာတွေမသွားဖို့၊ နေအိမ်တံခါးပေါက်နဲ့ ပြတင်းပေါက်တွေ ပိတ်ထားကြဖို့ ညွှန်ကြားခဲ့ရပါတယ်။

ဂင်္ဂါမြစ်ကမ်းတစ်နေရာ၌ ဒေသခံပြည်သူအချို့ လှုပ်ရှားသွားလာမှုကို တွေ့ရစဉ်။

ပြည်သူတစ်သန်းကျော်သေဆုံးရ

ကမ္ဘာ့အဆိုးဆုံး လေထုညစ်ညမ်းမှုဖြစ်ပွားနေတဲ့ နေရာပေါင်း ၂၀ စာရင်းမှာ နယူးဒေလီနဲ့ တခြားအိန္ဒိယ မြို့ကြီး ၁၃ ခု ပါဝင်နေပါတယ်။ ပိုဆိုးတာက လေထုညစ်ညမ်းမှုနဲ့ ဆက်နွှယ်တဲ့ ရောဂါဖြစ်ပွားမှုတွေကြောင့် နှစ်စဉ်နှစ်တိုင်း အိန္ဒိယပြည်သူ တစ်သန်းကျော်လောက် သေဆုံးနေရပါတယ်။

စက်ရုံကထွက်တဲ့ မီးခိုးတွေ၊ မော်တော်ယာဉ်က ထုတ်လွှတ်တဲ့ မီးခိုးငွေ့တွေ၊ စွန့်ပစ်အမှိုက်မီးရှို့ရာက ထွက်လာတဲ့ အန္တရာယ်ရှိ မီးခိုးငွေ့တွေ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေနဲ့ လမ်းမပေါ်က ဖုန်မှုန့်တွေဟာ လေထုညစ်ညမ်းမှုမှာ အဓိကပါဝင်နေတဲ့ ဓာတ်ကောင်တွေပါပဲ။ မြို့ပြမှာ နေထိုင်ကြတဲ့ အိန္ဒိယပြည်သူတွေဟာဆိုရင်ဖြင့် အခုအခါမှာတော့ နေအိမ်ထဲမှာ နေထိုင်ကြရင်းနဲ့ ကောင်းကင်ပြာကို ငေးမောကြည့်ရှုကာ သန့်စင်တဲ့လေကို ရှူရှိုက်ခွင့်ရနေကြပါပြီ။

ပိတ်ဆို့မှုအချိန်ထပ်တိုး

တစ်နိုင်ငံလုံး အသွားအလာကန့်သတ်ပိတ်ဆို့မှု ချမှတ်ထားတဲ့ အချိန်ကာလကို မေလ ၃ ရက်နေ့အထိ အချိန်ထပ်တိုးထားတယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုဗစ်-၁၉ ကြောင့် မဖြစ်မနေလုပ်ဆောင်ခဲ့ရတဲ့ လော့ခ်ဒေါင်းကာလဟာ အိန္ဒိယနိုင်ငံရဲ့ ညစ်ညမ်းနေတဲ့ လေထုကို အံ့မခန်းသန့်စင်သွားစေခဲ့တာကတော့ ဝမ်းမြောက်စရာ ကောင်းလှပါတယ်။

ဒေါက်တာ ဂူတာခန်ဒါနဲ့ ၎င်းရဲ့သုတေသနအဖွဲ့ဟာ အိန္ဒိယတစ်နိုင်ငံလုံး လေထုအရည်အသွေး စောင့်ကြည့်စစ်ဆေးတဲ့ ဌာနတွေကရတဲ့ အချက်အလက်တွေကို လေ့လာခဲ့ကြပါတယ်။ ၎င်းတို့ဟာ လူပေါင်းသန်း ၂၀ လောက်အထိ နေထိုင်တဲ့ မြို့တော်နယူးဒေလီနဲ့ တခြားဆင်ခြေဖုံးနေရာတွေကို အဓိကထား လေ့လာခဲ့ကြတာပါ။

အဆနှစ်ဆယ်ကျော်ညစ်ညမ်းခဲ့

ပြီးခဲ့တဲ့နှစ် ဆောင်းရာသီမှာ ဒီနေရာတွေက လေထုညစ်ညမ်းမှုအခြေအနေဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အန္တရာယ်မရှိဘူးလို့ သတ်မှတ်ထားတဲ့ ပမာဏထက် အဆနှစ်ဆယ်ကျော် ညစ်ညမ်းမှုဖြစ်ခဲ့တာပါ။ နယူးဒေလီရဲ့ လေထုအတွင်း အန္တရာယ်ရှိတဲ့ PM2.5 အမှုန် ပါဝင်မှုဟာ အသက်ရှူလမ်းကြောင်းနဲ့ နှလုံးသွေးကြောဆိုင်ရာရောဂါတွေ ဖြစ်ပွားနိုင်တဲ့အခြေအနေကို မြင့်တက်စေခဲ့ပါတယ်။ ဒီအမှုန်တွေဟာ အထူးသဖြင့် မီးလောင်မှု၊ မော်တော်ယာဉ်တွေနဲ့ ဓာတ်အားပေးစက်ရုံတွေကနေ အဓိကထွက်ပေါ်လာတာ ဖြစ်ပါတယ်။

အသွားအလာကန့်သတ်ပိတ်ဆို့မှုပြုလုပ်ထားတဲ့ အချိန်အတွင်း နယူးဒေလီမြို့မှာ PM2.5 အမှုန်ပါဝင်မှုဟာ ရက်ပေါင်း ၂၀ အတွင်းမှာ တစ်ကျူဘစ်မီတာမှာ ၂၀ မိုက်ခရိုဂရမ်အထိ ကျဆင်းသွားတယ်လို့ သိရပါတယ်။

မော်တော်ယာဉ်သွားလာမှုလျော့ကျ

၂၀၁၇ နဲ့ ၂၀၁၉ ခုနှစ်အတွင်း နယူးဒေလီမှာ လစဉ် PM2.5 အမှုန်ပါဝင်နှုန်းဟာ လေးဆမက မြင့်တက်ခဲ့ပါတယ်။ အသွားအလာကန့်သတ်လိုက်တဲ့ အချိန်အတွင်းမှာ လမ်းတွေပေါ်သွားလာနေတဲ့ မော်တော်ယာဉ်တွေရဲ့ ၉၀ ရာခိုင်နှုန်းလောက် လျော့ကျသွားပြီး လမ်းတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေက ထွက်တဲ့ ဖုန်မှုန့်တွေ နည်းပါးသွားတဲ့အတွက် လေထုညစ်ညမ်းမှု စံချိန်တင်လောက်အောင် ကျဆင်းသွားတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဂင်္ဂါမြစ်ရေဟာဆိုရင်လည်း သန့်ရှင်းလှပနေပြီး တချို့နေရာတွေမှာဆို မြစ်ရေဟာ ကြည်လင်လွန်းလို့ သောက်သုံးလို့ တောင်ရနေပြီလို့ သိရပါတယ်။ မြစ်ရေအတွင်း ကူးခပ်သွားလာနေကြတဲ့ ငါးနဲ့ တခြားရေသတ္တဝါတွေကိုလည်း မြင်ရပါတယ်။

နည်းပညာမပါတဲ့ အပြောင်းအလဲတစ်ခု

အိန္ဒိယမှာရှိတဲ့ မြစ်တွေတော်တော်များများ ကြည်လင်စွာ စီးဆင်းနေတာ အမှန်ပါပဲ။ အနံ့အသက်ဆိုးတွေလည်း အရင်ကလောက် မရတော့ပါဘူး။ စံချိန်တင်လောက်အောင် ညစ်ညမ်းလာတဲ့ အိန္ဒိယနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင် ဖြစ်စဉ်အားလုံးဟာ နည်းပညာဆိုင်ရာ အကူအညီတွေ ဘာတစ်ခုမျှမပါဘဲ အပြောင်းအလဲကြီး ပြောင်းလဲသွားခဲ့တာပါ။

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကြောင့် ဖြစ်လာတဲ့ အိန္ဒိယရဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုဟာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆက်စပ်ဖြစ်တည်မှု၊ ညစ်ညမ်းမှုနဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍတွေနဲ့ ပတ်သက်ပြီး သင်ခန်းစာတွေပေးခဲ့ပါတယ်။ နှစ်တွေကြာအောင် အချိန်ယူပြီး အစီအမံတွေချမှတ်လုပ်ဆောင်ခဲ့တာတောင် ဂင်္ဂါမြစ်ကိုသန့်စင်သွားအောင် မလုပ်ဆောင်နိုင်ခဲ့တဲ့ အရာတစ်ခုကို ရက်သတ္တပတ်သုံးပတ်အတွင်းမှာ သဘာဝတရားကြီးက အောင်မြင်စွာ လုပ်ပြသွားခဲ့ပါတယ်။ ။

ကိုးကား- ဆိုင်းရင့်စ်ဒေးလီး၊ ဘီဘီစီ

> "တစ်နိုင်ငံလုံး အသွားအလာကန့်သတ်ပိတ်ဆို့မှု ချမှတ်ထားတဲ့ အချိန်ကာလကို မေလ ၃ ရက်နေ့အထိ အချိန်ထပ်တိုးထားတယ်လို့ သိရပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုဗစ်-၁၉ ကြောင့် မဖြစ်မနေလုပ်ဆောင်ခဲ့ရတဲ့ လော့ခ်ဒေါင်းကာလဟာ အိန္ဒိယနိုင်ငံရဲ့ ညစ်ညမ်းနေတဲ့ လေထုကို အံ့မခန်းသန့်စင်သွားစေခဲ့တာကတော့ ဝမ်းမြောက်စရာ ကောင်းလှပါတယ်"

နိုင်ငံတကာသတင်းတိုထွာ

လေယာဉ်တင်သင်္ဘော သီအိုဒိုရူစဗဲ့ပေါ်၌ ကိုဗစ်-၁၉ ကူးစက်ခံထားရသူ ၇၀၀ ကျော်ရှိ

ဝါရှင်တန် မေ ၂၂

ဂူအမ်၌ ကျောက်ချရပ်နားထားသည့် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောတစ်စင်းဖြစ်သည့် ယူအက်စ်အက်စ်သီအိုဒိုရူစဗဲ့ သင်္ဘောပေါ်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၇၀၀ ထက်မနည်းရှိကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

သင်္ဘောပေါ်ရှိ အမှုထမ်းများ၏ ၉၄ ရာခိုင်နှုန်းအထိ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့ကာ သင်္ဘောသား ၃၈၇၂ ဦးထက်မနည်း ဗိုင်းရပ်စ်ကူးစက်ခံရမှုမရှိကြောင်း တွေ့ရှိခဲ့သည်။ ရောဂါဖြစ်ပွားမှုကြောင့် သင်္ဘောသားကိုးဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြသည်။

လေယာဉ်တင်သင်္ဘောပေါ်တွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို အမေရိကန်ရေတပ်နှင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုဌာနတို့က စုံစမ်းစစ်ဆေးမှုတစ်ရပ် ဆောင်ရွက်လျက်ရှိသည်။ လေယာဉ်တင်သင်္ဘောပေါ်မှ ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် သင်္ဘောသားတစ်ဦး ယခုလအစောပိုင်းတွင် နောက်ဆက်တွဲရောဂါလက္ခဏာများဖြင့် သေဆုံးသွားကြောင်း အမေရိကန်ရေတပ်ဖွဲ့က ပြီးခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။ ဆင်ဟွာ

ကားကုမ္ပဏီများက ဥရောပရှိစက်ရုံများကို ပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်

တိုကျို မေ ၂၂

နာမည်ကျော်ကားထုတ်လုပ်ရေး ကုမ္ပဏီအများအပြားက ဥရောပ၌ ရပ်နားထားရသည့် ၎င်းတို့၏ ကားတပ်ဆင်စက်ရုံများကို ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်း သိရသည်။

ပြင်သစ်နိုင်ငံမြောက်ပိုင်း ဗီလန်စီယန်နက်စ်ရှိတိုယိုတာကားတပ်ဆင်စက်ရုံတစ်ရုံမှ ဝန်ထမ်းအလုပ်သမားများသည် လုပ်ငန်းရပ်ဆိုင်းထားရသည့် ရက်သတ္တငါးပတ်အတွင်း ပထမဆုံးအကြိမ်အလုပ်စဆင်းခဲ့ကြသည်။ ကားတပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းစဉ်များကို ပြန်လည်စတင်ဆောင်ရွက်ရန် အလုပ်သမားများက ပြင်ဆင်လျက်ရှိသည်။

ကိုဗစ်-၁၉ ကျရောက်မှုကြောင့် တိုယိုတာ ကုမ္ပဏီသည် ဥရောပတစ်လွှားရှိ ထုတ်လုပ်ရေးလုပ်ငန်းများ အားလုံးကို ရပ်နားထားခဲ့ရသည်။ ထို့အပြင် တိုယိုတာအနေဖြင့် လုပ်ငန်းခွင်အတွင်း ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီးရေးအစီအမံများဆောင်ရွက်ရန်အတွက်လည်း ဒေသအလုပ်သမားသမဂ္ဂနှင့် အာဏာပိုင်များနှင့် သဘောတူညီထားကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

COVID–19 ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် ဒဏ်ရာရရှိမှုနှင့် ကွယ်လွန်မှုအပေါ် ဝမ်းနည်းရပါကြောင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဧပြီလ (၂၂) ရက်နေ့

COVID–19 ဓာတ်ခွဲနမူနာများအား ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ကူညီသယ်ယူပို့ဆောင်ခဲ့စဉ် ဒဏ်ရာရရှိခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ဦးပြည့်စုံဝင်းမောင်သည်(၂၁–၄–၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ကွယ်လွန်ခဲ့မှုအပေါ် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပါသည်။ ဦးပြည့်စုံဝင်းမောင်သည် မိမိတို့နိုင်ငံ COVID–19 ကပ်ရောဂါကြီးအား ကျော်လွှားအောင်မြင်နိုင်စေရန် ပြည်သူများ၏ အကျိုးအတွက် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သူဖြစ်သဖြင့် နိုင်ငံအတွက် တာဝန်ကျေပွန်သူ နိုင်ငံသားတစ်ဦးကို ဆုံးရှုံးခဲ့ရခြင်းလည်း ဖြစ်ပါသည်။

ထို့အပြင် ဓာတ်ခွဲနမူနာများ သယ်ယူပို့ဆောင်စဉ်လိုက်ပါခဲ့သည့် စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) ဦးအောင်မျိုးဦး ဒဏ်ရာများရရှိခဲ့မှုအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် များစွာဝမ်းနည်းပါသည်။ ဦးအောင်မျိုးဦး အမြန်ဆုံးကျန်းမာစေရန်အတွက်လည်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး COVID–19 ကပ်ရောဂါဘေးကို ကျော်လွှားနိုင်ပါစေ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂–၄–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)၏ (၂၁–၄–၂၀၂၀) ရက်နေ့တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၂၇၆) ခုအနက် (၂) ဦး၏ ဓာတ်ခွဲနမူနာများတွင် COVID–19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၂၇၄) ဦးတွင် COVID–19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ) ပါ။ (၂၁–၄–၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီအချိန်တွင် (၂)ဦးတွင် ရောဂါပိုးတွေ့ရှိမှုအား သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ လူနာသစ် (၂) ဦးအား သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ ဓာတ်ခွဲနမူနာ ရယူစစ်ဆေးခဲ့သူ စုစုပေါင်း (၅,၁၉၅)ဦးရှိပြီး COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁၂၁) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများ၏ သတင်းအပြည့်အစုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၂–၄–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

(၂၁–၄–၂၀၂၀) ရက်နေ့တွင် COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု

(၂၁–၄–၂၀၂၀) ရက်နေ့ (ပထမအသုတ်+ ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ)	(၂၇၆) ခု
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၂) ဦး
COVID–19 (SARS–CoV–2) မတွေ့ရှိ (negative)	(၂၇၄) ဦး

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂–၄–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ (၂၂–၄–၂၀၂၀) ရက်နေ့၊ ညနေတွင် (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၀) ခုအနက် (၂) ဦး၏ ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ပြီး ကျန် (၁၇၈) ခုတွင် COVID–19 ရောဂါပိုးမတွေ့ရှိ (မတွေ့ရှိ)ပါ။

၂။ (၂၂–၄–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်အထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၂၃)ဦး ရှိပြီဖြစ်ပါသည်။

၃။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၉) ဦးရှိပြီး ၎င်းတို့အား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၅)ဦး ရှိပြီဖြစ်ပါသည်။ ကျန်လူနာ (၁၀၉) ဦးအား ဖော်ပြပါဇယားအတိုင်း သက်ဆိုင်ရာဆေးရုံများတွင် ဆက်လက်စောင့်ကြည့် ကုသမှုပေးလျက်ရှိပါသည်။ လူနာ (၁၀၉) ဦးအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၂) ဦးနှင့် တောင်ဥက္ကလာအထူးကုဆေးရုံ၊ အထူးကြပ်မတ်ကုသဆောင်တွင် (၁) ဦးရှိပြီး ကျန် (၁၀၆) ဦး၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက် ရှိပါသည်။

၄။ ယနေ့ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးမှုတွင် တွေ့ရှိရသော လူနာသစ် (၂) ဦးကို သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ သီးခြားထားရှိကုသမှု ပေးသွားမည်ဖြစ်ပါသည်။

၅။ (၂၁–၄–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၂–၄–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၂၁)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဇယား -၁

(၂၂–၄–၂၀၂၀ ရက်နေ့ ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုတွင် COVID–19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့်လိပ်စာ	COVID–19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ	ယခု ဆေးကုသမှု ခံယူလျက် ရှိသည့်/ ခံယူစေမည့် ဆေးရုံ	COVID–19 ဓာတ်ခွဲအဖြေ	မှတ်ချက်
122	၂၈ နှစ်	ကျား	ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်	ရှိ (Case – 84)	မရှိ	တောင်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး	တွေ့ရှိ	
123	၁၈ နှစ်	မ	ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်	ရှိ (Case – 108)	မရှိ	တောင်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး	တွေ့ရှိ	

*ကျန် (၁၇၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID–19 ရောဂါပိုး မရှိပါ။

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၂၂–၄–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၂–၄–၂၀၂၀) ရက်နေ့ COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု

(၂၂–၄–၂၀၂၀) ရက်နေ့ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးမှုစုစုပေါင်း (ဓာတ်ခွဲနမူနာ)	(၁၈၀) ခု
COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၂) ဦး
COVID–19 (SARS–CoV–2) မတွေ့ရှိ (negative)	(၁၇၈) ဦး

ပုဗ္ဗသီရိမြို့နယ်တွင် ဈေးသည်ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ

ပုဗ္ဗသီရိ ဧပြီ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အရေးပေါ် လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းကို ယမန်နေ့က ပုဗ္ဗသီရိညဈေး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် အရေးပေါ် လူမှုကူညီရေးအဖွဲ့ တာဝန်ခံ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ပုဗ္ဗသီရိညဈေးတွင် ဈေးရောင်းချနေသော ဈေးသည်များနှင့် ဈေးဝယ်သူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်း စုစုပေါင်း ၅၀၀ ကို အခမဲ့ ဖြန့်ဝေပေးသည်။(**အပေါ်ပုံ**)

ပုဗ္ဗသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ဈေးများ၊ လူစည်ကားရာနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကံချွန်(ပြန်/ဆက်)

နေပြည်တော် မြို့မဈေးနှင့် မြို့မဈေး အဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

နေပြည်တော် ဧပြီ ၂၂

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နေပြည်တော် မြို့မဈေးနှင့် မြို့မဈေး အဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းများကို နေပြည်တော် မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၊ လမ်းများ၊ ယာဉ်ရပ်နားသည့် နေရာများနှင့် မြို့မဈေးအဝေးပြေး ယာဉ်ရပ်နားစခန်းတို့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဆေးဖျန်းယာဉ်သုံးစီး၊ မီးသတ်ဦးစီးမှူးရုံးမှ အဆင့်မြင့်မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်သုံးစီးနှင့် ရေမှုန်ရေမွှားလုပ်စက် နှစ်စီးတို့ဖြင့် ဆောင်ရွက်ကြသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း နေ့စဉ်ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အေးသန်း

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရန် တရုတ်နိုင်ငံက အသက်ရှူအထောက်အကူပြုကိရိယာများ လှူဒါန်း

ရန်ကုန် ဧပြီ ၂၂

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အသက်ရှူအထောက်အကူပြုကိရိယာများ လှူဒါန်းခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန် အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။ (**ယာပုံ**)

ယင်းလှူဒါန်းမှုကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ အသက်ရှူအထောက်အကူပြုကိရိယာများ တင်ဆောင်လာသော တရုတ်နိုင်ငံမှ အထူးလေယာဉ်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်က မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အသက်ရှူအထောက်အကူပြုကိရိယာ၁၅ စုံ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သို့ အသက်ရှူအထောက်အကူပြု ကိရိယာငါးစုံတို့ကို ထောက်ပံ့လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက လက်ခံယူကြသည်။

လှူဒါန်းမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက “ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး ဆောင်ရွက်ရာမှာ အသုံးပြုနိုင်ဖို့ တရုတ်နိုင်ငံအနေနဲ့ အသက်ရှူအထောက်အကူပြုကိရိယာအစုံ ၂၀ လှူဒါန်းတာပါ။ ကိုဗစ်-၁၉ ရောဂါ ကုသရေးအပိုင်းမှာ အရေးကြီးတဲ့ စက်ပစ္စည်း ဖြစ်ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် လှူဒါန်းရခြင်း ဖြစ်ပါတယ်။ ဆက်လက် လှူဒါန်းမှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေးအပိုင်းကို တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ အခုလိုဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

ယနေ့လှူဒါန်းသည့် အသက်ရှူအထောက်အကူပြုကိရိယာအစုံ ၂၀ ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ လေးသိန်းခန့်ရှိပြီး ဆက်လက်လှူဒါန်းမည့် အသက်ရှူအထောက်အကူပြုကိရိယာ ၁၅ စုံ မှာလည်း မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

အလားတူ ဧပြီ ၈ ရက်က တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့အား စေလွှတ်ပေးမှုနှင့်အတူ ဆေးဝါးကုသမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်း ကူညီပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် တာဝန်ပြီးဆုံးသွားပြီဖြစ်သဖြင့် တရုတ်နိုင်ငံက ထောက်ပံ့လှူဒါန်းမှု ပစ္စည်းများ တင်ဆောင်လာသော အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။



ထိုသို့ မထွက်ခွာမီ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက Video Call ဖြင့် ကျေးဇူးတင်နှုတ်ဆက်စကား ပြောကြားခဲ့သည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ- လှမိုး

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးတွင် ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်း

ရန်ကုန် ဧပြီ ၂၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး အစီအစဉ်တစ်ခုအဖြစ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အသီးသီးတွင် ကျန်းမာရေးဌာန၊ တပ်မတော်တပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ပရဟိတအဖွဲ့များက ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးလျက်ရှိသည်။

ဧပြီ ၂၂ ရက် နံနက်က ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ အရာရှိစစ်သည်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက အင်းစိန်မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ လမ်းများပေါ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြသည်။ အင်းစိန်မြို့နယ်အတွင်း၌ လှိုင်မြစ်လမ်း၊ ဘုရင့်နောင်လမ်းမ၊ မင်းကြီးလမ်း၊ ဘူတာရုံလမ်း၊ လမ်းသစ်လမ်းတစ်လျှောက်တို့၌လည်းကောင်း၊ လှိုင်သာယာ မြို့နယ်အတွင်း၌ အောင်ဇေယျတံတားမှ အင်းစိန်ညောင်တုန်းလမ်း၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်-ပုသိမ်လမ်း၊ ကျန်စစ်သားလမ်းတစ်လျှောက်လည်းကောင်း ပက်ဖျန်းပေးခဲ့ကြသည်။ (ဝဲပုံ)

တင်ဝင်းလေး

စစ်ကိုင်းမြို့ရှိ ကိုဗစ်-၁၉ ရောဂါ သံသယလူနာ သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ ရောဂါကာကွယ်ရေးဝတ်စုံ ၄၂ စုံ လှူဒါန်း

စစ်ကိုင်း ဧပြီ ၂၂

စစ်ကိုင်းမြို့ရှိ ကိုဗစ်-၁၉ ရောဂါ သံသယလူနာ သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ M.s Low Kim Siong M.s Kelly Phoon & Family ATEC Machimecry Pte LTD (စင်ကာပူနိုင်ငံ)မှ ရောဂါကာကွယ်ရေးဝတ်စုံ ၄၂စုံ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်က စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

အဆိုပါလှူဒါန်းမှုတွင် အလှူရှင်များ၏(ကိုယ်စား) စစ်ကိုင်းမြို့ မီးရထားရပ်ကွက်မှ ဦးတေဇစိုးနှင့် အဖွဲ့တို့က လှူဒါန်းပေးကြသော ကိုဗစ်-၁၉ ရောဂါ သံသယလူနာ သယ်ယူပို့ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဦးမြင့်သိန်းထွန်းက လက်ခံယူကြောင်း သိရသည်။

ဇော်မြင့်နိုင်

ရှမ်းပြည်နယ်က နယ်စပ်ထွက်ပေါက် ထိုင်း/ တရုတ်/လာအို နယ်စပ်ထွက်ပေါက်တွေနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ တကယ့်ကို အကြီးဆုံး ပြည်နယ်ဖြစ်ပါတယ်

ရှမ်းပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ဧပြီလ ၂၀ ရက်နေ့အထိ အတည်ပြုလူနာ လေးဦး၊ Community Based Facility Quarantine ထားရှိသူ ၄၀၀၈ ဦးနှင့် Home Quarantine ထားရှိသူ ၅၁၃၈ ဦးရှိခြင်းတို့ ရှိပါသည်။ ရောဂါထပ်မံဖြစ်ပွားမှုမရှိစေရန်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် Coronavirus Disease 2019 (COVID – 19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများအား ပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်ထံ သွားရောက်မေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည် –

မေး ။ ။ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို သိလိုပါတယ်။

ဖြေ ။ ။ ရှမ်းပြည်နယ် အစိုးရအနေနဲ့ အခုလောလောဆယ် ဘာတွေဆောင်ရွက်နေသလဲဆိုရင် ရှမ်းပြည်နယ်အစိုးရကို ငွေကြေးလှူဒါန်းတာရှိတယ်၊ ဆန်အိတ်လှူဒါန်းတာရှိတယ်၊ နောက် ပြီး ကာကွယ်ရေးပစ္စည်းတွေ လှူဒါန်းတာတွေ ရှိပါတယ်။ အဲဒီတော့ လာလှူတဲ့ပစ္စည်းတွေကို သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဆေးရုံတွေကို ကျွန်တော်တို့က ဆေးရုံတွေရဲ့ capacity အလိုက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ဝန်ကြီးတွေက ရှမ်းမြောက်ခရီးစဉ်၊ ရှမ်းအရှေ့ခရီးစဉ်တွေ အခုသွားနေပါတယ်။ တစ်မြို့နယ်ဝင်၊ တစ်မြို့နယ်ထွက်နဲ့လိုအပ်တာတွေကို ဒီကာကွယ်ရေးပစ္စည်းတွေ နောက်ပြီး လိုအပ်တဲ့ ကာကွယ်ရေးပစ္စည်းတွေ ထောက်ပံ့မှုလုပ်တယ်။ နောက်ပြီးတော့ လိုအပ်တဲ့ ငွေကြေးထောက်ပံ့မှုရှိတယ်။

နောက်တစ်ခုကကျတော့ သက်ဆိုင်ရာစာသင်တိုက်တွေမှာရှိတဲ့ ရဟန်း/ သံဃာတွေ ဆွမ်းဘုဉ်း အဆင်မပြေတာတွေကိုလည်း တတ်နိုင်သလောက် လှူဒါန်းတာတွေရှိတယ်။ ရှမ်းမြောက်၊ ရှမ်းအရှေ့ဝန်ကြီးချုပ်နဲ့ ဝန်ကြီးအချို့ လိုက်ပါသွားပါတယ်။ ရှမ်းတောင်ခရီးစဉ်မှာတော့ ကျွန်တော်နဲ့ လျှပ်စစ်ဝန်ကြီးက တာဝန်ယူပြီးတော့ တစ်မြို့နယ်ဝင် တစ်မြို့နယ်ထွက် ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကထောက်ပံ့တဲ့ တစ်ခုကတော့ Positive လူနာရှင်နဲ့ ဆေးရုံမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးအတွက် နေ့စဉ် ကုန်ကျစရိတ်၊ စားစရိတ်၊ သောက်စရိတ် နောက်ပြီး သူတို့ရဲ့ အားဖြည့်အစားအစာ/ဆေးဝါး အစရှိတဲ့ နေ့စဉ်ကုန်ကျစရိတ်ကို Quarantine ဝင်ရတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို နေ့စဉ်ထောက်ပံ့လျက်ရှိပါတယ်။

မေး ။ ။ အခုလက်ရှိအခြေအနေအရ ရှမ်းပြည်နယ်အတွင်းမှာ အတည်ပြုလူနာ လေးဦးနဲ့ Quarantine ထားရှိသူ ကိုးထောင်ကျော်ရှိနေတယ်လို့ သိရပါတယ်။ ဒီနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသနဲ့ ခရိုင်မြို့နယ်အလိုက် ညမထွက်ရအမိန့်ထုတ်ပြန် သွားဖို့ အကြောင်းကြားထားတာရှိတယ်လို့ သိရပါတယ် အဲဒီအခြေအနေကိုလည်း ရှင်းပြပေးပါဦး။

ဖြေ ။ ။ ကျွန်တော်တို့ဒီ ကိုဗစ်– ၁၉ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေး ကော်မတီ (ရှမ်းပြည်နယ်)က နေပြီးတော့ ညမထွက်ရ အမိန့်ကို ဧပြီလ ၂၀ ရက်နေ့မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ထုတ်ပြန်ပါတယ်။ အဓိက ထုတ်ပြန်တာကတော့ ရှမ်းပြည်နယ်မှာ အတည်ပြု လူနာလေးဦး ရှိပါတယ်။ အဲ့ဒီအတည်ပြုလူနာ လေးဦးအပြင် Community Based Facility Quarantine ထားရှိသူ ၄၀၀၈ ဦး ရှိပြီးတော့ Home Quarantine ထားရှိလူက ၅၁၃၈ ဦး ရှိပါတယ်။ အဲဒီတော့ အဓိက ညမထွက်ရအမိန့်ရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ရောဂါထပ်မံဖြစ်ပွားမှုမရှိစေရန် ကာကွယ်ထိန်းချုပ်တုံ့ပြန်ကုသရေးအတွက် အဓိက ရည်ရွယ်ပါတယ်။ အဲဒီတော့ ဆက်လက်ပြီးတော့လည်း ရောဂါပြန့်ပွားမှုတကယ်လို့ out–break ဖြစ်သွားတယ်၊ ပျံ့နှံ့မှုက များလာတယ်။ ဆိုရင် စောစောတုန်းက ညမထွက်ရအမိန့်ကို ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်မှုအပေါ် မူတည်ပြီးတော့ အချိန်အတိုးအလျှော့လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဘာပဲပြောပြော ဒီလိုညမထွက်ရ အမိန့်ထုတ်ပြန်လိုက်တာလည်း ည ၁၀ နာရီကနေ မနက် ၄ နာရီအထိပေါ့။ အဲဒီအချိန်မှာကတော့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ ယာဉ်တွေ/ လူနာတင်ယာဉ်တွေကိုတော့ ခွင့်ပြုထားမှာ ဖြစ်ပါတယ်။

မေး ။ ။ ရှမ်းပြည်နယ် ကိုဗစ်–၁၉ ရောဂါထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီမှာ ဝန်ကြီးအနေနဲ့ တာဝန်ယူဆောင်ရွက်ပေးနေတဲ့လုပ်ငန်းတွေကို ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ ကျွန်တော် တာဝန်ယူထားတဲ့ လုပ်ငန်းကော်မတီကတော့ စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၊ နောက် ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ၊ နောက် ဘဏ္ဍာငွေကြေးကြပ်ရေး ကော်မတီဆိုပြီးတော့ ကျွန်တော် ဒီသုံးခုမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ စားနပ်ရိက္ခာ ထောက်ပံ့ရေး ကော်မတီက ဘာတွေဆောင်ရွက်သလဲဆိုရင် နှစ်ပိုင်း ရှိပါတယ်။

ဗဟိုကော်မတီရဲ့ လမ်းညွှန်ချက်နဲ့ ဝင်ငွေနည်းပါးပြည်သူတွေကို ထောက်ပံ့ရေးအစီအစဉ်ကို ရှမ်းပြည်နယ်က အိမ်ထောင်စု တစ်သိန်းကျော်ကို အောင်မြင်စွာ ထောက်ပံ့ပြီး ဖြစ်ပါတယ် ။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ကျူးကျော်စာရင်းတွေ၊ အိမ်ထောင်စုစာရင်းမရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ပါသင့်ပါထိုက်တဲ့ပုဂ္ဂိုလ်တွေ မပါတာတွေကိုလည်း ထပ်မံစာရင်းကောက်ခံပြီး ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

ဒုတိယအပိုင်းအနေနဲ့ ရှမ်းပြည်နယ်အစိုးရနဲ့ ပူးတွဲဆောင်ရွက်တဲ့ ပြည်သူစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီဆိုပြီး နောက်ထပ်တစ်ခု ရှိပါတယ်။ ပရဟိတအုပ်စုတွေ၊ နောက်ပြီး တောင်ကြီးမြို့ပေါ်ရှိ ပရဟိတလူမှုရေးအသင်းတွေ၊ အဖွဲ့အစည်းတွေအားလုံးကို ဝိုင်းဝန်းပူးပေါင်း ပါဝင်တဲ့ကော်မတီ ဖြစ်ပါတယ်။ အဲဒီကော်မတီကတော့ စားနပ်ရိက္ခာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်တွေ ထောက်ပံ့ဖို့ အိမ်ထောင်စုတစ်ဦးစာအတွက် ကြိုတင်ပြင်ဆင်ထားတာ ရှိပါတယ်။ လောလောဆယ် အိမ်ထောင်စုတစ်သိန်းအထက်ကို စီစဉ်ထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရက ပြည်နယ်ဝန်ကြီးချုပ်ရယ်၊ ကျွန်တော်ရယ်၊ KBZ နာယကကြီး ဦးအောင်ကိုဝင်းတို့က နာယကအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီဟာတွေကို ဘယ်အချိန်မှာ ထုတ်မလဲ လှူဒါန်းမလဲ၊ ထောက်ပံ့မလဲ ဆိုတာကတော့ ပြည်နယ်ဝန်ကြီးချုပ်တို့၊ ဆရာဦးအောင်ကိုဝင်းတို့ရဲ့ အရေးပေါ်ရောဂါဖြစ်ပွားမှု ပျံ့နှံ့မှုအပေါ်မူတည်ပြီး ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။

မေး ။ ။ ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီရဲ့ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်း ပြောပြပေးပါဦး။

ဖြေ ။ ။ ရှမ်းပြည်နယ်အတွက် တကယ်လို့ ရိက္ခာပြတ်တောက်သွားမှာတွေကို ကုန်ဈေးနှုန်း မတက်အောင်ဆိုပြီးတော့ ဆန်အိတ်ဂိုဒေါင်ထဲမှာ အိတ်ပေါင်းတစ်သောင်းကျော် ရှိပါတယ်။ နောက်ကုလားပဲ၊ ဆား၊ ဆီ လိုအပ်တဲ့စားနပ်ရိက္ခာတွေအတွက် သိုလှောင်ထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနဲ့ ပြည်သူ့ရိက္ခာဖူလုံရေးအတွက် ရှမ်းတောင်မှာစီစဉ်သလို ရှမ်းမြောက်၊ ရှမ်းအရှေ့ကိုလည်း စီစဉ်ဖို့အတွက် သက်ဆိုင်ရာ ဌာနတွေကို ကော်မတီဖွဲ့ပြီး လမ်းညွှန်မှာကြားထားပြီး ဖြစ်ပါတယ်။

မေး ။ ။ ရှမ်းပြည်နယ်က တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ လာအိုနိုင်ငံတို့နဲ့ နယ်စပ် နယ်နိမိတ် ထိစပ်နေတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ နယ်စပ်ကိစ္စ ဆောင်ရွက်နေမှု အခြေအနေတွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ ။ ရှမ်းပြည်နယ်က နယ်စပ်ထွက်ပေါက် ထိုင်း/ တရုတ်/လာအို နယ်စပ်ထွက်ပေါက်တွေနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ တကယ့်ကို အကြီးဆုံး ပြည်နယ်ဖြစ်ပါတယ်။ တကယ်တမ်းကျရင် ကူးစက်မှုကို အများထင်တဲ့အတိုင်း ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်က အကြောက်ရဆုံးလို့ ခန့်မှန်းကြတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ဆီမှာက ထင်သလောက် ဖြစ်မလာဘူး။ ဒီဖြစ်မလာဘူးဆိုတာကတော့ ဒီကျေးလက်နေ ပြည်သူတို့ရဲ့ ပူးပေါင်းပါဝင်မှု ၊ ပြည်တော်ပြန်တွေ ထိုင်း/ တရုတ်က ပြန်လာတဲ့လူတွေကိုလည်း ဒေသခံကျေးရွာကနေ စနစ်တကျ Quarantine ရွာအပြင်မှာ လုပ်တာ၊ စာသင်ကျောင်းတွေမှာလုပ်တာ၊ ပြည်သူလူထုနဲ့ ကျေးလက်နေ ပြည်သူလူထုရဲ့ စနစ်တကျ ကျန်းမာရေးအသိဉာဏ် မြင့်မားပြီး ပူးပေါင်းပါဝင်မှုကြောင့်လည်း ထိန်းချုပ်နိုင်တယ်လို့ ပြောလို့ရပါတယ်။

နယ်စပ်က ဝင်ရောက်မှုတွေကိုလည်း ကျေးရွာက စနစ်တကျ ထိန်းချုပ်နိုင်တဲ့အတွက် ကျွန်တော်တို့ အတိုင်းအတာတစ်ခုထိ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ အခု ရှမ်းပြည်နယ်မှာ Positive လူနာ လေးဦးရှိနေပြီး သူနဲ့ထိတွေ့ခဲ့တဲ့ သူတွေကိုလည်း ကျွန်တော်တို့ရဲ့ အဓိကရန်သူဖြစ်တဲ့ ကိုဗစ်–၁၉ ရောဂါက လက်တကမ်းအလိုမှာ ရောက်နေပါတယ်။ အဲဒီတော့ ဒီQuarantine က အချင်းချင်း ဒီရောဂါ Positive လူနာကိုလည်း ကြောက်စရာမလိုဘူး၊ စောင့်ကြည့်လူနာကိုလည်း ကြောက်စရာမလိုဘူး၊ အဓိကက ကျွန်တော်တို့ ရန်သူကိုပဲ ကြောက်ရမှာ။ ဒီရန်သူကို ကျွန်တော်တို့ ညီညီညွတ်ညွတ်နဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ ပူးပေါင်းပြီး တိုက်ထုတ်နိုင်မှသာလျှင် ဒီကပ်ကြီးကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

မေး ။ ။ ရှမ်းပြည်နယ် ပြည်သူလူထုအပေါ် ကိုဗစ်–၁၉ ရောဂါနဲ့ စပ်လျဉ်းပြီး အသိပေးလိုတာတွေရှိရင် ပြောကြားပေးစေလိုပါတယ်။

ဖြေ ။ ။ ဘာပဲပြောပြော ကျွန်တော်တို့ ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသား ညီအစ်ကိုမိဘပြည်သူအပေါင်းအနေနဲ့ မိမိတို့ပတ်ဝန်းကျင်မှာ Positive လူနာနဲ့ ထိတွေ့ခဲ့သည်ရှိသော် ဒါမှမဟုတ် မိမိရဲ့ ပတ်ဝန်းကျင်မှာ သံသယလူနာလို့ ထင်ရတဲ့သူ ရှိခဲ့သော် ကျွန်တော်တို့ နီးစပ်ရာ ကျေးလက်ကျန်းမာရေးဌာနတွေမှာ မိမိရဲ့ကိုယ်ပိုင်အသိစိတ်နဲ့သွားရောက်ပြီး Quarantine ဝင်တာဟာ အကောင်းဆုံး ဆောင်ရွက်ချက်ဖြစ်ပါတယ်။ နိုင်ငံကြီးသားလည်း ပီသပါတယ်။ တိုင်းပြည်တာဝန်ကိုလည်း ထမ်းဆောင်တာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ လေးလေးစားစား ပြောကြားလိုပါတယ်။ တိုက်လည်း တိုက်တွန်းပါတယ်။

စိုးညွန့်ရွှေ (ပြည်နယ် ပြန်/ဆက်)

သတင်းစာဖြန့်ဝေနေသော ကိုယ်စားလှယ်များအား နှာခေါင်းစည်းများနှင့် လက်အိတ်များ အခမဲ့ဖြန့်ဝေ

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့တွင်း အချိန်နှင့် တစ်ပြေးညီ သတင်းစာ ဖြန့်ဝေပေးလျက်ရှိသော သတင်းစာ ကိုယ်စားလှယ်များအား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက နှာခေါင်းစည်းများနှင့် လက်အိတ်များကို ယနေ့ နံနက်ပိုင်းတွင် အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်မှုတစ်ရပ်အနေဖြင့် နှာခေါင်းစည်းများနှင့် လက်အိတ်များကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ရန်ကုန်တာဝန်ခံ ဦးလှရွှေ (ဒုတိယညွှန်ကြားရေးမှူး)၊ မြန်မာ့အလင်း သတင်းစာတိုက်မှ မန်နေဂျာ ဦးဇော်မင်းနှင့်အဖွဲ့က ရန်ကုန်မြို့တွင်း သတင်းစာ ဖြန့်ချိပေးလျက်ရှိသော သတင်းစာ ကိုယ်စားလှယ်များအား စုရပ်များသို့ လိုက်လံကာ အခမဲ့ ဝေငှခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဝေငှရာတွင် ရန်ကုန်မြို့တွင်း သတင်းစာစုရပ်များဖြစ်သော ၄၆ လမ်းစုရပ်၊ ရွှေဂုံတိုင်စုရပ်၊ အင်းစိန်စုရပ်၊ တောင်ဒဂုံစုရပ်၊ မြောက်ဒဂုံစုရပ်၊ မြောက်ဥက္ကလာစုရပ်၊ အောင်မင်္ဂလာ အဝေးပြေးစုရပ်၊ လှိုင်သာယာစုရပ် စသည်ဖြင့် ရန်ကုန်မြို့တွင်း နိုင်ငံပိုင်သတင်းစာများဖြန့်ဝေရာ စုရပ်များသို့ တာဝန်ခံ ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ကာ လိုက်လံဝေငှခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယင်းသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် နှာခေါင်းစည်းများ၊ လက်အိတ်များ အခမဲ့ ဝေငှခြင်းတို့အပြင် သတင်းစာ ကိုယ်စားလှယ်များ မြို့နယ်များအတွင်း၊ ရပ်ကွက်နှင့် လမ်းသွယ်များအတွင်း သတင်းစာ လိုက်လံဖြန့်ချိပေးရာတွင် လုပ်ငန်းအဆင်ပြေချောမွေ့စေရန်အတွက် သတင်းစာတိုက်အလိုက် အသိအမှတ်ပြုကတ်ပြားအသီးသီးကိုလည်း လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်း– မင်းခေတ်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ရန်ကုန်တာဝန်ခံနှင့်အဖွဲ့ သတင်းစာကိုယ်စားလှယ်များအား နှာခေါင်းစည်းများနှင့် လက်အိတ်များ အခမဲ့ ဝေငှပေးစဉ်။ ဓာတ်ပုံ– မိုးမခ

အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်
အရေးပေါ်တုံ့ပြန်ရေးကော်မတီ

SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

ရန်ကုန်မြို့အတွင်းရှိ ပျံကျဈေးတချို့ ကိုဗစ်-၁၉ တုံ့ပြန်ရေးကာလတွင် ကျန်းမာရေးစည်းကမ်းနှင့်အညီ ရောင်းချရန် စီစဉ်ဆောင်ရွက်နေ



ရန်ကုန် မေ ၂၂

ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်စာအမှတ် (၃၇/၂၀၂၀)အရ ခွင့်ပြုထားသော ဈေးများ၊ ကုန်တိုက်များတွင် ဈေးရောင်းဝယ်ပြုလုပ်ရန် ထုတ်ပြန်ထားပြီး မြို့နယ်အလိုက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းကော်မတီများက ရန်ကုန်မြို့အတွင်းရှိ ပျံကျဈေးတချို့ ပြောင်းရွှေ့နေရာချထား ဆောင်ရွက်နေကြောင်း သိရသည်။

" ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးဘေး ၄၁ လမ်းထဲမှာလည်း ပျံကျဈေး ဖွင့်တယ်။ မနက်ကပဲ သုံးပေကွာ အတတ်နိုင်ဆုံး သတ်မှတ်ပြီး ခြားထားပါတယ်။ ဆိုင်ရှိလူဦးရေနဲ့ ဈေးထွက်တဲ့ လူဦးရေနဲ့ နေရာချမှုက နည်းနည်းလေး အခက်အခဲ ရှိပါတယ်။ ၃၈ လမ်း ဈေးကို လွှန်ခဲ့တဲ့ တစ်နှစ်ကတည်းက ကျောက်တံတားမြို့နယ်ကနေ ချမ်းမြေ့ဈေးထဲ သွင်းဖို့ကို ကျောက်တံတားမြို့နယ်ဘက်က လုံးဝလက်မခံဘဲ သူတို့ တာဝန်ယူပါတယ်၊ သူတို့ဆီမှာ ဈေးရှိမှဖြစ်မယ်ဆိုပြီး ခေါ်ထားတာပါ။ အခုကျမှ ကိုဗစ်-၁၉ကို ပြည်သူတွေ ကြောက်လို့ဆိုမှ ကျွန်မတို့ဈေးထဲ သွင်းတာပါ။ ချမ်းမြေ့ဈေးမှာ မူလဈေးသည် ၄၀၀ ပဲ ရှိတာ။ ဈေးထဲမှာက ဆိုင်ခန်းအလွတ်က ၄၀ လောက်ပဲ ရှိတာ။ ဟိုဘက်ကဈေးသည် ၂၂၀ တောင် ဒီကိုရောက်လာတာဆိုတော့ လမ်းထဲ ကြမ်းပြင်မှာ အကွက်သတ်မှတ်ပေးရပါတယ်။ ဈေးသည်က အလွန်များနေတယ်။ မနက်ခင်းဈေးသည် ၁၃၀ လောက်ရှိတယ်။ ညနေခင်း ၈၀ လောက် ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့ဈေးကပိုပြီး စည်လာတာပေါ့။ ကျွန်မတို့ ဖြစ်စေချင်တာက မနက်ပိုင်းဈေးပဲ ဖွင့်စေချင်တာပါ။ အစိုးရက တစ်နေ့ နှစ်ချိန် ဖွင့်ဖို့ သတ်မှတ်ထားပါတယ်" ဟု ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)မမေစိုးက ပြောသည်။

" ကျန်းမာရေးဌာနက အမိန့်စာထုတ်ထားတာ ရှိတယ်။ ဒီဈေးက သတ်သတ်မှတ်မှတ် ခွင့်ပြုထားတဲ့ဈေး မဟုတ်ဘူး။ ပျံကျဈေး ဖြစ်နေတယ်။ ဒီနယ်မြေမှာက ကိုဗစ်- ၁၉ ရောဂါ မရှိသေးတော့ ဟိုဘက်နယ်မြေကနေ လာရောင်းကြတယ်။ ဟိုဘက်မှာအဆင်မပြေတော့ လာဝယ်သူတွေ ရှိတယ်။ အဲဒါ ရောဂါဖြန့်ဖြူးရေး နေရာဖြစ်မှာစိုးလို့ ကျွန်တော်တို့ စည်ပင်သာယာအနေနဲ့လည်း ချမ်းမြေ့ဈေးကို ပြောင်းပေးကြပါ။ တရားဝင်ဈေးရှိတယ်။ အခုရက် ဒီကြားထဲမှာ ဈေးသည်တွေ ၃၈ လမ်းကို ဝင်လာပြီး မရောင်းချအောင် စည်းကမ်းထိန်းထားတာပါ" ဟု ကျောက်တံတားမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာဝင်းက ပြောသည်။

ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းဘက်ရှိ ၄၁ လမ်း ပျံကျဈေးတွင် ဈေးသည် ၁၅၀ကျော်ရှိပြီး ကျောက်တံတားမြို့နယ် ၃၈လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ၃၈ လမ်း ပျံကျဈေးတွင် ဈေးသည် ၂၂၀ ရှိသည်။ ဈေးများအတွင်း ရောင်းသူ၊ ဝယ်သူများအား နှာခေါင်းစည်းများ မတပ်မနေရ စည်းကမ်းသတ်မှတ်ထားသည်။

သန့်ဇင်ဝင်း

တပ်ကုန်းမြို့ အထက(၁)တွင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ ထားရှိ

တပ်ကုန်း မေ ၂၂

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းသို့ အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာကြသူများအား မြို့အဝင် စစ်ဆေးရေးဂိတ်တွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်၍ လိုအပ်သူများကို တပ်ကုန်းမြို့ အထက(၁)တွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ ၂၁ ရက် ထားရှိမည် ဖြစ်သည်။

မေ ၂၂ ရက် ညနေအထိ အထက(၁)တွင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး၂၁ ဦး စုစုပေါင်း ၂၈ ဦး ရောက်ရှိနေပြီး ဝင်ရောက်လာသူများ၏ လိုအပ်ချက်များကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်းတာ(တပ်ကုန်း)

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ် (ထားဝယ်ခရိုင်ဘဏ်ခွဲ)တွင် အငြိမ်းစားလစာထုတ်ယူမည့်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်စေရေး ရည်ရွယ်ပြီး မေ ၂၁ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အငြိမ်းစားလစာများ ထုတ်ပေးရန် စီစဉ်ထားရာ ပင်စင်ထုတ်ယူမည့်သူများကို တွေ့ရစဉ်။ ဖိုးရွှေသွန်း-ထားဝယ်

ရေနံမျော (Transport Pass) အခွန်ဆောင်ထားပြီး လုပ်ငန်းရှင်များ မျောပြန်အပ်ပါက သက်တမ်းတိုးပေးမည်

မကွေး ဧပြီ ၂၂

မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရေနံများကို မုံရွာမြို့ ကျောက္ကာရွာရှိ ရေနံချက်ဖိုများဆီသို့ မျောစာဖြင့် သယ်ယူနေကြသည့် လုပ်ငန်းရှင်များသည် ကပ်ရောဂါကာလအတွင်း မပို့ဖြစ်လျှင် မျောပြန်အပ်နိုင်ပြီး လုပ်ငန်းပြန်စချိန်တွင် သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

မုံရွာမြို့ ကျောက္ကာကျေးရွာအုပ်စုတွင်ရှိသော ဒေသန္တရရေနံချက်ဖိုများကို ဧပြီ ၂၀ ရက်မှ မေ ၃၁ ရက်အထိ ယာယီရပ်ဆိုင်းထားရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက အကြောင်းကြားထားသည့်အတွက် မကွေးတိုင်းဒေသကြီးဘက်မှ မျောစာဖြင့် ရေနံသယ်ယူသည့် လုပ်ငန်းများတွင်လည်း အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။

"သူတို့ဆီက ချက်ဖိုမရှိဘူးဆိုရင် မျောမပေးရုံဘဲ ရှိတာပေါ့။ မနေ့က ကား ၅၆ စီးစာ လက်မှတ်ထိုးပေးပြီးပြီ။ ဟိုကိုသွားလို့ မရဘူးဆိုရင် ကျွန်တော်တို့ဆီမှာ မျောအပ်ထားပါ။ နိုင်ငံတော်ကိုရော အခွန်ဆောင်ပြီးပြီ။ ကျွန်တော်တို့တိုင်းဒေသကြီးအတွက်လည်း Transport Pass ဖိုးတွေ သွင်းပြီးဖြစ်တဲ့အတွက် သက်တမ်းတိုးပေးရမှာပေါ့" ဟု မကွေးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က ပြောသည်။

ရေနံလုပ်ငန်းခွင်လုပ်သားများ၏ စားဝတ်နေရေးအတွက် ယာယီပြေလည်စေရန် မျောစာဖြင့် ပို့ဆောင်လိုပါကလည်း တိုင်းဒေသကြီးအစိုးရအချင်းချင်း ချိတ်ဆက်ကာ လုပ်ဆောင်ပေးမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ ရေနံချက်ဖိုများ လက်ခံပါက လုပ်ငန်းရှင်များကို ပို့ဆောင်ခွင့်ပြုထားကြောင်း တိုင်းဒေသကြီးဝန်ကြီးထံမှ သိရသည်။

မကွေးတိုင်းဒေသကြီးထွက် ရေနံစိမ်းများကို ချက်ဖိုများဆီသို့ ပေးပို့ရန် ပြင်ဆင်နေစဉ်။

ဇေယျာတု(မကွေး)

မန္တလေးမှထွက်ခွာမည့်ရထားခရီးစဉ်အချို့ ဧပြီ ၃၀ ရက်အထိ ယာယီရပ်နားထားမည်

ရန်ကုန် ဧပြီ ၂၂

လတ်တလောကြုံတွေ့နေရသည့် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုလျှော့ချနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ပြေးဆွဲပေးသည့် မန္တလေး-ရန်ကုန် ၊ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတို့မှ ရထားအချို့နှင့် မန္တလေး-ပုဂံ၊ မန္တလေး-လားရှိုး၊ မန္တလေး-မုံရွာ၊ မန္တလေး-ခင်ဦး၊ မန္တလေး-မတ္တရာနှင့် မန္တလေး-နဘားလမ်းပိုင်းတို့မှ ရထားများကို ဧပြီ ၃၀ ရက်အထိ ယာယီရပ်နားထားပြီး မန္တလေး-ရန်ကုန်ရထားပြေးဆွဲချိန်ကို ပြောင်းလဲထားကြောင်း သိရသည် ။

မြန်မာ့မီးရထားမှ မန္တလေးဘူတာရုံပိုင်ချုပ် ဦးမြင့်သိန်းက ''ဧပြီ ၁၀ ရက်မှစတင်ပြီးရထားပြေးဆွဲမှု ခရီးစဉ်တချို့ကို ယာယီရပ်ဆိုင်းထားကာ မဖြစ်မနေသွားလာရမယ့် ဒေသခံပြည်သူတွေအတွက် မန္တလေး - ရန်ကုန်အတွက် ၁၁ အဆန် ၁၂ အစုန် ၊ မန္တလေး - မြစ်ကြီးနားအတွက် ၄၁ အဆန် ၄၂ အစုန်ရထားနှစ်စင်းကို နေ့စဉ်ပြေးဆွဲပေးပါတယ်။ မန္တလေး - မြစ်ကြီးနား ၄၁ အဆန်ကို ညနေ ၅ နာရီခွဲ ထွက်ပါတယ်။ ခရီးသည် ၈၀ ဝန်းကျင်စီးပါတယ်။ မန္တလေး - ရန်ကုန် ရထားမှာ ညနေ ၄ နာရီခွဲထွက်ပါတယ်။ ခရီးသည် ၇၀ ဝန်းကျင်စီးပါတယ်။ သင်္ကြန်အပြီးကာလ မန္တလေးတိုင်းဒေသကြီးမှာ ညမထွက်ရသတ်မှတ်ထားတဲ့အတွက် ညပိုင်းရထားဝင်ရောက်မှုမရှိအောင် ဧပြီ ၁၉ ရက်မှ စတင်ပြီး မနက် ၅ နာရီထွက်တဲ့ ၁၂ အစုန်ရထား ၊ ရန်ကုန်မှဝင်ရောက်လာမယ့် ၁၁ အဆန်ရထား ည ၁၁ နာရီ ရောက်ပါတယ်။ အဲဒီရထားကို အစီအစဉ်သစ်အနေဖြင့် ညနေ ၄ နာရီခွဲမှာ အမှတ် ၄ အစုန်ထွက်တဲ့အရှေ့မှာ စီစဉ်ပေးထားပါတယ်။ အမှတ် ၄ အစုန်ရထားမှာ အမှတ် ၁၂ အစုန်ရပ်တန့်တဲ့ ဘူတာတိုင်းမှာ ရပ်တန့်ပါတယ်။ အစီအစဉ်ပြောင်းလဲပြေးဆွဲထားပါတယ်'' ဟု ပြောသည်။

ယခုအခါ မန္တလေး - ရန်ကုန် ရထားကို ညနေ ၄ နာရီခွဲတွင် ရိုးရိုးတန်းခုနစ်တွဲ အထက်တန်းလေးတွဲပါသည့် အမှတ် (၄) အစုန်ရထားနှင့် မန္တလေး မြစ်ကြီးနားရထားကို ညနေ ၅ နာရီခွဲတွင် အမှတ် (၄၁) အဆန်ရထားဖြင့် မန္တလေးဘူတာကြီးမှ နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည် ။

အောင်သူရ

မြင်းခြံစက်ဘီးချစ်သူများအဖွဲ့က မြို့ပေါ်ရပ်ကွက်များအတွင်း မီတာအသုံးပြုခ ပေးဆောင်ရန် အခက်အခဲရှိသူများအား ကူညီ

မြင်းခြံ ဧပြီ ၂၂

မြင်းခြံမြို့ စက်ဘီးချစ်သူများအဖွဲ့က မြင်းခြံမြို့ပေါ်ရပ်ကွက်များအတွင်း မီတာအသုံးပြုခ သွားရောက်ပေးဆောင်ရန် အခက်အခဲရှိသူများအား အိမ်အရောက်လိုက်လံကူညီကောက်ခံပေးလျက်ရှိသည်။

မြင်းခြံမြို့တွင် ကိုဗစ် - ၁၉ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်စေနိုင်ရန် ရည်ရွယ်ကာ မြင်းခြံစက်ဘီးချစ်သူများ အဖွဲ့ဝင်များက မိမိတို့နေထိုင်ရာ ရပ်ကွက်အတွင်း လျှပ်စစ်ရုံးသို့ သွားလာရန်ခက်ခဲသောအိမ်များ၊ သက်ကြီးရွယ်အိုများနေထိုင်သည့်အိမ်များသို့ လျှပ်စစ်မီတာ အသုံးပြုခများကို အခမဲ့လိုက်လံကောက်ခံပေးကာ လျှပ်စစ်ရုံးသို့ သွားရောက်ပေးဆောင်ပေးကြောင်း မြင်းခြံစက်ဘီးချစ်သူများအဖွဲ့မှ ဦးမင်းသော်နိုင်က ပြောသည်။

မြင်းခြံမြို့တွင် ရပ်ကွက် ၂၀ ရှိရာ ယခုအချိန်တွင် အဖွဲ့ဝင်ငါးဦးမှ မိမိတို့ရပ်ကွက်အတွင်းရှိ လျှပ်စစ်ရုံးသို့ သွားလာရန်ခက်ခဲသောအိမ်များကို လိုက်လံကောက်ခံပေးလျက်ရှိပြီး ကျန်အဖွဲ့ဝင်များကိုလည်း မိမိတို့ရပ်ကွက်အတွင်းရှိ လျှပ်စစ်ရုံးသို့ သွားလာရန်ခက်ခဲသောအိမ်များကို လျှပ်စစ်မီတာအသုံးပြုခ ကောက်ခံနိုင်ရေး ဖိတ်ခေါ်ထားကြောင်း သိရသည်။

ကိုကျော်စွာ(ပြန်/ဆက်)

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၄-၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၆၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၉၅၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၆၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၉၅၀၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၄၄၅/၄၇၀ ကျပ်	၄၆၀/၄၉၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၄၅၅/၄၈၀ ကျပ်	၄၇၅/၅၀၅ ကျပ်
အောက်တိန်း ၉၂	၃၁၀/၃၅၀ ကျပ်	၃၅၀/၃၉၀ ကျပ်
အောက်တိန်း ၉၅	၄၄၀/၅၀၀ ကျပ်	၄၉၅/၅၆၅ ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၄၄၀ . ၁
ဥရောပ	တစ်ယူရို	ကျပ် ၁၅၆၄ . ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၀၉ . ၆
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၇၇၆ . ၁
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၃၈ . ၆
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၉၁၂ . ၈၀
တရုတ်	တစ်ယွမ်	ကျပ် ၂၀၃ . ၂၈
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၈ . ၈၁၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၁၆ . ၈၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၂၈ . ၇၅
ထိုင်း	တစ်ဘတ်	ကျပ် ၄၄ . ၄၆၁

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၅၀၀	၁၀၅၀၀	၂၉	၃၀၄၅၀၀
MTSH	၃၆၀၀	၃၆၅၀	၄၁၆၄	၁၅၀၉၇၆၀၀
MCB	၈၃၀၀	၈၃၀၀	၁	၈၃၀၀
FPB	၂၁၀၀၀	၂၁၅၀၀	၁၁	၂၃၁၅၀၀
TMH	၂၈၀၀	၂၈၀၀	၇	၁၉၆၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့်နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင်လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၀၂-၂၀၂၀)ရက်နေ့ ထုတ်နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက် မီဒီယာများမှ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား /နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂)ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး (၃၀-၆-၂၀၂၀) နောက်ပိုင်း အပြီးသတ် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	- ဝင်းကျော်
သတင်းထောက်ချုပ်	- မြင့်ဆွေ
စာတည်းများ	- ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း	- ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	- ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ	- နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက်	- တင်စိုး
သုတေသန	- အိအိခင်နှင့် အဖွဲ့
စာပြင်	- ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	- သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	- (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

မင်းတပ်မြို့ အသွားအလာကန့်သတ်နေရာများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်

မင်းတပ် မေ ၂၂

မင်းတပ်မြို့၌ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းနေရာအဖြစ် သတ်မှတ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်းအမှတ် (၁)၊ (၂) နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့တွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ခရိုင်မီးသတ်ဦးစီးမှူး ဦးကီးထန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် သောက်သုံးရေ ဖြည့်ဆည်းပေးခြင်းကို ယနေ့နံနက်က ဆောင်ရွက်သည်။

အသွားအလာကန့်သတ်ထားရာနေရာများ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးစဉ်။

ခရိုင်မီးသတ်ဦးစီးမှူး ဦးကီးထန်းက "ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင် ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းအဖြစ် သတ်မှတ်ထားတဲ့ နေရာတွေမှာ မီးသတ်ဦးစီးဌာနအနေနဲ့ သောက်ရေပြတ်လပ်မှု မရှိစေရေး ဆောင်ရွက်ပေးဦးမှာ ဖြစ်ပါတယ်။ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး ဌာနဆိုင်ရာ ရုံးအဆောက်အအုံတွေမှာ ပိုးသတ်ဆေးဖျန်းခြင်းကို ဆက်လက်ဆောင်ရွက်ပေးသွားပါမယ်" ဟု ပြောသည်။

ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ မင်းတပ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ သတင်းထုတ်ပြန်ချက်များကို အသံချဲ့စက်ဖြင့် နေ့စဉ်အသိပေးခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆလိုင်းအောင် (ပြန်/ဆက်)**

ရွှေကူမြို့နယ်တွင် လေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်

ရွှေကူ မေ ၂၂

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီတာဝန်ခံ ဦးနေဆန်းလင်းက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွှေကူမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ လေဘေးသင့်အိမ်ထောင်စု ၇၀ အတွက် ထောက်ပံ့ငွေကျပ် ၅၀၁၀၀၀၀၊ အမှတ်(၁) ရပ်ကွက်ရှိ ဘုန်းကြီးကျောင်း ဓမ္မာရုံအမိုးပျက်စီးခြင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀၊ အိမ်ထောင်စု ၇၀ မှ လူဦးရေ ၃၃၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၇၀၁၄၀၀ နှင့် လုံးဝပျက်စီး အိမ်ထောင်စုနှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ကျော်မျိုးအောင်(ပြန်/ဆက်)

ရေစကြိုမြို့နယ်ရှိ ရေရှားပါးကျေးရွာများတွင် လူစုလူဝေးမဖြစ်ရန် ရေပေးလှူသည့်စနစ်ပြောင်းလဲလှူဒါန်း

ရေစကြို မေ ၂၂

ရေစကြိုမြို့နယ်ရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာများကို ရေအလှူရှင်များက ရေပေးဝေရာတွင် လူစုလူဝေးမဖြစ်စေရန် ရေလှူဒါန်းသည့်စနစ်ကို ပြောင်းလဲလှူဒါန်းလျက်ရှိသည်ဟု သိရသည်။

ယခင်က ကျေးရွာအတွင်းမှ ရေလိုသည့် လူအကုန်ထွက်ကာ ရေကားရှေ့တွင် တန်းစီစနစ်ဖြင့် ရေပေးဝေခြင်းပြုခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန်အတွက် လူစုလူဝေးမဖြစ်စေရန် ကျေးရွာပိုင် သောက်သုံးရေကန်များတွင်သာ ရေထည့်ပေးကာ လှူဒါန်းလျက်ရှိသည်ဟု သိရသည်။ **(ယာပုံ)**

"ရေပေးဝေတဲ့နေရာမှာ လူစုလူဝေးမဖြစ်အောင် လူထုကို တိုက်ရိုက်ဖြန့်ဝေတာ မဟုတ်ဘဲနဲ့ သက်ဆိုင်ရာ အများသုံးရေကန်တွေကို ရေထည့်ပေးနေပါတယ်။ ကန်ထဲထည့်ပေးပြီး ရေကိုတော့သူတို့ရပ်/ကျေးကြီးကြပ်မှု ကော်မတီအရ လူစုလူဝေးမဖြစ်အောင်ရေပေးဝေနေပါတယ်"ဟု ကံပွင့်မိသားစုရေအလှူတော်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးခင်ဇော်က ပြောသည်။

ရေစကြိုမြို့နယ်ရှိ သောက်သုံးရေရှားပါးနေသည့် ကျေးရွာများကို မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရေအလှူရှင်များက ရေပေးဝေလျက်ရှိသည်ဟု သိရသည်။ ရေအလှူရှင်များက ကျေးရွာရေကန်များတွင် ထည့်ပေးခဲ့သည့် သောက်သုံးရေများကို ကျေးရွာအုပ်ချုပ်ရေးမှူးက ဆယ်အိမ်စုအလိုက် ပြန်လည်ခွဲဝေပေးလျက်ရှိကြောင်း သိရသည်။

အိမွန်ဆွေ(ရေစကြို)

ဂန့်ဂေါမြို့နယ် လေဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့ပစ္စည်းပေးအပ်

ဂန့်ဂေါ မေ ၂၂

ဂန့်ဂေါမြို့နယ်တွင် မေ ၁၈ ရက်က လေပြင်းတိုက်ခတ်ခြင်းကြောင့် ဆုံးရှုံးခဲ့သည့် လေဘေးသင့်ပြည်သူများအား မေ ၂၀ ရက်က ရွာမကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဂန့်ဂေါခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်က မေ ၁၈ ရက် ည ၇ နာရီခန့်တွင် လေပြင်းများတိုက်ခတ်သဖြင့် အမိုးလန်ပျက်စီးခဲ့သည့် ရွာမကျေးရွာအုပ်စု အလယ်ကျေးရွာ၌ လေဘေးသင့်အိမ်ထောင်စုတစ်စု၊ လူဦးရေလေးဦးတို့အတွက် ဆန်ရိက္ခာထောက်ပံ့ငွေကျပ် ၈၄၀၀ နှင့် အိမ်ဆောက်ပစ္စည်း ထောက်ပံ့ငွေကျပ် ၇၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထင်အောင်နိုင်(ပြန်/ဆက်)

ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် သက်ကြီး ဘိုး/ဘွားများအား အိမ်တိုင်ရာရောက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း မေ ၂၀ ရက်က ပြုလုပ်စဉ်။ သန်းဇော်မင်း(ပြန်/ဆက်)

လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူ ဆောင်ရွက်ရန် လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

ယနေ့အချိန်တွင် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများကို အမျိုးသားအဆင့် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများ အချိန်မီဆောင်ရွက်ရန် အခက်အခဲများ တွေ့ကြုံလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အား အနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တောင်သူဦးကြီးများနှင့် စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် နီးစပ်ရာစက်မှုလယ်ယာစခန်းများတွင်လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ

ညွှန်ကြားရေးမှူးချုပ်	- ၀၉-၅၀၀၇၅၇၆ ၀၆၇-၃၄၃၁၂၁၀
ဒုတိယညွှန်ကြားရေးမှူးချုပ်	- ၀၉-၂၅၀ ၂၈၉ ၂၉၉ ၀၆၇-၃၄၃၁၂၁၂
ညွှန်ကြားရေးမှူး(လုပ်ငန်း)	- ၀၉-၄၂၂ ၀၀၀ ၂၂၁
ညွှန်ကြားရေးမှူးချုပ်ရုံး	- ၀၆၇-၃၄၃၁၂၃၄
စက်မှုလယ်ယာဦးစီးဌာန(လုပ်ငန်းဌာနခွဲ)	- ၀၆၇-၃၄၃၁၂၁၈

တိုင်းဒေသကြီးနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနရုံးများ
မြို့နယ်စက်မှုလယ်ယာစခန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ညောင်ဦးမြို့နယ်အတွင်းရှိ သီလရှင် ၁၄၆ ပါးအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

ညောင်ဦး မေ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ စာသင်တိုက်ကျောင်းများမှ သီလရှင် ၁၄၆ ပါးအား ယမန်နေ့က မြို့နယ်သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းသားများက ကြက်သွန်နီ၊ ကုလားပဲ၊ ငါးပိ၊ ငံပြာရည်၊ ကြက်ဥ၊ ဆား၊ ဆီ စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် ကူးနီး(ကွမ်းသီး)ကျောင်းတိုက်မှ သီလရှင်လေးပါး၊ ချောက်ဖုရားလှကျောင်းတိုက်မှ သီလရှင်တစ်ပါး၊ မိုးကုတ်ဝိပဿနာရိပ်သာမှ သီလရှင်သုံးပါး ၊ သံပုဂ်မင်းသမီးစာသင်တိုက်ကျောင်းမှ သီလရှင် ၃၅ ပါး၊ မဟာစည်စာသင်တိုက်ကျောင်းမှ သီလရှင်အပါး ၅၀၊ သာသနာ့ရောင်ခြည်စာသင်ကျောင်းတိုက်မှ သီလရှင် ၃၅ ပါး၊ အလိုတော်ပြည့်ကျောင်းတိုက်မှ သီလရှင်တစ်ပါးတို့အား သီလရှင်တစ်ပါးလျှင် ကြက်သွန်နီတစ်ပိဿာ၊ ကုလားပဲ နို့ဆီဘူးလေးဘူး၊ ငါးပိ ၅၀ ကျပ်သား၊ ငံပြာရည်တစ်ဘူး၊ ကြက်ဥ ၁၀ လုံး ၊ ဆားတစ်ပိဿာ ၊ ဆီ ၅၀ ကျပ်သား ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းလှိုင်ထံမှ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

နေရပ်ပြန် မြန်မာနိုင်ငံသားများကိုပို့ဆောင်ပေးသည့် ပြဒါးရှင်ရေယာဉ် မန္တလေးသို့ ဆိုက်ရောက်

မန္တလေး မေ ၂၂

ကချင်ပြည်နယ် လွယ်ဂျယ် နယ်စပ်စစ်ဆေးရေးဂိတ်မှ ဝင်ရောက်လာသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများကို ပို့ဆောင်ပေးသည့် ပြဒါးရှင်ရေယာဉ်သည် ယမန်နေ့က မန္တလေးသို့ ရောက်ရှိခဲ့သည်။

ကသာ၊ ထီးချိုင့်၊ ကျောက်မြောင်းမြို့များတွင် မိမိတို့နေထိုင်ရာမြို့နယ်များသို့ ခရီးဆက်ကြမည့် သူများအား တိုင်းဒေသကြီး အစီအစဉ်ဖြင့် စောင့်ကြိုနေကြသည့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ စနစ်တကျအပ်နှံခဲ့သည်။ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၅၂ ဦးနှင့် အခြားခရီးသည်ခြောက်ဦး စုစုပေါင်း ၁၅၈ ဦး တင်ဆောင်လာခဲ့ကြောင်း သိရသည်။

နေရပ်ပြန်မြန်မာနိုင်ငံသားများအား မန္တလေးသို့ပို့ဆောင်ပေးပြီး ရေလယ်၌ ကျောက်ချထားသော ပြဒါးရှင်ရေယာဉ်။

မန္တလေးသို့ ရောက်ရှိချိန်တွင် ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် သုံးဦးအနက်တစ်ဦးမှာ အဖျားရှိသဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျန်းမာရေးအဖွဲ့မှ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ပြီး စောင့်ကြည့်လူနာများထားသည့် နဒီမြန်မာဟိုတယ်သို့ ပို့ဆောင်ပေးခဲ့သည်။

ပြဒါးရှင်ရေယာဉ်မှ ဝန်ထမ်းများအား ကျန်းမာရေးအဖွဲ့က စစ်ဆေးမှုများပြုလုပ်ရာ ကျန်းမာရေးကောင်းမွန်သဖြင့် ရေယာဉ်ကို ပိုးသတ်ဆေးများဖျန်းပြီး ရေလယ်တွင် ကျောက်ချရပ်နားထားကြောင်းနှင့် ရေယာဉ်ဝန်ထမ်းများအား ရေယာဉ်ပေါ်တွင်သာနေထိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စစ်ကိုင်းခရိုင်အတွင်းရှိ ကန့်သတ်ထားရှိသည့် နေရာများကို ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်

စစ်ကိုင်း မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများ၊ ပြည်တွင်းနယ်စပ်ဒေသများမှ ပြန်လည်ရောက်ရှိလာသူများအား အသွားအလာကန့်သတ်ခြင်းအဖြစ် ထားရှိသည့် နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းကို မေ ၂၀ ရက်မှ စတင်၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မြင်းမူနှင့် မြောင်မြို့နယ်များရှိ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် အသွားအလာကန့်သတ်ထားသည့် နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ နယ်မြေမီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်းမြို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအဖြစ် ထားရှိသည့် နေရာ ၁၇ နေရာ၊ မြင်းမူမြို့တွင် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းအဖြစ် ထားရှိသည့် နေရာကိုးနေရာနှင့် မြောင်မြို့နယ်တွင် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းအဖြစ် ထားရှိသည့် နေရာ ၁၁ နေရာရှိကြောင်း သိရသည်။

ခိုင်ဇေယျ

အသွားအလာကန့်သတ်မှု နေရပ်ပြန်များ ၂၁ ရက်ပြည့်၍ မိမိတို့နေအိမ်သို့ ပြန်ခွင့်ရ

နောင်ချို မေ ၂၂

နောင်ချိုမြို့နယ် သဖန်းကိုင်းပရဟိတကျောင်းတွင် ထားရှိသော သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းမှ နေရပ်ပြန်ခုနစ်ဦးသည် ၂၁ ရက်ပြည့်ပြီး ကျန်းမာရေးကောင်းမွန်လျက်ရှိကာ မိမိတို့နေအိမ်များသို့ ယမန်နေ့က ပြန်ခွင့်ရခဲ့ကြောင်း သိရသည်။

သဖန်းကိုင်း ပရဟိတကျောင်း၌ ထားရှိသော သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ၂၁ ရက်တာကာလအတွင်း သဖန်းကိုင်းဆရာတော်၏ ဦးဆောင်မှုနှင့်အတူ သဖန်းကိုင်းပရဟိတအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များ၏ အကူအညီများဖြင့် နေရေး၊ ထိုင်ရေး၊ စားသောက်ရေးကိစ္စများ၊ ကျန်းမာရေးကိစ္စများကိုအဆင်ပြေစွာဆောင်ရွက်ပေးခဲ့ကြောင်းနှင့် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းမှ နေအိမ်သို့ပြန်ခွင့်ရသူများအား ဖြူစင်မေတ္တာပရဟိတအဖွဲ့မှ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးခဲ့သည်။

နောင်ချိုမြို့နယ်တွင် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ယနေ့အထိ ၂၇၈ ဦးရှိပြီး သက်ဆိုင်ရာအသွားအလာကန့်သတ်ခြင်းနေရာများတွင် စောင့်ကြည့်ခံရသူ ၆၅ ဦး ကျန်ရှိပါသည်။ ၂၁၃ ဦးမှာ အသွားအလာကန့်သတ်ခြင်းကာလပြည့်ပြီး၍ မိမိတို့နေအိမ်များသို့ ပြန်ခွင့်ရကြပြီ ဖြစ်ကြောင်းနှင့် လက်ရှိအခြေအနေအရ စိုးရိမ်စရာမရှိကြောင်း သိရသည်။

နောင်ချို(ပြန်/ဆက်)

ပဲခူးမြို့၌ နေရပ်ပြန် ၂၁ ရက်စောင့်ကြပ်ကြည့်ရှုခံရက်ပြည့်သူများအား နေရပ်သို့ပြန်လည်ပို့ဆောင်

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းဖြင့် အသွားအလာစောင့်ကြည့် ကာလ ၂၁ ရက်ပြည့် နေရပ်ပြန်ပြည်သူတချို့အား ယမန်နေ့က မိမိတို့နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ထိုင်းနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သူများသည် မြဝတီမြို့မှ တစ်ဆင့် ပြန်လာကြပြီး ၎င်းနေရပ်ပြန်ပြည်သူများအား ပဲခူးမြို့၌ စခန်းသုံးခု၌ ထားရှိခဲ့သည်။ အဆိုပါ စခန်းသုံးခုမှ ပဲခူးတက္ကသိုလ်၊ ရှင်စောပုအဆောင် (၂) ရှိ စောင့်ကြည့်စခန်းတွင် နေရပ်ပြန်ပြည်သူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့အား တာဝန်ရှိသူက ကျန်းမာရေးထောက်ခံချက်ပေးကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ နေအိမ်တွင် နေထိုင်ရန်ပြောကြားပြီး နေရပ်သို့ပို့ဆောင်ပေးခဲ့ရာ ယနေ့အချိန်အထိ စုစုပေါင်း ၂၅ ဦး ပြန်လည်ပို့ဆောင်ပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့၌ နယ်မြေခံတပ်အနီး အသောကဘုန်းကြီးကျောင်းရှိ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်းစခန်း၌ နေရပ်ပြန်ပြည်သူ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၂၈ ဦး၊ ဘုရားကြီးမြို့ အ.ထ.က စာသင်ကျောင်းတွင် အမျိုးသားငါးဦး၊ အမျိုးသမီးနှစ်ဦး ၊ ပဲခူးတက္ကသိုလ် ရှင်စောပု အဆောင်(၂) တွင် အမျိုးသား ၄၀၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၅၈ ဦး ကျန်ရှိနေသေးကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

ကိုဗစ်-၁၉ ကာကွယ်ရေး မြန်အောင်မြို့ မြို့တွင်းလမ်းနှင့် ရပ်ကွက်များအတွင်း ပိုးသတ်ဆေးဖျန်း

မြန်အောင် မေ ၂၂

မြန်အောင်မြို့တွင် ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် ဒေသပိုင်မီးသတ်အဖွဲ့နှင့် မေတ္တာရှင်သွေးလှူအဖွဲ့တို့က မြို့တွင်းလမ်းမကြီးများနှင့် ရပ်ကွက်များအတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၁ ရက်က မြန်အောင်မြို့ ရန်နိုင်အေးရပ်ကွက်အတွင်းရှိ လမ်းများ၊ နေအိမ်ဝင်ပေါက်များကို ဒေသပိုင် မီးသတ်ယာဉ်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပေးခဲ့သည်။

ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် မြန်အောင်မြို့ ပရဟိတအဖွဲ့များက မြို့ပေါ်ရပ်ကွက်များအတွင်း ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရောင်နီစက်ရုံနှင့်အလှူရှင်များလှူဒါန်းမှုတို့ဖြင့် ဇွန်လကုန်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေသပိုင်မီးသတ်အဖွဲ့ဝင် ကိုမျိုးထွန်းထံမှ သိရသည်။

ဝင်းဗိုလ် (မြန်အောင်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လှူဒါန်းပစ္စည်းများပေးအပ်ခြင်း ဂုဏ်ပြုပွဲတက်ရောက်

မုံရွာ မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအတွင်းရှိ အလှူရှင်တို့သည် ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသော တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လှူဒါန်းပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုအခါတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ တွေ့ရှိမှုမှာ ကလေးမြို့တွင် ခြောက်ဦးရှိလာပြီဖြစ်သဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ရန်ကုန်တိုင်းဒေသကြီးပြီးလျှင် မိမိတို့စစ်ကိုင်းတိုင်းဒေသကြီးသည် ဒုတိယအများဆုံးရောဂါပိုးတွေ့ရှိသည့် တိုင်းတစ်တိုင်း ဖြစ်လာပါကြောင်း။

သို့ဖြစ်၍ ရောဂါပြန့်ပွားမှုကို ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယခုလိုမိမိတို့ တိုင်းဒေသကြီးအတွင်းမှာရှိသည့် အလှူရှင်များက ဆန်၊ ဆီနှင့် ရောဂါကာကွယ်ရေးပစ္စည်းများကို လှူဒါန်းပေးကြသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိမိတို့အစိုးရအဖွဲ့မှ အမှန်တကယ်လိုအပ်သည့်နေရာများသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အလှူရှင်များဖြစ်သော ဆန်အိတ် ၁၀၀၀ အလှူရှင် ကမ္ဘောဇဘဏ်၊ ဆီပိဿာ ၁၀၀၀ အလှူရှင် ဆီကုန်သည်ကြီးများအသင်းချုပ်၊ ဆန်အိတ် ၂၀၀၀ အလှူရှင် ရွှေတောင်ကုမ္ပဏီနှင့် မြန်မာ၀မ်ပေါင် ကုမ္ပဏီလီမိတက်မှ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ကာကွယ်ရေးပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထွန်းကိုကို(ယင်းမာပင်)

ချင်းပြည်နယ်သို့ ဆန်အိတ်တစ်ထောင်၊ ငွေကျပ် ၁၀၂ သိန်း၊ ငွေကျပ် ၁၀ သိန်း လှူဒါန်း

ဟားခါး မေ ၂၂

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်ကာလအတွင်း အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ကမ္ဘောဇဘဏ်က ဆန်အိတ် ၁၀၀၀ နှင့် ပလက်ဝမြို့နယ်အတွင်းမှ နေရပ်စွန့်ခွာသူများအတွက် ကန်ပက်လက်မြို့စေတနာရှင်အလှူရှင်များက လှူဒါန်းငွေကျပ် ၁၀၂ သိန်း၊ မန္တလေးမြို့မှ အလှူရှင် ဦးမင်းမင်းအောင် (ပတ္တမြားအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုက ငွေကျပ် ၁၀ သိန်း ပေးအပ်ပွဲကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

ကမ္ဘောဇဘဏ်(ဟားခါးဘဏ်ခွဲတာဝန်ခံ) ဒေါ်ဇာခြည်ငြိမ်းက ချင်းပြည်နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ဆန်အိတ်များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ဆန်အိတ် ၁၀၀၀ နှင့်တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ၊ ငွေကျပ် ၆၂ သိန်း တန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀ နှင့် ပြည်နယ်ကုန်းမြင့်လယ်ယာဦးစီးဌာနမှ ငွေကျပ် ၃၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူခဲ့ကြသည်။

ဆက်လက်ပြီး ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းမှနေရပ်စွန့်ခွာသူများအတွက် ကန်ပက်လက်မြို့စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၁၀၂ သိန်း၊ မန္တလေးမြို့ အလှူရှင် ဦးမင်းမင်းအောင် (ပတ္တမြားအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို အလှူရှင်များကိုယ်စား နယ်မြေတာဝန်ခံ၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးဖွေအားက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ချင်းပြည်နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့် ချင်းပြည်နယ်အတွင်းပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် အခြေခံစားသောက်ကုန် ငါးမျိုးကို အိမ်အရောက် ဖြန့်ဝေပေးထားပြီးဖြစ်ပြီး အလှူခံရရှိထားသော စားသောက်ကုန်နှင့် ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ ပလက်ဝမြို့နယ်အတွင်းမှ နေရပ်စွန့်ခွာသူများ၏ စားဝတ်နေရေး အပါအဝင် လူမှုရေး၊ ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် လုပ်ငန်းများအတွက် ကမ္ဘောဇဘဏ်လီမိတက်က ဆန်အိတ် ၁၀၀၀ လှူဒါန်း

စစ်တွေ မေ ၂၂

ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် လုပ်ငန်းများ၌ အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ် လီမိတက်မှ ဆန်အိတ် ၁၀၀၀ ကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ လာရောက်လှူဒါန်းသည်။

ကမ္ဘောဇဘဏ်လီမိတက်မှ လှူဒါန်းသော ဆန်အိတ်များကို စစ်တွေကမ္ဘောဇဘဏ်ခွဲမန်နေဂျာနှင့် ဝန်ထမ်းများက လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများသို့ ဆန်အိတ် ၃၀၀၀ စီကို လည်းကောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆန်အိတ် ၁၀၀၀ စီကို လည်းကောင်း၊ စုစုပေါင်းကျပ်သိန်းပေါင်း ၆၀၀၀ ကျော်တန်ဖိုးရှိ ဆန်အိတ် ၂၀၀၀၀ တို့ကို အခြေခံလူတန်းစားပြည်သူများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပေးပို့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ကရင်ပြည်နယ်မှတစ်ဆင့် စောင့်ကြည့်ခံရက်ပြည့်ပြီဖြစ်၍ နေရပ်သို့ပြန်လည်ထွက်ခွာ

ဘားအံ မေ ၂၂

ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ကရင်ပြည်နယ်အတွင်း၌ အသွားအလာကန့်သတ်ခြင်းနေရာများ ဖွင့်လှစ်ထားရှိ၍ စောင့်ကြပ်ကြည့်ရှုခဲ့ရာ သတ်မှတ်ရက်ပြည့်မြောက်သည့်အတွက် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပြီး ယမန်နေ့က ၎င်းတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့၊ ရွာများသို့ ပြန်လည်စေလွှတ်ပေးခဲ့သည်။

စောင့်ကြည့်ခံပြည်သူများ ၎င်းတို့နေရပ်သို့ ပြန်လည်ထွက်ခွာမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘားအံမြို့ သံလွင်တံတားထိပ်တွင် တွေ့ဆုံနှုတ်ဆက်၍ ထမင်းဘူး၊ ရေသန့်ဘူး၊ အချိုရည်နှင့် မုန့်များ ပေးဝေခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က " ဒီနေ့ကတော့ သတ်မှတ်ရက်ပြည့်လို့ ပြန်လွှတ်ပေးရမယ်ဆိုတာ ကြိုသိထားတဲ့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လူဦးရေအလိုက် မော်တော်ယာဉ်တွေတောင်းပြီး သူ့ကားနဲ့သူ ပြန်ထည့်ပေးလိုက်တာဖြစ်တယ်။ အခုနောက် ဝင်လာမယ့်အဖွဲ့ကတော့ နည်းနည်းစိတ်ပူရတယ်။ ထိုင်းဘက်မှာလည်း ကူးစက်ဖြစ်ပွားမှုတွေ ရှိနေတော့ ကျွန်မတို့ ပထမအသုတ်က အားနည်းချက်တွေ မပြည့်စုံမှုတွေကို ပြင်ဆင်ပြီးတော့ ဆောင်ရွက်ရမှာပေ့ါ။ အခုဆိုရင် INGO ၊ NGO ဆီက ကူညီတာတွေပါလာပြီ။ လူဦးရေအများကြီးကို ကျွန်မတို့ အသွားအလာကန့်သတ်ထားရတာ အလွန်ပဲ အန္တရာယ်များပါတယ်။ နေ့တိုင်းကျွန်မတို့မှာ စိတ်ပူနေရပါတယ်။ ဒီတစ်သုတ်ထွက်သွားတယ်ဆိုတော့ ရင်ထဲမှာတော့ ပေါ့သွားတာပေ့ါ။ ကျွန်မပြောချင်တာကတော့ ဘာမှမကြောက်ပါနဲ့။ ပြည်နယ်သူ ပြည်နယ်သားတွေ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ။ ပြန်ဝင်လာတဲ့သူတိုင်းက ရောဂါသည်တွေ မဟုတ်ပါဘူး။ အဲဒါကိုနားလည်မှုရှိရှိနဲ့ ဆောင်ရွက်ပေးမယ်။ စည်းနဲ့ကမ်းနဲ့နေမယ်ဆိုရင် ရောဂါပိုးမကူးနိုင်ပါဘူး။ ပြန်လာတဲ့သူတွေကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပေးပါလို့ ကျွန်မပြောချင်ပါတယ်"ဟု ပြောသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် နေရပ်ပြန်ပြည်သူများအား နှုတ်ဆက်စဉ်။

စောင့်ကြည့်ကာလပြည့်၍ နေရပ်ပြန်တော့မည့် စောလာဘက "ထိုင်းနိုင်ငံ ဗန်ကောက်မြို့က ပြန်လာတာပါ။ မေ ၁ ရက်ကစပြီး အသွားအလာကန့်သတ်ခြင်းနေရာမှာ ပြန်ရောက်နေတာပါ။ ဒီမှာပြန်လာနေတာ အစစအရာရာအဆင်ပြေတယ်။ အစိုးရကစီစဉ်ပေးတဲ့အတွက် စားဝတ်နေရေးပူပင်စရာမရှိ လိုလေသေးမရှိအဆင်ပြေပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ မနက်/ ညကိုယ်အပူချိန်တိုင်းတယ်။ အသေးအမွှားကျန်းမာရေးကိစ္စတွေကအစ သူတို့ကြည့်ပေးပါတယ်။ ကိုယ့်ကျန်းမာရေးအတွက်လည်း သူတို့ကြည့်ပေးတယ်။ ကိုယ့်မိသားစုအတွက်လည်း ယုံကြည်စိတ်ချလို့ရအောင် အခုလိုစီစဉ် ဆောင်ရွက်ပေးတဲ့အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မင်းဘူးမြို့ရှိ ပင်စင်လာရောက်ထုတ်ယူကြသူများအား လူဦးရေအကန့်အသတ်ဖြင့် ထုတ်ပေး

မင်းဘူး ဧပြီ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်-၁၉ နှင့် စပ်လျဉ်းပြီး လူစုလူဝေးမဖြစ်စေရန် ရည်ရွယ်၍ ပင်စင်လာရောက် ထုတ်ယူကြသူများအား ယမန်နေ့မှစ၍ လူဦးရေအကန့်အသတ်ဖြင့် ထုတ်ပေးလျက်ရှိသည်။ (ယာပုံ)

မင်းဘူးမြို့နယ်အနေဖြင့် ဧပြီ ၂၁ မှစ၍ ၂၉ ရက်အထိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများကို အုပ်စုခွနစ်အုပ်စု ခွဲပြီး နေ့ရက်များအလိုက် ရုံးဖွင့်ရက်များတွင် ပင်စင်စား (အငြိမ်းစား) လစာများကို(ပင်စင်ကတ်) စနစ်ဖြင့် ထုတ်ပေးသွားမည် ဖြစ်ကြောင်း၊ ပင်စင်ထုတ်ယူရာတွင် ရုံးဝင်ပေါက်မှစ၍ လက်ဆေးခြင်း၊ ခြောက်ပေအကွာမှ နေထိုင်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာ လာရောက်ကြရန်နှင့် သတ်မှတ်ရက်များတွင် လာရောက် ထုတ်ယူခြင်းမရှိသော ပင်စင်စား(အငြိမ်းစား) များသည် မေလဆန်းတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း မင်းဘူးမြို့မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်အေးအေးကြိုင်က ပြောသည်။

ဆက်လက်၍ ပင်စင်လာရောက်ထုတ်ယူကြသော မိဘပြည်သူများနှင့် ဌာနဆိုင်ရာ ငွေကြေးကိစ္စဆောင်ရွက်ကြသူများအား လက်ကိုင်အသံချဲ့စက်ဖြင့် အသိပညာပေးခြင်း၊ နံရံကပ်ပိုစတာများ ပြသဆောင်ရွက်ခြင်းများကို မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မောင်မောင်(မင်းဘူး)

ထီးလင်းမြို့ အငြိမ်းစားပြည်သူများအတွက် ပင်စင်လစာထုတ်ယူရာ၌ စနစ်တကျ စီမံဆောင်ရွက်

ထီးလင်း ဧပြီ ၂၂

ထီးလင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲရုံး၌ ယမန်နေ့မှစ၍ အငြိမ်းစားများအား ပင်စင်လစာများ စတင်ထုတ်ပေးလျက်ရှိရာ ကိုဗစ် - ၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စနစ်တကျစီမံဆောင်ရွက်ပေးရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် ကိုဗစ်-၁၉ စောင့်ကြည့်စစ်ဆေးကုသရေး ကော်မတီဝင် ဌာန ဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပူးပေါင်း၍ (အငြိမ်းစား)များ ပင်စင်လစာထုတ်ယူရာ၌ ကိုဗစ်- ၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေး စနစ်တကျနေရာများ ချထားပေးခြင်း၊ ရုံးအဝင်ပေါက်၌ လက်ဆေးစင်များ ထားရှိပေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။(ဝဲပုံ)

ထီးလင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲရုံး ဘဏ်မန်နေဂျာ ဦးငြိမ်းချမ်းအေးက ပင်စင်လစာများ ထုတ်ယူပေးမှုနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ထီးလင်းမြို့နယ်တွင် အငြိမ်းစားဝန်ထမ်း ၈၉၅ ဦးရှိပြီး ယနေ့ ပင်စင်လစာထုတ်ယူသူဦးရေ ၃၀၁ ဦးရှိကြောင်း သိရသည်။

အောင်စည်(ပြန်/ဆက်)

သထုံခရိုင် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ယူရာ၌ လူစုလူဝေးမဖြစ်ပေါ်ရေးဆောင်ရွက်ထား

သထုံ ဧပြီ ၂၂

မွန်ပြည်နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်စား ပြည်သူများ ယမန်နေ့မှစတင်ကာ ပင်စင်လစာလာရောက် ထုတ်ယူလျက်ရှိပြီး လူစုလူဝေးများ မဖြစ်ပေါ်စေရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားသည်။

"ပင်စင်စားတွေ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ကာကွယ်ဖို့အတွက် ဘဏ်အတွင်းအပြင်အားလုံး ပိုးသတ်ဆေးဖျန်းထားပြီးတော့ လက်ဆေးဖို့၊ နှာခေါင်းစည်းတပ်ပြီးမှဝင်ဖို့ စီစဉ်ထားတယ်။ လူစုလူဝေးမဖြစ်ဖို့ အနားယူမယ့်နေရာလုပ်ထားသလို ခုံတွေကို သုံးပေအကွာစီ ချထားပေးပါတယ်။ ဘဏ်ထဲကိုတော့ တစ်ကြိမ်ကို ငါးယောက်စီပဲ ပေးဝင်ပါတယ်" ဟု ခရိုင် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်ခင်မိုးမိုးက ပြောသည်။

ထို့အပြင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းကို ဆောင်ရွက်ပေးပြီး ရဲတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးအတွက် ကြပ်မတ်ဆောင်ရွက်နေကြောင်း ခရိုင်ဘဏ်မန်နေဂျာက ပြောသည်။ (ယာအပေါ်ပုံ)



သထုံခရိုင်မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်စားအရေအတွက် ၄၁၈၂ ဦးရှိကာ ဧပြီ ၂၁ ရက်မှ ၂၈ ရက်အထိ မြို့ပြ ပင်စင်၊ နိုင်ငံရေးပင်စင်နှင့် ကာကွယ်ရေးပင်စင်တို့ကို နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၃ နာရီအထိဆောင်ရွက်သွားမည် ဖြစ်ပြီး သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ခြင်းမရှိသူများကလည်း ရုံးဖွင့်ရက်ဘဏ်လုပ်ငန်းချိန်များ၌ လာရောက်ထုတ်ယူနိုင်ကြောင်း ခရိုင်မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

သက်ဦး(သထုံ)

ဘုတလင်မြို့တွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးရာတွင် စနစ်တကျဆောင်ရွက်

ဘုတလင် ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ယမန်နေ့က ဘဏ်ဖွင့်ချိန်မှ စတင်ကာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေးခြင်းကို စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် မြို့နယ်မန်နေဂျာ ဦးခင်မောင်တင့်ထံမှ သိရသည်။ (အောက်ပုံ)

ဘုတလင်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ပင်စင်စား ၁၂၀၀ ကျော်ခန့်ရှိကြောင်း၊ ယမန်နေ့က ငွေထုတ်လာသည့် ပင်စင်စား ၂၆၀ ခန့်ရှိကြောင်း၊ တချို့မှာ ကိုဗစ်-၁၉ ကြောင့် ပင်စင်လာမထုတ်သေးသူများလည်း ရှိကြောင်း၊ ပင်စင်စားများအတွက် ကျန်းမာရေး၊ လုံခြုံရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပင်စင်စားများအား နှာခေါင်းစည်းတပ်ဆင်ပြီး လာရောက်ကြရန် မေတ္တာရပ်ခံလျက်ရှိကြောင်း၊ ပင်စင်ထုတ်ပေးရာတွင်လည်း ငါးဦးစီ စနစ်တကျထုတ်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် မြို့နယ်မန်နေဂျာက ပြောသည်။

ဟန်ထွန်း(အင်းဝ)

ဒီပဲယင်းမြို့နယ် ပင်စင်စားများအား ပင်စင်ထုတ်ရက်သတ်မှတ်ပေး

ဒီပဲယင်း ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့တွင် ကိုဗစ်-၁၉ ကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် လူစုလူဝေးမဖြစ်စေရန် ဘဏ်နှင့် ပင်စင်စားများအကြား နှစ်ဦးနှစ်ဖက်ကာကွယ်မှုတွင် ကူညီရာရောက်စေရန်အတွက် ပင်စင်စားများအား သတ်မှတ်ရက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ပင်စင်လာရောက်ထုတ်ယူရာတွင်လည်း နှာခေါင်းစည်းတပ်ဆင်ပြီး လာရောက်ထုတ်ယူကြပါရန် မြို့နယ်ဘဏ်မန်နေဂျာ ဒေါ်တင်မာလွင်က ပြောသည်။

ပင်စင်စားများအား ပင်စင်ထုတ်ပေးရာတွင် ဧပြီ ၂၁ ရက်တွင် စိုင်ပြင်မြို့ ၅ ရပ်ကွက်နှင့် ကျေးရွာ ၁၈ ရွာ၊ ဧပြီ ၂၂ ရက်တွင် ကျေးရွာ၂၀၊ ဧပြီ ၂၃ ရက်တွင် ကျေးရွာ ၁၈ ရွာ၊ ဧပြီ ၂၄ ရက်တွင် မြို့မရပ်ကွက် တင်းတိန်ရန်ကျေးရွာတို့ကို ထုတ်ပေးဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ခြင်းမရှိပါက ဘဏ်ဖွင့်ရက်များ၌ သတ်မှတ်ရုံးချိန်တွင် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

သိန်းထွန်း(ဒီပဲယင်း)

မိတ္ထီလာမြို့နယ် ပင်စင်စားများအား စနစ်တကျတန်းစီ ပင်စင်ထုတ်ယူနိုင်ရန်စီစဉ်

မိတ္ထီလာ ဧပြီ ၂၂

မိတ္ထီလာမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ယမန်နေ့က ပင်စင်လစာလာရောက်ထုတ်ယူသူများအား ကျန်းမာရေးစစ်ဆေးပြီး တစ်ဦးသုံးပေစီအကွာအဝေးတွင် စနစ်တကျတန်းစီနေရာချထားပေးကာ ပင်စင်လစာထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

"ဒီနေ့ မိတ္ထီလာက မြန်မာ့စီးပွားရေးဘဏ်ကို ပင်စင်လာရောက်ထုတ်ယူတဲ့ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်စားကြီးတွေကို ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကိုယ်အပူချိန်တိုင်းတာ၊ ကျန်းမာရေးစစ်ဆေးတာ၊ တစ်ဦးနဲ့တစ်ဦး အကွာအဝေးသုံးပေစီခွာပြီး စနစ်တကျတန်းစီနေရာချထားပေးတာကို ဘဏ်ဝန်ထမ်းတွေ၊ ကျန်းမာရေးဝန်ထမ်း၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေ ၊ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ အဖွဲ့စုံပူးပေါင်းပြီး တာဝန်ရှိသူတွေရဲ့ ညွှန်ကြားမှုအတိုင်း ပူးပေါင်းဆောင်ရွက်ကြတာပါ " ဟု မိတ္ထီလာခရိုင် ကြက်ခြေနီတပ်သူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးနေဦးက ပြောသည်။

မိတ္ထီလာမြို့ မြန်မာ့စီးပွာရေးဘဏ်တွင်လစဉ်ပင်စင်ထုတ်ယူသူဦးရေ ၁၂၀၀၀ ကျော်ရှိပြီး ဧပြီ ၂၁ ရက်နောက်ပိုင်းတွင်လည်း ပင်စင်လစာများကို ထုတ်ယူနိုင်ကြောင်း ဘဏ်မှအသိပေးကြေညာထားသည်။

ချမ်းသာ (မိတ္ထီလာ)

မိုးညှင်းမြို့နယ်အတွင်း ပင်စင်လစာများကို အထက (၁) သို့ ပြောင်းရွှေ့ထုတ်ပေး

မိုးညှင်း ဧပြီ ၂၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ သက်ကြီးပင်စင်စားများ၏ ပင်စင်လစာများကို ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ထုတ်ပေးလျက်ရှိသည်။

"ပင်စင်စားတွေကို သီးသန့်ဆောင်ရွက်ပေးတာ ဖြစ်တယ်။ ကျွန်မတို့ မိုးညှင်းဘဏ်မှာ ပင်စင်စား ၁၇၀၀ ကျော်ရှိတယ်။ အဓိကအခုဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကို ကာကွယ်ထိန်းချုပ်လို့ရအောင် ပြောင်းရွှေ့ထုတ်ပေးတာဖြစ်တယ်။ နံနက် ၇ နာရီကနေ မွန်းတည့် ၁၂ နာရီအထိ ထုတ်ပေးတယ်။ ဧပြီ ၂၄ ရက်ကစပြီး ပုံမှန်အတိုင်း ဘဏ်မှာပြန်ထုတ်ပေးမယ်"ဟု ဘဏ်မန်နေဂျာ ဒေါ်ခင်မြတ်မြတ်ကျော်က ပြောသည်။

ကျော်ကျော်ထွေး(မိုးညှင်း)

ရှေးမြန်မာတို့နှင့် ဖန်ချက်၊ မှန်ချက် အတတ်ပညာ (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

ကုန်းဘောင်ခေတ်မင်းများလက်ထက် မင်းညီမင်းသားများနှင့် ဝန်ကြီးမှူးကြီးများကို အဆင့်အတန်း အလိုက် အစီးအနင်း အဆောင်အယောင်များကို ပေးသနားရာတွင် ရွှေထည်၊ ငွေထည်၊ မိုးကြိုးထည်၊ စိန်၊ ကျောက်ပတ္တမြားစီခြယ်သော ကွမ်းအစ်၊ ကွမ်းခွက်၊ ဖလား၊ တကောင်းစသော အသုံးအဆောင်ပစ္စည်းများ ပါဝင်ခဲ့သည်။ အချို့ပစ္စည်းများတွင် ပတ္တမြားစီ၍ မှန်တပ်ထားသည်။ ပစ္စည်းအမျိုးအစားနှင့်တန်ဖိုးမှာ အဆင့်အတန်းအလိုက် တဖြည်းဖြည်းနိမ့်သွားသည်။ အိမ်ရှေ့မင်းသားအပါအဝင် မင်းသားကြီးများက-

- ကွမ်းခွက် ၁၂ မြှောင့်မှန်တပ် အနား ပတ္တမြား ၃ ရစ်စီ
- ကွမ်းလိပ်သုံးမြွာ ၁၂ မြှောင့်မှန်တပ် အနား ပတ္တမြား ၃ ရစ်စီ
- လက်ဖက်အိုးတကောင်းပိတ် ၁၂ မြှောင့်မှန်တပ် အနား ပတ္တမြား ၃ ရစ်စီ

တို့ကိုရရှိကြပြီး ထို့အောက်ငယ်သော မင်းသားများကမူ-

- ကွမ်းခွက် ရှစ်ထောင့်မှန်တပ်အနား ပတ္တမြား ၂ ရစ်စီ
- ကွမ်းလိပ်သုံးမြွာ ရှစ်ထောင့်မှန်တပ်အနား ပတ္တမြား ၂ ရစ်စီ
- လက်ဖက်အိုးတကောင်းပိတ် ရှစ်ထောင့်မှန်တပ် အနား ပတ္တမြား ၂ ရစ်စီ

တို့ကိုရရှိကြသည်။ အဆင့်နိမ့်သော မင်းသားငယ်များမှာ မှန်တပ်ပစ္စည်းချင်းတူသော်လည်း အနားပတ္တမြား တစ်ရစ်စီသာ ရရှိကြသည်။

ရှေးခေတ်ဖန်၊ မှန်တို့၏ တန်ဖိုး

ဝန်ကြီးများ၊ အတွင်းဝန်များ၊ မင်းသားကြီးများ၏ သားများဖြစ်သော မင်းမြေးအဆင့် မင်းသားငယ်များ (မြင်းမှူးမင်းသားများ)မှာ ကွမ်းခွက်၊ လက်ဖက်အိုး တကောင်းပိတ်၊ ရှစ်ထောင့်ပယင်းတပ်ကို ရရှိကြသည်။ ရာထူးအဆင့်အတန်းအလိုက် ရရှိကြသော အဆောင်အယောင်ပစ္စည်းများ၏ တန်ဖိုးကလည်း မတူညီကြောင်း သိသာလှသည်။ ဤတွင် မှန်သည် ပယင်းထက် တန်ဖိုးနှင့်အဆင့်အတန်း မြင့်မားကြောင်းကို တွေ့ရှိရသည်။ မှန်ကို ပတ္တမြားသုံးရစ်စီနှင့် နှစ်ရစ်စီရသော အဆင့်အတန်းမြင့်သူများ၏ပစ္စည်း၌ တပ်ဆင်ထားသည်။ အဆင့်နိမ့်သူများ၏ပစ္စည်းတွင် ပယင်းကိုသာ တပ်ပေးသဖြင့် မှန်က ပယင်းထက် ပို၍ရှားပါးသော၊ တန်ဖိုးကြီးသော၊ အဆင့်မြင့်သော ပစ္စည်းဖြစ်နေခဲ့သည်။ ဖန်၊ မှန်တို့သည် အတတ်ပညာဖြင့် လုပ်အားစိုက်ထုတ် ချက်လုပ်ရသော ပစ္စည်းဖြစ်သည်။ ပယင်းကမူ သဘာဝအတိုင်း ဖြစ်ပေါ်လာသော သယံဇာတပစ္စည်းဖြစ်သည်။ ထို့ကြောင့်ပင် ဖန်၊ မှန်တို့က ပယင်းထက်ပို၍ တန်ဖိုးကြီးကာ အဆင့်မြင့်နေသည်ဟု ယူဆရသည်။ ကွမ်းခွက်၊ လက်ဖက်အိုးများတွင် တပ်ဆင်သော မှန်သည် အဖြူရောင် သို့မဟုတ် အစိမ်းရောင် မှန်ချပ်ငယ်များဖြစ်ပြီး စင်စစ်အားဖြင့် ဖန်ချပ်ငယ်များဟု ဆိုနိုင်သည်။ ဖန်ကို အညွှန့်စားကျောက်မျက်ရတနာအဆင်တန်ဆာအဖြစ် အသုံးပြုခဲ့ကြောင်း သာဓကပင် ဖြစ်သည်။

ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်အရ မြန်မာနိုင်ငံတွင် ပျူခေတ်အတွင်းကပင် ဖန်ကို သိကြ သုံးနေခဲ့ကြပြီဖြစ်ကြောင်း သိရသည်။

သရေခေတ္တရာမြို့ဟောင်း(အေဒီ ၄ ရာစုမှ ၉ ရာစု) နေရာများကို တူးဖော်ကြရာမှ အပြာရောင်နှင့် အစိမ်းရောင် ဖန်ပုတီးစေ့များ၊ ရောင်စုံ အစက်အပြောက်များဖြင့် မွမ်းမံထားသော ဖန်ပုတီးစေ့များကို တွေ့ရှိခဲ့ရသည်။ အဝါရောင်ကဲသော (သံဓာတ်ပါသော)ဖန်သားဖြင့် ဖန်ပုတီးစေ့များ သီကုံးထားသည်ကိုလည်းကောင်း၊ လုပ်လက်စ ဖန်ပုတီးစေ့များကိုလည်းကောင်း တွေ့ရှိရသည်။ ထို့အပြင် ဖန်စိမ်းဖြင့် ပြုလုပ်ထားသော ဆင်းတုတော်တစ်ဆူကိုလည်း တွေ့ရှိရသည်။ ထိုဗုဒ္ဓရုပ်ပွားဆင်းတုတော်သည် မြန်မာနိုင်ငံတွင် အစောဆုံးနှင့် ရှေးအကျဆုံးသော ဖန်ဗုဒ္ဓဆင်းတုတော်ပင် ဖြစ်သည်။

တောင်သမန်အင်းစောင်းမှ ရရှိခဲ့သည်ဆိုသော အစိမ်းရောင်ဖန်နားတောင်း၊ ဒေသခံတစ်ဦးထံမှ ရရှိခဲ့သော အဖြူရောင်ဖန်နားတောင်းနှင့် ရွှေတောင်မြို့နယ် ကွေ့မရွာအနီး မြစ်ကမ်းပြိုရာမှတွေ့ရှိရသည့် ငွေထုံးဘူး၊ ငွေခွက်၊ ငွေထည်များနှင့်အတူ ရရှိခဲ့သော ဖန်ပြာခွက်သုံးခုတို့မှာ ကုန်းဘောင်ခေတ်က လက်ရာများဟုဆိုသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ၌ ရှေးအကျဆုံးပျူခေတ်မှ ကုန်းဘောင်ခေတ်ကုန်ဆုံးသည်အထိ ကာလတစ်လျှောက်လုံးတွင် ဖန်ကို သိခဲ့၊ အသုံးပြုခဲ့ကြကြောင်း ထင်ရှားသည်။

ဖန်ကို ဘယ်ကစသိ

ထိုကဲ့သို့ ရှေးမြန်မာ့သမိုင်းတစ်လျှောက်လုံး၌ အသုံးပြုခဲ့ကြသော ဖန်နှင့်ဖန်ထည်ပစ္စည်းအမျိုးမျိုးကို မြန်မာတို့က မည်ကဲ့သို့ရရှိခဲ့ကြသည်၊ ကူးသန်းရောင်းဝယ်ခြင်းဖြင့် တိုင်းတစ်ပါးမှ ရရှိကြသလော၊ သို့တည်းမဟုတ် မြန်မာတို့ ကိုယ်တိုင် ဖန်ချက်လုပ်တတ်သလောဆိုသည်ကို စဉ်းစား ချင့်ချိန်ကြရပေလိမ့်မည် ဖြစ်သည်။

ပျူခေတ် ဖန်ပုတီးစေ့များထဲတွင် လုပ်လက်စ ပုတီးစေ့များကို တွေ့ရှိရသဖြင့် ထိုခေတ်က ပြည်တွင်း၌ ဖန်ချက်လုပ်ငန်းရှိနေပြီဟု ပညာရှင်အချို့က အခိုင်အမာ ကောက်ချက်ချခဲ့ကြသည်။ အစိမ်းရောင်ဖန်ဆင်းတုတော်ကို တွေ့ရှိရခြင်းကလည်း ယင်းကောက်ချက်ကို ထောက်ခံသကဲ့သို့ ရှိနေသည်။ ပျူတို့သည် ဘုန်းကြီးကျောင်းများကို ဖန်အုတ်များဖြင့် ဆောက်လုပ်ထားသည်ဟု တရုတ်မှတ်တမ်းများက ဖော်ပြခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပျူခေတ်ကတည်းက ဖန်ချက်တတ်ခဲ့သည်၊ ဖန်ချက်လုပ်ငန်းရှိခဲ့သည်ဟု ဆိုနိုင်သည်။

တစ်ဖက်တွင်လည်း ထိုဖန်ပုတီးစေ့များမှာ ပြည်ပနှင့် ကူးသန်းဆက်သွယ်မှုကြောင့် ရောက်ရှိလာခြင်း ဖြစ်နိုင်သည်ဟု စောဒကတက်စရာ ရှိနေသည်။ ဥရောပနိုင်ငံများနှင့် အိန္ဒိယတွင် ဘီစီခေတ်ကပင် ဖန်ချက်လုပ်ငန်း ထွန်းကားလျက်ရှိနေခဲ့သည်ကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အေဒီ ၁ ရာစုက စတင်ခဲ့သော ဗိသနိုးနှင့် အေဒီ ၄ ရာစုမှ ၉ ရာစုအထိ ထွန်းကားခဲ့သော သရေခေတ္တရာ ပျူမြို့ပြနိုင်ငံများသည် အိန္ဒိယနှင့်တရုတ် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ကျရောက်လျက် ရှိနေခဲ့သဖြင့် ထိုခေတ်က ကုန်သည်တို့၏ စခန်းကောင်းတစ်ခု ဖြစ်နေခဲ့သည်။ ဧရာဝတီမြစ်အထက်ပိုင်းက မြန်မာနိုင်ငံ မြောက်ပိုင်းရှိ တရုတ်-ရောမ ကုန်သွယ်လမ်းမကြီးကိုလည်းကောင်း၊ ဧရာဝတီမြစ်တောင်ပိုင်းက အိန္ဒိယတောင်ပိုင်း ကုန်သည်လမ်းမကြီးကိုလည်းကောင်း ဆက်စပ်ပေးထားသည်။

ထိုစဉ်က မြောက်ဘက်လမ်းထက်တောင်ဘက်လမ်းကို ပို၍အသုံးများခဲ့သည့် အားလျော်စွာ အိန္ဒိယနိုင်ငံမှ ကုန်သည်များ၊ စွန့်စားသွားလာသူများ၊ ဘာသာရေးသမားများသည် ဗိသနိုးနှင့် သရေခေတ္တရာ ပျူနိုင်ငံများသို့ တောင်ဘက်လမ်းမှတစ်ဆင့် အရောက်အပေါက်များခဲ့ကြသည်။ ထို့ကြောင့်ပင် ယင်းကုန်သည်များထံမှ ဖန်ထည်ပစ္စည်းများကိုသာမက ဖန်ချက်လုပ်ငန်းနှင့် ဖန်ချက်အတတ်ပညာကိုပါ ပျူတို့က ရရှိတတ်မြောက်ခဲ့သည်ဟု ယူဆနိုင်သည်။

သရေခေတ္တရာ ပျူနိုင်ငံခေတ်ကပင် ဖန်ချက်လုပ်ငန်းရှိခဲ့ပြီး ဖန်ချက်တတ်ခဲ့သည်ဆိုသော်လည်း အခြားလက်မှုပညာရပ်များနှင့် လုပ်ငန်းများကဲ့သို့ ထွန်းကားခဲ့ဟန် မတူပေ။ တူးဖော်တွေ့ရှိခဲ့ရသော ပုဂံခေတ်၊ အင်းဝခေတ်နှင့် တောင်ငူခေတ်များ၏ ပြောင်မြောက်လှသော အတတ်ပညာ လက်ရာများထဲတွင် ဖန်ထည်ပစ္စည်းပါ မပါရှိခဲ့ပေ။ ထိုခေတ်ထိုကာလများတွင် ဖန်ချက်အတတ်နှင့် ဖန်ချက်လုပ်ငန်းမှာ တိမ်မြုပ်နေသည်ဟု ယူဆဖွယ်ဖြစ်ပြီး သို့ရာတွင် ကုန်းဘောင်ခေတ်၌မူ ပြန်လည်ထွန်းကားလာသည်ကိုမူ တွေ့ရှိခဲ့ရသည်။

ကုန်းဘောင်ခေတ်လယ်က ဖန်ထည်များ

ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းနှင့် စစ်ကိုင်းမင်းတို့လက်ထက်တွင် ဖန်စေတီ၊ ဖန်ဆင်းတု၊ ဖန်ထီး၊ ဖန်တံခွန်နှင့် ဖန်ပဒေသာပင်စသည်တို့ကို ကောင်းမှုတော်စေတီများတွင် ဌာပနာကြောင်း အထက်တွင် ဖော်ပြခဲ့သည်။ ထိုဌာပနာပစ္စည်း၊ ဘာသာရေးပစ္စည်းများသည် မြန်မာမှု မြန်မာဟန်ဖြစ်သောကြောင့် တိုင်းတစ်ပါးမှ မှာယူတင်သွင်းခြင်းမဟုတ်ဘဲ ပြည်တွင်း၌ ချက်လုပ်သည့် ဖန်ပစ္စည်းများပင်ဖြစ်မည်ဟု ယူဆရသည်။ သုမေဓာ ရှင်ရသေ့က ဘုရားအလောင်းအဖြစ် ဗျာဒိတ်ခံယူသော အခန်းမှ ဘုရားဖြစ်တော်မူသည်အထိသော ဗုဒ္ဓဝင်အခန်းများကို ဖန်ဖြင့်သွန်း၍ ဌာပနာသည်ဟု ဆိုထားသဖြင့်လည်း ပြည်တွင်း၌ချက်လုပ်ကြောင်း သိသာသည်။ ထို့အပြင် ကျိုထားသော ဖန်ရည်ကို သွန်းပုံ (Mould) ထဲသို့ သွန်းလောင်း၍ လုပ်သောနည်းအား အသုံးပြုခဲ့သည်ဟုလည်း ယူဆရသည်။

ထို့အတူ ဖန်နန်းတော်၊ မှန်နန်းတော်များ ဆောက်လုပ်ရန်နှင့် ဆင်ဖြူတော်ကြိုဆိုရန် စသည်တို့အတွက် ဖန်၊ မှန်၊ ပတ္တမြားစီခြယ်သော တန်ဆောင်းများ၊ ဖန်၊ မှန်၊ ပတ္တမြားစီခြယ်ပြီး ရွှေအတိပြီးသော မီးတိုင် မီးအုံးများကို လုပ်ဆောင်ရန်အတွက် လိုအပ်သည့် ဖန်၊ မှန်တို့ကို လည်း နိုင်ငံအတွင်း၌ပင် ချက်လုပ်ခဲ့ကြလိမ့်မည် ဖြစ်သည်။ ရွှေစင်အတိပြီးသော၊ ဖန်၊ မှန်၊ ပတ္တမြားစီသောဟု ဆိုထားသဖြင့်လည်း ထိုတန်ဆောင်းများ၊ မီးတိုင်မီးအုံးများတွင် မှန်စီရွှေချ (Mosaic) လုပ်ထားသည်ဟု ခန့်မှန်းရသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် မှန်စီရွှေချလုပ်ငန်း ထွန်းကားနေပြီဟု ယူဆရသောကြောင့် ကုန်းဘောင်ခေတ်လယ်တွင် ဖန်ချက်လုပ်ငန်း ထွန်းကားကာ အသုံးများလာသည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာတို့က ဖန်ကိုရအောင် မည်သည့်နည်းဖြင့် ချက်လုပ်ကြသနည်းဆိုသည့် အချက်ကိုလည်း ဆန်းစစ်ကြည့်သင့်ပေသည်။ ပျူခေတ်မှသည် ကုန်းဘောင်ခေတ်အထိတိုင်အောင် မြန်မာတို့အသုံးပြုခဲ့သော ဖန်ချက်နည်းသည် အလွန်ရှေးကျသော၊ ခေတ်နောက်ကျနေသော နည်း ဖြစ်နေခဲ့ဟန်တူသည်။ အထောက်အထား မတွေ့ရသော်လည်း ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်နှင့် ညောင်ရမ်းခေတ်များတွင် သမားရိုးကျ နည်းဟောင်း နည်းရိုးအတိုင်း ဖန်ချက်လုပ်ခဲ့ကြသည်ဟု ယူဆရသည်။ ထိုစဉ်က အိန္ဒိယအပါအဝင် အနောက်နိုင်ငံများ၌ ဖန်ချက်လုပ်ငန်း အဆင့်အတန်းက မြင့်နေပြီဖြစ်သလို ထိုကဲ့သို့ ဖန်ချက်လုပ်နည်းပညာများ အဆင့်အတန်းမြင့်နေပြီဆိုသည်ကိုလည်း မြန်မာတို့က သိခဲ့ကြသည်။

ဥရောပနိုင်ငံများမှ ကုန်သည်များ၊ သာသနာပြုပုဂ္ဂိုလ်များနှင့် စွန့်စားသွားလာသူများသည် ၁၆ ရာစုခန့်ကပင် မြန်မာနိုင်ငံသို့ အရောက်အပေါက် များနေခဲ့ကြပြီဖြစ်သည်။ ထိုပုဂ္ဂိုလ်များထံမှ ခေတ်မီ အတတ်ပညာများ အကြောင်းကို မြန်မာတို့က ကြားသိခဲ့ကြပြီး ခေတ်မီပစ္စည်းအမျိုးမျိုးကို မြင်ဖူးတွေ့ဖူးခဲ့ကြသည်။ ညောင်ရမ်းခေတ်ကုန်ခါနီး တနင်္ဂနွေမင်း (၁၇၁၄-၃၃) လက်ထက်တွင် အနောက်နိုင်ငံများမှ ခေတ်မီအတတ်ပညာ အမျိုးမျိုးကို ရယူရန် ကြိုးပမ်းခဲ့ကြောင်း တွေ့ရှိရသည်။

တနင်္ဂနွေမင်းသည် ခရစ်ယာန်နိုင်ငံများနှင့် ဆက်ဆံကုန်သွယ်၍ ထိုနိုင်ငံများမှ ပန်းချီဆေးရေးအတတ်၊ အထည်ရက်လုပ်မှုအတတ်၊ ဖန်ချက်အတတ်၊ နက္ခတ်ဗေဒင်အတတ်၊ စက်မှုအတတ်၊ ပထဝီအတတ်အစရှိသည့် အတတ်ပညာများ၌ ကျွမ်းကျင်သူများကို အလိုရှိကြောင်း၊ သဘာဝသယံဇာတပစ္စည်းများကို တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ဘုရင့်ကျွန်တော်များအား သင်ကြားပေးနိုင်မည့် ကျွမ်းကျင်သူ ဥရောပတိုက်သား အတတ်ပညာရှင်များကို အလိုရှိကြောင်း ခရစ်ယာန်ဘုန်းတော်ကြီး ကဲလ်ချီမှတစ်ဆင့် ဆက်သွယ်ပြောဆိုခဲ့သလို ဘုန်းတော်ကြီးဗီတိုနီကိုလည်း မြန်မာ့သံတမန်အဖြစ် ရောမသို့လက်ဆောင်များနှင့်တကွ စေလွှတ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပန်းချီဆေးရေးအတတ်၊ အထည်ရက်လုပ်မှုအတတ်၊ နက္ခတ်ဗေဒင်အတတ်၊ ဖန်ချက်အတတ်တို့သည် ရှေးမဆွကပင်ရှိခဲ့သော အတတ်ပညာများ ဖြစ်ကြသည်။ သို့ရာတွင် သမားရိုးကျ နည်းဟောင်းများဖြစ်၍ ခေတ်မီတိုးတက်သော နည်းပညာများကို ရယူရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ပေါ်လွင်လှသည်။ တနင်္ဂနွေမင်းလက်ထက်တွင် ဖန်ချက်အတတ်ကို ပန်းချီဆေးရေးအတတ်၊ ရက်ကန်းအတတ်၊ နက္ခတ်ဗေဒင်အတတ်တို့နှင့်အတူ နည်းဟောင်းနည်းရိုးအတိုင်း အသုံးပြုနေကြသည်ဟု ဆိုနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် တနင်္ဂနွေမင်းလက်ထက်တွင် ခေတ်မီဖန်ချက်လုပ်ငန်း၊ ခေတ်မီရက်ကန်းနှင့် စက်မှုအတတ်တို့ကို ရယူရန် ကြိုးပမ်းခဲ့ကြောင်းကိုလည်း သိရှိရသည်။

တနင်္ဂနွေမင်း၏ ကြိုးပမ်းချက်များက မည်ရွေ့မည်မျှ အကောင်အထည်ပေါ်ခဲ့သည်ကို မသိရှိရပေ။ သားတော် မဟာဓမ္မရာဇာဓိပတိ (၁၇၃၃-၅၂) လက်ထက်တွင် ညောင်ရမ်းမင်းဆက် ပြတ်သွားကာ ၁၇၅၂ ခုနှစ်တွင် အလောင်းမင်းတရားနန်းတက်ကာ ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ခဲ့သည်။

ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းလက်ထက်တွင် ဗြိတိသျှပိုင် အိန္ဒိယမြို့နယ်များမှ ခေတ်မီဖန်ထည်ပစ္စည်းများကို ရန်ကုန်ဆိပ်ကမ်းသို့ တင်သွင်းနေခဲ့ကြပြီဖြစ်သည်။ ထိုပစ္စည်းများသည် ရန်ကုန်မြို့မှတစ်ဆင့် အထက်မြန်မာနိုင်ငံသို့ ရောက်ရှိလာကာ မင်းနေပြည်တော်နှင့် ရွှေနန်းတော်အတွင်းထိတိုင် ဝင်ရောက်တွင်ကျယ်နေခဲ့ပြီဖြစ်သည်။ ဗဒုံမင်းသည် ဥရောပဖန်ထည်များကို လွန်စွာ နှစ်ခြိုက်သဘောကျခဲ့ပြီး ထိုကဲ့သို့ လှပကြည်လင်လှသော ဖန်ထည်များကို မြန်မာနိုင်ငံ တော်တွင် ချက်လုပ်လိုခဲ့ကာ ခေတ်မီဖန်ချက်အတတ်ကိုလည်း ရယူလိုခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တိုင်းနိုင်ငံများ၌ ရှေးသမားရိုးကျ ဖန်စိမ်းချက်လုပ်သောနည်း (Vitrification)ကို သိခဲ့ကြ၊တတ်ခဲ့ကြသည်။ သို့ရာတွင် အင်္ဂလန်နှင့် ဥရောပထုတ် ဖန်ပစ္စည်းများကဲ့သို့ ကြည်လင်လှပသော အလင်းပေါက်ဖန်များကို မချက်လုပ်နိုင်ခဲ့ကြပေ။ ဗဒုံမင်းအနေဖြင့် ခေတ်မီဖန်ချက်အတတ်ပညာကို လည်းကောင်း၊ ကျွမ်းကျင် သူပညာရှင်များကို လည်းကောင်း ရယူလိုခဲ့သည်။နိုင်ငံတော်တွင် အင်္ဂလန်လုပ်ဖန်ထည်များကဲ့သို့ ခေတ်မီလှပ သော ဖန်ထည်များကို လုပ်ဆောင်လိုကြောင်း ဗြိတိသျှသံကိုယ်စားလှယ် မိုက်ကယ်ဆိုင်းမ်အား ပြောကြားခဲ့သည်။

စာမျက်နှာ ၂၅ သို့

“မြန်မာတို့က ဖန်ကိုရအောင် မည်သည့်နည်းဖြင့် ချက်လုပ်ကြသနည်းဆိုသည့် အချက်ကိုလည်း ဆန်းစစ်ကြည့်သင့်ပေသည်။ ပျူခေတ်မှသည် ကုန်းဘောင်ခေတ်အထိတိုင် အောင် မြန်မာတို့အသုံးပြုခဲ့သော ဖန်ချက်နည်းသည် အလွန်ရှေးကျသော၊ ခေတ်နောက်ကျနေသော နည်း ဖြစ်နေခဲ့ဟန်တူသည်။ အထောက်အထား မတွေ့ရသော်လည်း ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်နှင့် ညောင်ရမ်းခေတ်များတွင် သမားရိုးကျ နည်းဟောင်း နည်းရိုးအတိုင်း ဖန်ချက်လုပ်ခဲ့ကြသည်ဟု ယူဆရသည်။ ထိုစဉ်က အိန္ဒိယအပါအဝင် အနောက်နိုင်ငံများ၌ ဖန်ချက်လုပ်ငန်းအဆင့်အတန်းက မြင့်နေပြီဖြစ်သလို ထိုကဲ့သို့ ဖန်ချက်လုပ်နည်းပညာများ အဆင့်အတန်းမြင့်နေပြီဆိုသည်ကိုလည်း မြန်မာတို့က သိခဲ့ကြ”

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ မြကန်သာရပ်ကွက်အတွင်းရှိ ဆီဆိုင်မြို့နယ်လုံးဆိုင်ရာ ဇဝနာရာမပရိယတ္တိစာသင်ကျောင်းတိုက်ကြီးနှင့် ဟိုခဲရပ်ကွက်အတွင်းရှိ ဥတ္တရာရုံကျောင်းတိုက်သို့ ဆန်၊ ဆီများ ဆက်ကပ်လှူဒါန်းခြင်းကို မေ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က တစ်ကျောင်းလျှင် ဆန် တစ်အိတ်နှင့် ဆီနှစ်ဘူးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

ခွန်ရဲထွေး(ဆီဆိုင်)

ဝမ်းတွင်းမြို့နယ် ဆည်ရွာကျေးရွာ၌ အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ၈၀ ရာနှုန်းပြီးစီး

ဝမ်းတွင်း မေ ၂၂

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ထီးလှိုင်ကျေးရွာအုပ်စု ဆည်ရွာကျေးရွာ၌ အုတ်ရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ဆည်ရွာကျေးရွာ၌ အုတ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း အရှည် ပေ ၁၀၀၀ ၊ အကျယ် ၂ ပေ၊ ထု ၂ ပေ ၆ လက်မကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄ သန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ၏ ကြီးကြပ်မှုတို့ဖြင့် ရွာသူရွာသားများကိုယ်တိုင် မတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီဦးက ပြောသည်။ ငြိမ်းသူ(စလင်း)

သောက်သုံးရေခက်ခဲနေသော ကျေးရွာသို့ မီးသတ်တပ်ဖွဲ့က ရေဂါလန် ၈၀၀ သွားရောက်လှူဒါန်း

ဟိုင်းကြီးကျွန်း မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ မဲခရဲကျေးရွာအုပ်စုရှိ သောက်သုံးရေ အခက်အခဲဖြစ်နေသော တောင်ကလေးကျေးရွာသို့ ဟိုင်းကြီးကျွန်းမြို့ မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ဦးဆောင်သော တပ်ဖွဲ့ဝင်များက ရေဂါလန် ၈၀၀ ကို ယနေ့နံနက်ပိုင်းက လှူဒါန်းသည်။

မဲခရဲကျေးရွာအုပ်စု တောင်ကလေးကျေးရွာသည် အိမ်ထောင်စု ၁၃၀ ကျော်ရှိပြီး လူဦးရေ ၈၀၀ ကျော် နေထိုင်သော ကျေးရွာတစ်ရွာဖြစ်သည်။ တစ်ရွာလုံး ကန်ရေကိုသာ အသုံးပြုကြပြီး နှစ်စဉ်နွေရာသီ၌ ကန်ရေခန်းခြောက်မှုကြောင့် သောက်သုံးရေအခက်အခဲနှင့် ပုံမှန်ကြုံတွေ့နေရသော ကျေးရွာတစ်ရွာလည်းဖြစ်သည်။

ဟိုင်းကြီးကျွန်း မဲခရဲကျေးရွာအုပ်စုသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေလှူဒါန်းပေးနေစဉ်။

ပူပြင်းသောရာသီဖြစ်ပြီး ယခု လ ပထမပတ်ကပင် ကန်ရေများခန်းခြောက်လာကာ သောက်သုံးရေ အခက်အခဲကို စတင်ရင်ဆိုင်နေကြရခြင်း ဖြစ်သည်။

ယခုကဲ့သို့ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေချိန်၌ ဟိုင်းကြီးကျွန်းမြို့ မီးသတ်ဦးစီးဌာန ဝန်ထမ်းများက ရေဂါလန် ၈၀၀ ကို လာရောက်လှူဒါန်းပေးခဲ့သည့်အတွက် ဒေသခံများ ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်းသိရသည်။

ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)

နေပြည်တော်မှ ပြေးဆွဲနေသည့် အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းအားလုံး မေ့လကုန်အထိ ပြေးဆွဲမှု ဆက်လက်ရပ်ဆိုင်း

နေပြည်တော် မေ ၂၂

နေပြည်တော်မှ နိုင်ငံတစ်ဝန်းဒေသအနှံ့သို့ ပြေးဆွဲနေသော အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် မေ ၃၀ ရက်အထိ ပြေးဆွဲမှုယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ သိရသည်။

၂၀၂၀ ပြည့်နှစ် သင်္ကြန်ကာလနှင့် ကိုဗစ်-၁၉ ဖြစ်ပွားသည့်ကာလ တိုက်ဆိုင်နေသည့်အတွက် ရောဂါမပြန့်ပွားရေးနှင့် ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မေ ၇ ရက်မှ ၂၀ ရက်အထိ ရန်ကုန်-မန္တလေး-နေပြည်တော်အပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများ ပြေးဆွဲမှု ယာယီရပ်ဆိုင်းခဲ့ကြပြီး လက်ရှိရောဂါအခြေအနေများ ကြောင့် နေပြည်တော်ရှိ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများကို မေ ၃၀ ရက်အထိ ပြေးဆွဲမှုရပ်ဆိုင်းရန် ထပ်မံရွှေ့ဆိုင်းထားကြောင်း မထသ(အဝေးပြေး) ကော်မတီ ဒုတိယဌာနမှူး ဦးအောင်ကျော်နိုင်က ပြောသည်။

နေပြည်တော်ဘောဂသီရိယာဉ်ရပ်နားစခန်းတွင် နေပြည်တော်အခြေပြု ယာဉ်လိုင်း ၂၇ လိုင်းရှိပြီး အခြားမြို့အခြေပြုယာဉ်လိုင်း ၇၃ လိုင်းဖြင့် မြို့ပေါင်း ၅၀ ကို နေ့စဉ်ယာဉ်အစီးရေ ၂၅၀ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း မထသ (အဝေးပြေး)ကော်မတီစာရင်းအရ သိရ သည်။ ရဲရဲ(ပျဉ်းမနား)

ဂန့်ဂေါမြို့နယ် အန်းတားကျေးရွာ၌ သောက်သုံးရေ လှူဒါန်း

မကွေး မေ ၂၂

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အန်းတားကျေးရွာတွင် ကျေးရွာနေပြည်သူများ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့်အတွက် ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ရေဂါလန် ၁၆၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေပေးသည်။

ထိုသို့သောက်သုံးရေများ ဖြန့်ဝေပေးရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အန်းတားကျေးရွာရှိ အိမ်ခြေ ၆၆ အိမ်မှ လူဦးရေ ၃၀၂ ဦးတို့အတွက် ရေဂါလန် ၁၆၀၀ ကို ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းခြင်းဖြစ်သည်။

ဂန့်ဂေါမြို့နယ်အတွင်း နွေရာသီအပူချိန်မြင့်တက်လာမှုနှင့်အတူ ကျေးလက်နေပြည်သူများ သောက်သုံးရေ ရှားပါးမှုအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုအချိန်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများသို့သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်းနှင့် ရေပြတ်လပ်ပါက ခရိုင်/မြို့နယ်ကျေးလက်ဦးစီးဌာနများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်အေးမြင့်သန်းက ပြောသည်။

ဇော်မင်းငွေး

စိုင်ရှင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း ရာနှုန်းပြည့်ပြီးစီး

မင်းဘူး မေ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသာယာကျေးရွာအုပ်စု စိုင်ရှင်ကျေးရွာတွင် သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

စိုင်ရှင်ကျေးရွာ သောက်သုံးရေရရှိရေးအတွက် အနက်ပေ ၄၀၀ ရှိ ၄ လက်မ စက်ရေတွင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၇၁၈၅ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရိန်(မင်းဘူး)**

ဆောမြို့နယ်အတွင်း ကျေးရွာများ သောက်သုံးရေ ရှားပါးပြတ်လပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်

ဆော မေ ၂၂

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၁၇ ရွာရှိရာ အဆိုပါကျေးရွာများရှိ ဒေသခံကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့ပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများထံသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

ယခုနှစ် နွေရာသီကာလတွင် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုများ ကြုံတွေ့လာပါက ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြစန်းလင်း ဖုန်း - ၀၉၂၅၆၃၁၅၂၅၂ သို့လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးညိုဝင်းအောင် ဖုန်း - ၀၉၄၀၁၆၁၇၆၉၃ သို့လည်းကောင်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်အေးသီတာမြင့် ဖုန်း - ၀၉၄၀၁၆၆၈၈၃၅ သို့လည်းကောင်း၊ အငယ်တန်းအင်ဂျင်နီယာ-၃ ဦးကျော်သီဟသွေး ဖုန်း -၀၉၂၆၄၂၅၁၈၈၀ သို့လည်းကောင်း၊အငယ်တန်း အင်ဂျင်နီယာ-၃ ဦးမင်းကို ဖုန်း- ၀၉၂၅၆၀၉၁၄၅၂ သို့လည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်ယဉ်ယဉ်မြ ဖုန်း-၀၉၄၄၀၁၂၉၆၇ သို့လည်းကောင်း ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇော်မျိုးသန့်(ဆော)

စာမျက်နှာ ၂၄ မှ

ဆိုင်းမ်က သူ၏လက်ထောက် ဒေါက်တာဘူကန်နင်အား ခေတ်မီဖန်ချက်လုပ်နည်းအတတ်ကို ရှင်းပြစေခဲ့သည်။ ဒေါက်တာဘူကန်နင်က အခြေခံအချက်အလက်များကို ရှင်းပြကာ ဖန်ချက်နည်းအကြောင်းပါဝင်သော စွယ်စုံကျမ်းကို ငှားရမ်းပေးခဲ့သည်။ ထိုစွယ်စုံကျမ်းပါ အချက်အလက်များကို ရေဝန်ဘာသာရှိန်းနှင့် အာမေနီယန်း စကားပြန်တို့က မြန်မာဘာသာသို့ ပြန်ဆိုကြသည်ဟု ဆိုင်းမ်က သူ၏မှတ်တမ်းတွင် ဖော်ပြထားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အနောက်နိုင်ငံများမှ ခေတ်မီဖန်ချက်လုပ်နည်း အတတ်ပညာကိုရရှိရန် တနင်္ဂနွေမင်းလက်ထက်တွင်တစ်ကြိမ်၊ ဗဒုံမင်းလက်ထက်တွင်တစ်ကြိမ် ကြိုးပမ်းခဲ့ကြောင်း သမိုင်းအထောက်အထားများက ဖော်ပြနေသည်။ ထိုကြိုးပမ်းချက်များက မည်မျှအောင်မြင်ကာ မည်ကဲ့သို့သော နည်းပညာများရရှိခဲ့ကြသည်ကို အောက်ပါအတိုင်း လေ့လာဆန်းစစ်ကြည့်ရန်လိုအပ်မည်ဖြစ်သည်။

အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် သဘော်ဆေးစာအမည်ဖြင့် တစ်အင်္ဂါခုနစ်ချပ်ရှိသော ပေတစ်ထုပ်ရှိသည်။ ပေ၏နိဂုံးတွင် **ရှေးခေတ်သုံး သဒ္ဒါဖြင့်** “ ပူတက်မြို့ကုလားတို့အတတ် ဆိုပါသည်။ သက္ကရာဇ် ၁၁၂၁ ခု တော်သလင်းလပြည့်ကျော် ၄ ရက်နေ့ သုံးချက်တီးအချိန်တွင် ပူတက်မြို့သား ကုလားတို့၏ သုံးဆောင်ရာဖြစ်သော မှန်ချက်ဖန်ချက်။ ဗဟုသုတများသောအတတ်ကို ရေးကူး၍ ပြီးအောင်မြင်သည်” ဟု ဖော်ပြထားသဖြင့် မြန်မာသက္ကရာဇ် ၁၁၂၁ ခုနှစ် (အေဒီ-၁၇၅၉)က ရေးကူးသောပေဖြစ်ကြောင်း သိရှိရသည်။ မူရင်းပေကို မည်သည့်နှစ်က ရေးမှတ်ခဲ့ကြောင်းကိုမူ မသိရပေ။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားလက်ထက် ၁၇၅၉ ခုနှစ်က ရေးကူးခဲ့ခြင်းဖြစ်၍ တနင်္ဂနွေမင်းလက်ထက်ကရသော နည်းပညာဖြစ်မည် သို့တည်းမဟုတ် ထို့ထက်စောသော ကာလကတည်းက ရရှိခဲ့သော နည်းပညာများဖြစ်မည်ကို တိတိကျကျ ကောက်ချက်ချရန်ခက်ခဲလှသည်။

ထိုသဘော်ဆေးစာပေတွင် ထုတ်လုပ်နည်းအတတ်ပညာပေါင်း တစ်ရာကျော် ပါဝင်သည်။ ဖန်ချက်နည်း၊ ရွှေမင်ဖော်နည်း၊ ရွှေရေးနည်း၊ ကြေးနီလုပ်နည်း၊ ကြေးနီ ကြေးဝါဖော်နည်း၊ ရေပြင်းလုပ်နည်း၊ မီးစုန်းလုပ်နည်း၊ ဒုတ္ထာဆီချက်နည်း၊ ဥသဖရား ကျောက်မျက်ရတနာအတုလုပ်နည်း၊ သစ်သားအရောင်တင်ဆီလုပ်နည်း၊ မှန်ပြဒါးတင်နည်း၊ ပုလဲတုလုပ်နည်း၊ ချည်အဝတ်ဆိုးဆေးလုပ်နည်း၊ မိလ္လာမျိုးစုံလုပ်နည်း၊ ဆံပင်မဖြူအောင်လုပ်နည်း စသည်ဖြင့် မျိုးတူများကို အုပ်စုဖွဲ့လိုက်ပါက အုပ်စု ၃၀ ရှိသည်။ ။

ယင်းမာပင်ခရိုင်အတွင်းရှိ ပရဟိတကျောင်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

ယင်းမာပင် ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ရွာသာယာကျေးရွာအုပ်စု ရွာသာယာကျေးရွာ မဟာအောင်မြေဘုန်းတော်ကြီးကျောင်းရှိ ရိုးမတိမ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ဆားလင်းကြီးမြို့နယ် ကျောက်မျက်ကျေးရွာအုပ်စု ထနောင်းကုန်းကျေးရွာ ပညာပဒေသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတို့အတွက် အခြေခံစားသောက်ကုန်များကို ဧပြီ ၂၁ ရက်က လှူဒါန်းထောက်ပံ့ပေးသည်။

လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတို့တွင် ပညာသင်ကြားနေသော ကျောင်းသားများအား ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်နေစဉ် ကာလအတွင်း အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် သီတဂူ ဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါ စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာတွင် သီတဂူဆရာတော်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျောင်းသားတစ်ဦးလျှင် ဆန်တစ်တင်း၊ ဆီတစ်ပိဿာ၊ ဆား ၅၀ ကျပ်သား၊ ပဲ သုံးပိဿာနှင့် ကြက်သွန်နီ တစ်ပိဿာနှုန်းစီဖြင့် ရိုးမတိမ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသား ၉၅ ဦးတို့အတွက် စုစုပေါင်း ဆန် ၉၅ တင်း၊ ဆီ ၉၅ ပိဿာ၊ ဆား ၄၇ ပိဿာခွဲ၊ ပဲ ၂၈၅ ပိဿာနှင့် ကြက်သွန်နီ ၉၅ ပိဿာနှင့် ထနောင်းကုန်းကျေးရွာ ပညာပဒေသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသား ၉၁ ဦးအတွက် စုစုပေါင်း ဆန် ၉၁ တင်း၊ ဆီ ၉၁ ပိဿာ၊ ဆား ၄၅ ပိဿာ၊ ပဲ ၂၇၃ ပိဿာနှင့် ကြက်သွန်နီ ၉၁ ပိဿာ အစရှိသော အခြေခံစားသောက်ကုန် ငါးမျိုးအား ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ယင်းမာပင်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က ရိုးမတိမ်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ နာယကဆရာတော်၊ ပရဟိတကော်မတီဥက္ကဋ္ဌနှင့် ထနောင်းကုန်းကျေးရွာ ပညာပဒေသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှူး ဆရာတော် ဥူးကောဝိဒထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

ယင်းမာပင်ခရိုင်အတွင်းရှိ ပရဟိတကျောင်းများအား အခြေခံစားကုန်များ ထောက်ပံ့စဉ်။

ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ရေးနှိုးဆော်ချက်များ အများပြည်သူနှင့်ဆိုင်သောနေရာများ၌ လိုက်လံချိတ်ဆွဲ

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းရီနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ အများပြည်သူနှင့်ဆိုင်သော နေရာများ၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး နှိုးဆော်ချက် နံရံကပ်စာစောင်များ၊ ဗီနိုင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

နေပြည်တော်ဇေယျာသီရိမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး နှိုးဆော်ချက်များ လိုက်လံတပ်ဆင်စဉ်

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိသော စစ်ဆေးရေးဂိတ်များ၊ ဈေးများနှင့် စားသောက်ကုန်ရောင်းချသောစတိုးဆိုင်များ၏ လက်ဆေးစင်နေရာများ၌ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် နှိုးဆော်ချက်များနှင့် စနစ်တကျလက်ဆေးနည်း နံရံကပ်စာစောင်များချိတ်ဆွဲခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ "အစပိုင်းကတော့ ဈေးရောင်းသူ ဈေးဝယ်တဲ့သူ ဈေးလာရင် နှာခေါင်းစည်းမတပ်ဘဲလာတာတွေများတယ်။ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့တွေက ယခုလို အသိပညာပေး တဲ့ လုပ်ဆောင်ချက်တွေ အားကောင်းလာတော့ ဈေးထဲမှာ လူတိုင်းလိုလို နှာခေါင်းစည်းတွေတပ်လာတာတွေ့ရတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဈေးပေါက် အဝင်အထွက်တွေကို စောင့်ကြည့်ပြီး နှာခေါင်းစည်းတပ်ခိုင်းတယ်၊ လက်ဆေးခိုင်းတယ်၊ ပြီးတော့ ဈေးပိတ်ရက်မှာလည်း ပိုးသတ်ဆေးဖျန်းတယ်"ဟု ပြည်စံအောင်ရပ်ကွက်ဈေး ဈေးမှူး ဦးအောင်လှိုင်ဦး၏ ပြောပြချက်အရ သိရသည်။

ထွန်းလင်း(ပြန်/ဆက်)

ဆီဆိုင်မြို့၌ ပင်စင်ထုတ်ယူကြသည့် ပင်စင်စားများအား ကျန်းမာရေးစစ်ဆေးပေး

ဆီဆိုင် ဧပြီ ၂၂

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးနှင့် ကူးစက်မှုမရှိစေရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူကြသည့် ပင်စင်စားများအား ကျန်းမားရေးစစ်ဆေးခြင်းကို ဧပြီ ၂၂ ရက် နံနက် ၈ နာရီခွဲက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျန်းမာရေးစစ်ဆေးပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်သီတာအေးနှင့် ဘဏ်ဝန်ထမ်းများက ပင်စင် လာရောက်ထုတ်ယူကြသည့် ပင်စင်စားများအား အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များတိုင်းတာစစ်ဆေးခြင်း၊ လက်ဆေးဆပ်ပြာရည်ဖြင့် လက်ကိုသန့်စင်အောင်ဆေးကြောပေးခြင်း၊ နှာခေါင်းစည်းမပါလာသော ပင်စင်စားများအား နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

ပင်းတယမြို့၌ ပင်စင်ထုတ်ယူမည့် အငြိမ်းစားဝန်ထမ်း ၆၄၀ အတွက် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်း

ပင်းတယ ဧပြီ ၂၂

ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်နိုင်ရေးတို့အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူမည့်အငြိမ်းစားဝန်ထမ်း ၆၄၀ တို့အတွက် ပင်းတယမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်မမလေးနှင့် ကိုကိုထွန်းနိုင်တို့က နှာခေါင်းစည်းများကို ပေးအပ်လှူဒါန်းသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသူများကို ဧပြီ ၂၁ ရက်မှ ၂၉ ရက်အတွင်း ရပ်ကွက်/ကျေးရွာအလိုက် ပင်စင်ထုတ်ယူ ရမည့်ရက်စွဲများကို ကြိုတင်ကြေညာထားရာ ပင်စင်လစာထုတ်ယူသည့် ရက်များတွင်လည်း လူစုလူဝေးမဖြစ်စေရန်အတွက် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာဖြင့် ပြင်ဆင်ထားပေးပြီး ဘဏ်အတွင်းသို့ မဝင်မီ လက်ဆေးသန့်စင်ခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးခြင်းများပြုလုပ်ပြီးမှသာ ပင်စင်လစာများထုတ်ယူပေးကြောင်းလည်း သိရသည်။

ခင်မျိုးနွယ်(ပင်းတယ)

ဒလမြို့နယ် စည်ပင်သာယာဈေးကြီး နှစ်ခုတွင် နှာခေါင်းစည်း ၁၀၀၀ အခမဲ့လှူဒါန်း

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဒလမြို့နယ်၌ စည်ပင်သာယာဈေးကြီး နှစ်ခုဖြစ်သည့် အောင်ဇေယျဈေးနှင့် ကမာကဆစ်ဈေးတို့၌ ဈေးရောင်း၊ ဈေးဝယ်သူများ များပြားလျက်ရှိရာ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမဖြစ်စေရေးနှင့် ကြိုတင်တင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းမတပ်သူများကို ပညာပေးပြီး နှာခေါင်းစည်းများ တပ်ဆင်စေပြီး ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်ကြရန် အသိပညာပေးလုပ်ငန်းများနှင့် နှာခေါင်းစည်းများ အခမဲ့လှူဒါန်းခြင်းကို ယနေ့နံနက်က ဈေးတာဝန်ခံများနှင့် မြို့နယ်ပညာရေးနှင့် ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ပညာပေး ဆောင်ရွက်ရာတွင် အောင်ဇေယျဈေး တာဝန်ခံ ဦးအောင်လွင်ဦး ၊ ကမာကဆစ်ဈေးတာဝန်ခံ ဦးဌေးဝင်း၊ မြို့နယ်ပညာရေးနှင့်ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးတင်ကြည်နှင့် အဖွဲ့ဝင်များက ဈေးရောင်းသူများနှင့် ဈေးဝယ်ရန် လာရောက်ကြသည့် မိဘပြည်သူများအား နှာခေါင်းစည်းများကို တပ်ဆင်စေပြီး စနစ်တကျ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန်နှင့် လက်ဆေးပြီးမှ ဈေးအတွင်းသို့ ဝင်ရောက်ကြရန် ၊ အပြင်ထွက်ပါက နှာခေါင်းစည်း တပ်ဆင်ပြီးမှ သွားလာကြရန် အသိပညာပေးပြောကြားခဲ့ပြီး ဈေးတွင်းသို့ ဝင်ရောက်ကြမည့် မိဘပြည်သူများအား အပူချိန်တိုင်းတာ စစ်ဆေးခြင်းနှင့် နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူများအား နှာခေါင်းစည်းများကို အခမဲ့ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ဒေသခံမိဘပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်စေရေးအတွက် ရည်ရွယ်၍ နှာခေါင်းစည်းများကို အောင်ဇေယျဈေး၌ ဈေးရောင်း၊ ဈေးဝယ်သူ ၅၀၀ အတွက် နှာခေါင်းစည်း အခု ၅၀၀ နှင့် ကမာကဆစ်ဈေး၌ ဈေးရောင်း၊ ဈေးဝယ်သူ ၅၀၀ အတွက် နှာခေါင်းစည်း အခု ၅၀၀ စုစုပေါင်း နှာခေါင်းစည်း အခု ၁၀၀၀ ကို အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြောင်း မြို့နယ်ပညာရေးနှင့်ကျန်းမာရေးဖောင်ဒေးရှင်းမှ အဖွဲ့ဝင် ဦးကျော်မြင့်ဦးက ပြောကြားခဲ့သည်။

နိုင်လင်းကျော်(ဒလ)

အင်တောမြို့ မြို့မဈေး၌ ကျန်းမာရေးအသိပညာပေး နှာခေါင်းစည်း တပ်ထားခြင်း ရှိမရှိစစ်ဆေး

အင်တော ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့ စည်ပင်သာယာရေးဌာနမှ ဈေးသူဈေးသားများနှင့်ဈေးဝယ်လာသူများအား ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကျန်းမာရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း တပ်ထားခြင်းရှိ၊ မရှိစစ်ဆေးခြင်းကို ယနေ့နံနက် ၆ နာရီက မြို့မဈေးအဝင်ပေါက်၌ ပြုလုပ်ခဲ့သည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းကွမ်းခေး၊ စည်ပင်သာယာရေးဌာန တာဝန်ခံ ဦးလှမျိုးသွင်နှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များက ဈေးသူဈေးသားများနှင့် ဈေးဝယ်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ ဈေးရောင်းဝယ်ကြသူများသည် နှာခေါင်းစည်းတပ်ရန်နှင့် လက်အိတ်တို့ကို တပ်ဆင်ပြီးမှ ဈေးရောင်းဈေးဝယ်ပြုလုပ်ကြရန်၊ တစ်ဦးနှင့်တစ်ဦး ၃ပေ အကွာအနည်းဆုံးကနေပြီးမှ ဈေးရောင်းဝယ်ပြုလုပ်ကြရန်၊ ဈေးအဝင်တွင် ဘေစင်ထားရှိပေးကာ လက်ကို စနစ်တကျ ဆေးကြောပြီးမှ ဈေးတွင်းသို့ဝင်ရောက်ကြရန်နှင့်ပျံကျဈေးသည်များ အနေဖြင့် သတ်မှတ်ပေးထားသည့် နေရာ၌သာ စနစ်တကျရောင်းချရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ပညာပေးနှိုးဆော်ချက်များကို အသိပညာပေးဟောပြောခဲ့သည်။

အောင်ခိုင် (ပြန်/ဆက်)

သာစည်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ယာယီပျံ့ကျဈေးပြောင်းရွှေ့ဖွင့်

သာစည် မေ ၂၂
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့မဈေးကြီးအတွင်း လူစုလူဝေးမဖြစ်စေရန် ပျံ့ကျ ဈေးသည်များအား မြို့မဈေးကြီးမြောက်ဘက်၌ မေ ၂၂ ရက် နံနက်က စတင်၍ ယာယီပျံ့ကျဈေးပြောင်းရွှေ့ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

အဆိုပါ ယာယီပျံ့ကျဈေးကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌဦးဝင်းလှိုင်၊ အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးရဲနိုင်နှင့်ကော်မတီဝင်များ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးကာလမှာ မြို့မဈေးကြီးအတွင်း လူစုလူဝေးမဖြစ်အောင်လို့ အဓိကထားဆောင်ရွက်တာပါ၊ ဈေးအတွင်းမှာလည်း ရောင်းချခွင့်ပြုထားတဲ့ ဆိုင်ခန်းတွေ၊ ခုံရှိတဲ့ဆိုင်တွေက ပုံမှန်ရောင်းချနေမှာပါ၊ အခုခွဲထုတ်လိုက်တာက ပျံ့ကျဈေးသည်တွေပါ၊ သူတို့ကိုလည်းဈေးရောင်းပြီး ပုံမှန်ဝင်ငွေရရှိအောင်ဈေးကြီးနဲ့လည်း မဝေးတဲ့ ဈေးကြီးမြောက်ဘက် ဈေးပတ်လမ်းမှ နေရာချထားပေးတာပါ၊ နေ့စဉ် နံနက် ၆ နာရီကနေ နံနက် ၁၀ နာရီအထိ ရောင်းချခွင့်ပြုသွားမှာဖြစ်ပြီးသတ်မှတ်ချိန်ပြည့်ပါက ဈေးအတွင်းနှင့်အခြားနေရာများတွင် ဆက်လက်ရောင်းချခွင့်ပြုမည်မဟုတ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

သာစည်မြို့တွင် ယာယီပျံ့ကျဈေးပြောင်းရွှေ့ဖွင့်လှစ်ထားစဉ်

ယာယီဈေးအဖြစ်သတ်မှတ်ထားသောနေရာ၌ ဈေးဆိုင်ပေါင်းနှစ်ရာကျော် ရောင်းချနိုင်ရေးဆောင်ရွက်ထားပြီး တစ်ဆိုင်နှင့်တစ်ဆိုင် ခြောက်ပေကွာခြားကာ တစ်ဆိုင်လျှင်အကျယ် ခြောက်ပေပတ်လည်သတ်မှတ်ပေးထားပြီး ဈေးသည်နှင့် ဈေးဝယ်သူကြားအနည်းဆုံး သုံးပေအကွာအဝေးဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ထားသည်။ သတ်မှတ်ထားသောစည်း ပြင်ပတွင် ဈေးခင်းကျင်းခြင်း၊ လမ်းပိတ်ဆို့ရောင်းချခြင်းများမရှိစေဘဲ စနစ်တကျရှိစေရန် ဈေးတာဝန်ခံရုံးမှ တာဝန်ရှိသူများက လိုက်လံနှိုးဆော်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့မဈေးကြီးနှင့်ယာယီဈေးသို့လာရောက်သော ဈေးသည် ဈေးဝယ်များ လက်ဆေးရန်နှင့် နှာခေါင်းစည်းများ တပ်ဆင်ထားမှသာ ဝင်ရောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထွန်းထွန်း(သာစည်)

ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များအား စားသောက်ကုန်များ၊ နှာခေါင်းစည်းနှင့် လက်အိတ်များထောက်ပံ့ပေး

ကျောင်းကုန်း မေ ၂၂
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များအား စားသောက်ကုန်များ၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ထောက်ပံ့မှုကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းရွှေက အမှာစကား ပြောကြားပြီး ကြက်သွန် တစ်ပိဿာ၊ အာလူး တစ်ပိဿာ၊ ကြက်ဥ ၁၀ လုံး၊ ဆီ၊ ခေါက်ဆွဲခြောက်ထုပ်၊ နှာခေါင်းစည်းနှင့်လက်အိတ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရှိ တပ်ဖွဲ့ဝင် ၁၅ ဦးအား ထောက်ပံ့ပေးအပ်သည်။

ယခုအချိန်ကာလတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် လက်ဆေးစင်ထားရှိပေးပြီး လက်ကိုမကြာခဏ ဆေးကြောစေခြင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေခွာကာ အလုပ်လုပ်ကြရန် စီစဉ်ထားကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးထံက သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကော့သောင်းခရိုင်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး အသိပညာပေး လုပ်ငန်းများဆောင်ရွက်

ကော့သောင်း မေ ၂၂
ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်မှုအခြေအနေသည် မြန်မာနိုင်ငံအတွင်း ရောဂါပိုးတွေ့ရှိသူများ တွေ့ရှိလာနေရပြီဖြစ်သဖြင့် မိမိတို့မြို့နယ်အတွင်း ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်ရေး ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်းကာ အသိပေးလုပ်ငန်းများ မေ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

အသိပညာပေးမှုလုပ်ငန်းများအဖြစ် ပြည်သူများအကြား ကျန်းမာရေးအသိနှင့် ကိုဗစ်-၁၉ ဆိုင်ရာသိသင့်သိထိုက်သည်များ၊ ကြိုတင်ကာကွယ်နိုင်သည့်နည်းလမ်းများ၊ ရောဂါကူးစက်မှု မဖြစ်ပွားရေးရှောင်ရန်၊ ဆောင်ရန်များ၊ လက်ဆေးကြသည့်အလေ့အထပြည်သူများအကြားကျင့်သုံးကြရေး၊ အသိပညာပေးဖော်ပြရိုက်နှိပ်ထားသည့် ကိုဗစ်-၁၉ အဆုတ်ရောင် ကူးစက်ရောဂါကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာကျင့်သုံးကြစေရန် လူအသွားအလာများပြားရာ ဆိပ်ကမ်းသာလမ်းတစ်လျှောက်၊ ကားဂိတ်များ၊ ဆိုင်ကယ်ကယ်ရီဂိတ်များနှင့် မြို့မဈေးအတွင်း လိုက်လံဖြန့်ဝေပညာပေးခြင်း လုပ်ငန်းများအား ဌာနဝန်ထမ်းများက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထားခံယူကာ လိုက်လံဆောင်ရွက်ခြင်း ဖြစ်သည်။

ကျော်စိုး(ကော့သောင်း)

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန် မိုးနဲမြို့ ယာယီပျံ့ကျဈေး၌ အသိပညာပေးဆောင်ရွက်

မိုးနဲ မေ ၂၂
ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ယာယီပျံ့ကျဈေးတွင် အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်း အခမဲ့ ဖြန့်ဝေပေးခြင်းကို ယနေ့နံနက် ၆ နာရီက မြို့မဈေးကွင်းပြင် ယာယီပျံ့ကျဈေးနေရာ၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ယာယီပျံ့ကျဈေး၌ ဈေးရောင်း၊ ဈေးဝယ်သူများ နှာခေါင်းစည်းများ တပ်ဆင်ပြီး ဝယ်ယူရောင်းချကြရန်၊ ဈေးဝယ်ရာတွင် မိသားစုဝင်တစ်ဦးထက်ပိုပြီး ဈေးသို့ လာရောက်ခြင်းမပြုကြရန်၊ မိမိနေအိမ်သို့ ပြန်လည် ရောက်ရှိပါက လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောပေးကြရန် အစရှိသည်တို့ကို ပိုစတာများဖြင့် ပြသထားသည်။

မိုးနဲမြို့ ယာယီပျံ့ကျဈေးတွင် ကိုဗစ်-၁၉ အသိပညာပေးဆောင်ရွက်စဉ်။

အဆိုပါဈေးနေရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကျေး စာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဈေးဝယ်၊ ရောင်းကြသူများအား နှာခေါင်းစည်းများ၊ လက်အိတ်များ၊ ရှမ်းဘာသာဖြင့် ရိုက်နှိပ်ထားသော ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးလက်ကမ်း စာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့ပြီး ယာယီဈေးဝင်ပေါက်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို အသံချဲ့စက်ဖြင့် ဖွင့်၍ အသိပညာပေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)

မိုင်းရယ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဈေးများ ရွှေ့ပြောင်းဖွင့်လှစ်

မိုင်းရယ် မေ ၂၂
ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လူစုလူဝေးများ ဖြစ်ပေါ်နိုင်သည့် မိုင်းရယ်မြို့ရှိ ဈေးများအား ယာယီဈေးများအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုင်းရယ်မြို့မဈေးကြီးအတွင်းမှ ပျံ့ကျဈေးသည်များအား ဟန်နောင်လမ်းပေါ်၌ ခုနစ်ပေအကျယ် အကွက်များရေးဆွဲပြီး ဈေးဝယ်သူများအား သုံးပေအကွာမှ ဈေးဝယ်နိုင်ရန်လည်းကောင်း၊ မိုင်းရယ်မြို့ရပ်ကွက် ၃ ရှိ ပျံ့ကျဈေးအား ဆိုင်မိန်း ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းတွင် ခုနစ်ပေအကျယ် အကွက်များရေးဆွဲပြီး ဈေးဝယ်သူများအား သုံးပေအကွာမှ ဈေးဝယ်နိုင်ရန်လည်းကောင်း ပြောင်းရွှေ့ဖွင့်လှစ်ထားသည်။

ဈေးရောင်းသူများနှင့် ဈေးဝယ်လာ ပြည်သူများအား နှာခေါင်းစည်းများ တပ်ဆင်ပြီး ဝယ်ယူရန်နှင့် လက်များ မကြာခဏဆေးကြောစေရန် ပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

လွိုင်ကော်မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်စေရေးအတွက် မီတာခလာရောက်ပေးဆောင်သူများ စနစ်တကျ ထားရှိဆောင်ရွက်

လွိုင်ကော် မေ ၂၂
ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း မြို့နယ်လျှပ်စစ်မီတာရုံး မီတာခပေးဆောင်ရာ နေရာတွင် လူစုလူဝေးများ မဖြစ်ပေါ်စေရေးအတွက် မီတာခလာရောက်ပေးဆောင်သော ပြည်သူများအား လျှပ်စစ်မီတာခပေးဆောင်ရမည့် နေ့ရက်များနှင့် အသိပညာပေးကြော်ငြာစာကပ်ထားပေးခြင်း၊ တုန်ကင်စနစ်ဖြင့် အလှည့်ကျပေးဆောင်စေခြင်း၊ ပေးဆောင်ရာတွင် တစ်ဦးနှင့်တစ်ဦး သုံးပေကွာမှပေးဆောင်နိုင်ရန် စီစဉ်ထားရှိပေးထားခြင်းနှင့် လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်းတို့ကို တာဝန်ကျ ဝန်ထမ်းများက နေ့စဉ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါ မီတာခပေးဆောင်ခြင်းကို မေ ၁၈ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကောက်ခံပေးသွားမည်ဖြစ်ပြီး မီတာခပေးဆောင်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန်အတွက် တာဝန်ကျဝန်ထမ်းများက စနစ်တကျကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ အစီအစဉ်ဖြစ်သော အခမဲ့မီတာယူနစ် ၁၅၀ သည်လည်း ဧပြီလအတွက်သာ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထွန်းလေး (ပြန်/ဆက်)

ချောင်းဦးမြို့နယ်၌ ဘုန်းတော်ကြီးကျောင်းများအား ဆန်နှင့် ဆီများလှူဒါန်း

ချောင်းဦး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နေသည့် ကာလအတွင်း ဘုန်းတော်ကြီးကျောင်းများတွင် ပစ္စည်းလေးပါးပြည့်စုံစေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ကကြီးမှူးပြီး မေ ၂၁ ရက်တွင် ဆန်နှင့် ဆီများသွားရောက် လှူဒါန်းကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ကျောင်းထိုင် ဆရာတော်နှင့် သံဃာတော် ၁၅ ပါးနှင့်အထက်ရှိသော ဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်းသို့ ဆန်တစ်တင်းခွဲ ၂၅ အိတ်နှင့် ဆီ ပိဿာ ၁၉၀ တို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးဦးစိုးထွန်းအောင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးတင်အောင်မိုးနှင့် မြို့မိမြို့ဖတို့က သွားရောက် လှူဒါန်းသည်။ **(ဓါတ်ပုံ)**

ချောင်းဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် မြို့နေစေတနာရှင် ပြည်သူလူထုများကလှူဒါန်းပေးမှုများကိုဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်းသို့ ယခုကဲ့သို့ ကနဦးလှူဒါန်းပေးခြင်းဖြစ်ပြီး ဆက်လက်၍ မြို့နယ်အတွင်းရှိ သံဃာတော် ၁၅ ပါး အောက်ရှိသော ဘုန်းတော်ကြီးကျောင်းများသို့ အလားတူ ဆန်နှင့်ဆီများ လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က ပြောသည်။

ယမင်း (ရွှေဦးမြေ)

ရွှေဘိုမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

ရွှေဘို မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ် -၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပူးပေါင်း၍ ရွှေဘိုမြို့ပေါ်ရှိ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ဦးဆောင်သော ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ပူးပေါင်း၍ မေ ၂၂ ရက်က ရွှေဘိုမြို့ အမှတ်(၁) ရပ်ကွက်အတွင်းရှိဘိုမောင်ဘုန်းကြီးကျောင်း၊ နန်းကျောင်းစေတီသို့သွားရောက်၍ ပိုးသတ်ဆေးဖျန်းခြင်း၊ သံဃာတော်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် အားဆေးလှူဒါန်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ မေ ၂၂ ရက် နံနက် ၁၀ နာရီက ခရိုင်၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ် (၃) ရပ်ကွက် ဘိုကုန်းရပ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

မိုးသောက်(ရွှေဘို)

လှိုင်းဘွဲ့မြို့မဈေးအတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးအသိပညာပေးဆောင်ရွက်

လှိုင်းဘွဲ့ မေ ၂၂

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်တွင် မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်သူများ ရောဂါပိုးကူးစက်ပြန့်ပွားမှုမရှိစေဘဲ အခြေခံစားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ရောင်းဝယ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ယနေ့တွင် ဆောင်ရွက်သည်။

အသိပညာပေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်သူများလိုက်နာဆောင်ရွက်နိုင်စေရန် လက်ကိုင်စပီကာဖြင့် လိုက်လံနှိုးဆော်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုကြရန်၊ ဈေးသည်များ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာတွင် နေထိုင်ရောင်းချရေး၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဈေးဝယ်သူများအားလည်း လက်ဆေးကန်များ၌ လက်သန့်စင်စေခြင်း၊ ဈေးအတွင်းသို့ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသာ ဈေးဝယ်ယူစေခြင်းများကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

သုံးခွမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရန် PPE ဝတ်စုံအစုံ ၂၀၀ လှူဒါန်း

သုံးခွ မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၄) ရပ်ကွက်ရှိ ဦးသန်းဦး-ဒေါ်သီတာအေး(နန်းထိုက်ရွှေဆိုင်မိသားစု)က မေ ၂၂ ရက် နံနက် ၉ နာရီတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်လိုအပ်လျှင်အသုံးပြုနိုင်ရန်တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (PPE) အစုံ၅၀ လှူဒါန်းရာ သုံးခွမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူသည်။

အလားတူ မေ ၂၁ ရက်နေ့ကလည်း လမ်းမတော်မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ PPE ဝတ်စုံ ၁၀ စုံ၊ ရန်ကုန်တောင်ပိုင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သန်လျင်)သို့ PPE ဝတ်စုံ အစုံ ၁၄၀ သွားရောက်လှူဒါန်းခဲ့ပြီး စုစုပေါင်း PPE ဝတ်စုံအစုံ ၂၀၀ တန်ဖိုး ငွေကျပ် ၅၆၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီပိုင် သရက်စိုက်ခင်းများ နှစ်ပြတ်အကျိုးတူဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ထုတ်လုပ်ရေးဌာနမှ ကြီးကြပ်ဆောင်ရွက်သော သရက်ခြံ (၄)ခြံ၊ မြေ ၁၈၇ဒသမ၈၃ဧကအတွင်း စိုက်ပျိုးထားရှိသည့် စိန်တစ်လုံးသရက်ပင်များမှ ထွက်ရှိမည့် စိန်တစ်လုံးသရက်သီးများကို ၂၀၂၀ ပြည့်နှစ် သရက်သီးရာသီအတွင်း လက်ရှိမျက်မြင်အခြေအနေအတိုင်း နှစ်ပြတ်အကျိုးတူဆောင်ရွက်သွားမည်ဖြစ်သောကြောင့် လုပ်ငန်းဆောင် ရွက်လိုသူများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	**တင်ဒါပုံစံရောင်းချမည့်ရက်**	-	၂၃-၄-၂၀၂၀ရက်
(ခ)	**တင်ဒါလျှောက်လွှာပိတ်မည့်ရက်**	-	၂၉-၄-၂၀၂၀ရက် (၁၆:၀၀)နာရီ
(ဂ)	**တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ**	-	ထုတ်လုပ်ရေးဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ထုတ်လုပ်ရေးဌာန ဖုန်း-၀၆၇-၈၁၀၈၀၁၅သို့ ရုံးချိန် အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ကော်မတီပိုင် သရက်စိုက်ခင်းများ နှစ်ပြတ်အကျိုးတူဆောင်ရွက်ရေး တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအရှေ့ပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည် (၆၁၃/က-ပလိုင်ဝမ်းကွင်း)၊ ဦးပိုင်အမှတ်(၂၉၊ ၃၀ᵍ၊ ၃၂/ခ၊ ၃၈/ခ၊ ၃၉၊ ၄၀၊ ၄၁)မှ မြေဧရိယာ(၉ဒသမ၂၇) ဧကရှိမြေသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ (၁-က)စာရင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈-၃-၂၀၀၂)ခုနှစ် ရက်စွဲပါစာအမှတ် ၂၀၀/၂-၇/ဦး ၁ အရ တီလောကမာရဇိန်မြို့ဦးစေတီတော်အတွက် အခွန်လွတ်သာသနာ့ဂရန် ရရှိထားပြီး၊ ချောင်းဆုံမြို့နယ်၊ ချောင်းဆုံအရှေ့ပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်(၆၁၃ᵂ-ပလိုင်းဝမ်း(က)ကွင်း)၊ ဦးပိုင်အမှတ်(၃၉)၊ မြေဧရိယာ(၁ဒသမ၂၁)ဧကအနက်မှဧရိယာ(၀ဒသမ၀၅၅)ဧက၊ ဦးပိုင်အမှတ်(၄၁)၊ မြေဧရိယာ(၄ဒသမ၄၃)ဧကအနက်မှ ဧရိယာ(၀ဒသမ၀၅၅)ဧကစုစုပေါင်းမြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေကို မြို့တော်ဦးကျောင်း အမည်ဖြင့် ဝိသုံဂါမသိမ်ဂရန်လျှောက်ထားတင်ပြလာခြင်းနှင့်ပတ်သက်၍ ၂၀၁၆ခုနှစ်တွင် ယခင်ဂေါပကဥက္ကဋ္ဌကွယ်လွန်ပြီး နောက်စာရွက်စာတမ်းများ ပျောက်ဆုံးခဲ့ရသဖြင့် အခွန်လွတ်သာသနာ့ဂရန်ရရှိထားမှုတင်ပြနိုင်ခြင်းမရှိခြင်းကြောင့် ချောင်းဆုံမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၁/၂၀၂၀)ဖြင့် အခွန်လွတ်သာသနာဂရန် ပျောက်ဆုံးကြောင်းကျမ်း ကျိန်ဆိုခဲ့ပြီး လျှောက်မြေအား မြို့တော်ဦးကျောင်းအမည်ဖြင့် ဝိသုံဂါမသိမ်ဂရန်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးမော်လမြိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

Min Htet Yar Zar Co.,Ltd. ၏ ထုတ်ကုန်သွင်းကုန်လက်မှတ် အမှတ် (၅၂၉၂၉) (၂၆-၉-၂၀၁၈) နှင့် လိုင်စင်စာရွက်စာတမ်းများသည် (၂၀-၁-၂၀၂၀)ရက်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တင့်ဆွေ ၉/ဝတန(နိုင်)၁၀၃၀၇၈
ဖုန်း-၀၉-၄၀၀၃၀၃၉၃၈

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၉)၊ နယ်မြေ(၇)၊ အကွက်အမှတ်(၅-က/ဗမာခါးရိုး)၊ ဦးပိုင်အမှတ်(၂၁၄)၊ ဧရိယာ ၀ဒသမ ၁၄၁ ဧကအား ဦးစိုင်းသက်နိုင်ဝင်း ၁၃/လရန(နိုင်)၀၉၈၇၁၄ မှ ၎င်းအမည်ဖြင့် မြို့မြေခပေးဆောင်ထားသော ပြေစာများဖြင့် မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးဆွဲ၍ မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ ရက်အတွင်း လားရှိုးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ် (၆၈၅)၊ ဧရိယာ ၀ဒသမ၀၉၆ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၆၁၅-၅/၁၉၉၂-၉၃(စီ) အရ ဦးကော်ကျင်ဆိုက်အမည်ပေါက်မြေဖြစ်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မြဝင်းထံမှ ဦးဝင်းအောင် ၉/သစန(နိုင်)၀၄၈၃၈၀ က ၂-၄-၂၀၂၀ ရက်တွင် အိမ်မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ် (၁၂၀၊/၂၀၂၀)ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း (၂၀) အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ



Invitation for Bids

Republic of the Union of Myanmar
Central bank of Myanmar
Project: Myanmar Financial Sector Development Project
Contract Title: National Real–Time Retail Payments System and QR-code Generation and Repository System
Reference No. CBM/NC 8

1. The Government of Myanmar has received financing from the International Development Association (IDA) of the World Bank Group toward the cost of the Myanmar Financial Sector Development Project, and intends to apply part of the proceeds toward payments under the contract for National Real–Time Retail Payments System and QR-code Generation and Repository System
2. Central Bank of Myanmar now invites sealed bids from eligible bidders for the supply National Real–Time Retail Payments System and QR-code Generation and Repository System. Bidding will be conducted through international competitive procurement as specified in Guidelines – Procurement of Goods, Works, and Non–Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers, dated January 2011, revised July 2014 and is open to all eligible Bidders as defined in the Procurement Guidelines.
4. Interested eligible Bidders may obtain further information from Central Bank of Myanmar Attn: Aye Aye Mar (Ms.), Director, Accounts Department Phone Number:95–67–3418261 / 95–9–5173843 Email Address: ayeayemar@cbm.gov.mm; myatmyatmaw@cbm.gov.mm and inspect the bidding document during office hours [0930 to 1630 local hours] at the address given below
5. A complete set of bidding documents in English can be obtained by interested eligible bidders free of charge, upon the submission of a written application to the address below. The Bidding Documents will be issued through e–mail only.
6. Bids must be delivered to the address below on or before June 18, 2020, 14.00 hrs, local time Electronic Bidding will not be permitted. Late Bids will be rejected. Bids will be publicly opened in the presence of the Bidders' designated representatives and anyone who chooses to attend at the address below on June 18, 2020, 14.00 hrs, local time. Due to the COVID–19 pandemic, bid opening may be virtual from Office No. 55, Assembly Hall, Yaza Thingaha Road, Oattara Thiri Township, Nay Pyi Taw through live streaming. If so, all the details will be communicated to interested bidders in due time
7. All Bids must be accompanied by a Bid Security" in amount of 1 (one) percent of total the bid price.
8. Attention is drawn to the Procurement Guidelines requiring the Borrower to disclose information on the successful bidder's beneficial ownership, as part of the Contract Award Notice, using the Beneficial Ownership Disclosure Form as included in the bidding document.
9. The addresses referred to above are:

Central Bank of Myanmar
Adress: Office No. 55, Yaza Thingaha Road, Oattara Thiri Township, Nay Pyi Taw
City: Nay Pyi Taw
Country: Myanmar
Attention: 1) Aye Aye Mar (Ms.), Director, Accounts Department
Phone Number:95–67–3418261 / 95–9–5173843
Email Address: ayeayemar@cbm.gov.mm; myatmyatmaw@cbm.gov.mm

Attention: 2) Yin Thaung (Mr.), Director, Administration and Human Resources Development Department
Phone Number:95–67–3418595
Email Address: yinthaung@cbm.gov.mm

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မောင်ဆန်းလင်းကျော် (၁၂/သဃက(နိုင်)၂၁၁၉၄၈)၏ညွှန်ကြားချက်အရအောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ဒေါ်တင်လှိုင်(TGKN-၀၃၇၇၅၉)ပိုင်ဆိုင်လက်ဝယ်ထားရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သဃန်းကျွန်းမြို့နယ်၊ င/က ရပ်ကွက်၊ ရှုပလမ်း၊ အမှတ်–၂၈၃/A၊ပထမထပ်(ခဲ)ဟုခေါ်တွင်သော တိုက်ခန်းအား ၄င်းပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုကာ (၂၁.၄.၂၀၂၀)ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ကျွန်ုပ်မိတ်ဆွေအားရောင်းချခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် အထက်ပါတိုက်ခန်းအား (၂၁.၄.၂၀၂၀) ရက်နေ့တွင် လက်ရောက် ဝယ်ယူရရှိပြီး၊ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလည်း စီမံခန့်ခွဲခွင့်ရှိပြီး၊ ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းမှသာ လက်ဝယ်ထားရှိခွင့်နှင့် ခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူတစ်ဦးဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
မောင်ဆန်းလင်းကျော်

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဇော်ထိန်လင်း
အထက်တန်းရှေ့နေ
စဉ်–၁၉၈၃၉
အမှတ်(၆၂၉)၊ဂန္ဓမာလမ်းသွယ်(၄)၊ပေါင်းကူညာဏရပ်ကွက်၊ပုလဲမြို့သစ်၊မင်္ဂလာဒုံ။

လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်ပါက လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်ခြင်း

ကယားပြည်နယ်အတွင်းရှိ သမဝါယမအသင်းသားတောင်သူများ၊ တောင်သူလယ်သမားများအနေဖြင့် မိုးရာသီ သီးနှံစိုက်ပျိုးရန်အတွက် ထွန်ယက်ခြင်း၊ မြေလှန်ခြင်း၊ လယ်ယာမြေပြုပြင်ခြင်းတို့ ဆောင်ရွက်ရာတွင်လည်းကောင်း၊ သီးနှံများ ရိတ်သိမ်းခြွေ လှေ့ခြင်းတို့ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အဆင်ပြေချောမွေ့စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ် သမဝါယမဦးစီးဌာန၏ စီစဉ်ကြပ်မတ်မှုဖြင့် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် လယ်ယာအထောက်အကူ ပြုဝန်ဆောင်မှု သမဝါယမအသင်းများတို့မှ သမဝါယမစနစ်ဖြင့်လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့်လည်းကောင်း ဝန်ဆောင်မှုစရိတ် ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

သမဝါယမအသင်းသားတောင်သူများ၊ တောင်သူလယ်သမားဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာဝန်ဆောင်မှုလုပ် ငန်းများ ဆောင်ရွက်လိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

ဒုတိယညွှန်ကြားရေးမှူး	– ၀၉–၄၂၈၀၃၂၆၂၃
လက်ထောက်ညွှန်ကြားရေးမှူး	– ၀၉–၄၂၂၄၆၉၄၁၂
ဦးလှဖေ(ဥက္ကဋ္ဌ)ပြည်နယ်အသင်းစုချုပ်	– ၀၉–၈၉၄၂၄၁၁၀၅
ဦးဝင်းထွန်း(ဥက္ကဋ္ဌ)လွိုင်ကော်မြို့နယ်စု	– ၀၉–၄၁၀၀၇၈၇၁
ဦးမီရယ်မြင့်(ဥက္ကဋ္ဌ)ငွေတောင်ပြည်လယ်ယာဝန်ဆောင်မှု	– ၀၉–၇၈၀၅၃၆၈၁၁
ဦးအေးသောင်း(ဥက္ကဋ္ဌ)ဒီးမော့ဆိုမြို့နယ်စု	– ၀၉–၇၈၀၇၁၇၅၃၂
ဦးနိုရီစိုး(ဥက္ကဋ္ဌ)ကန္ဒရဝတီလယ်ယာဝန်ဆောင်မှု	– ၀၉–၇၈၇၁၉၉၅၄၄

ပြည်နယ်သမဝါယမဦးစီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး–မကွေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် COVID–19 ကာကွယ်ကုသရေးအတွက် အပါအဝင် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ Consumable များ၊ ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါ သည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၉–၄–၂၀၂၀ရက် (ကြာသပတေးနေ့)
တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ – တိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက် – ၈–၅–၂၀၂၀ရက် (သောကြာနေ့) ညနေ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး–မကွေးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ
တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး–မကွေးမြို့
ဖုန်း–၀၆၃–၂၀၂၆၀၂၉

ကမ္ဘာသူ/သားများနှင့် မြန်မာပြည်သူ/သားများ နှစ်သစ်မှာ လိုအင်ဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာသက္ကရာဇ်–၁၃၈၂ ခုနှစ်
ဝံ-ကဏီဘိ
မြန်မာ့ရိုးရာအဋ္ဌယောကိန်း

City Mart, Ocean, Capital, ABC ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
တဆောင်လက်ဆွဲပစ္စည်းများတိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး
အမှတ်–၂၈၆(မြေညီထပ်)၊
လမ်း–၄၀(အထက်)၊ ရန်ကုန်မြို့၊
ဖုန်း –၀၁ ၇၀၉၀၃၂၊ ၀၁၈ ၃၉၁၁၆၉၊
၀၉–၄၂၈၆၁၀၄၈၈၊ ၀၉–၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်–၂၂၁၊ ၈၄–လမ်းနှင့်
၃၃–လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း –၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (၃၆)၊ ဦးပိုင်အမှတ်(၂၈၃–က)၊ မြေယာအမှတ်(228–B)၊ မြေဧရိယာ(၀.၁၄၆၅)ဧကရှိ မြေနှင့်အကျိုးခံစားခွင့်များကို မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဒေါ်ခင်ညွန့် ၉/မမန(နိုင်)၀၅၆၄၆၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့ (၇/၂၃) မယ်ခေါင်ရပ်ကွက်နေ ကျွန်မ ဒေါ်နန်းခမ်း ၁၃/တခလ(နိုင်) ၀၀၅၉၈၂၏ သားအကြီးဖြစ်သူ ဦးအိုက်ခိုင်း ၁၃/တခလ(နိုင်)၀၀၂၃၇၀သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၎င်းအား သားအဖြစ်မှ အပြီးတိုင် အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်နန်းခမ်း ၁၃/တခလ(နိုင်)၀၀၅၉၈၂

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ရက်ရွှေ့ဆိုင်း

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေး ကောလိပ်၏ အာစရိယပူဇော်ပွဲကို နှစ်စဉ် မေလ(၁)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၂၀ပြည့်နှစ် မေလ(၁)ရက်နေ့တွင် ကျရောက်မည့် (၁၉) ကြိမ်မြောက်အာစရိယပူဇော်ပွဲကို မပျက်မကွက် ကျင်းပပြုလုပ်လိုသော်လည်း Coronavirus Disease 2019(COVID–19) ရောဂါပြန့်ပွားမှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက် အာစရိယပူဇော်ပွဲကို ယာယီရွှေ့ဆိုင်းလိုက်ရပါကြောင်းနှင့် အာစရိယပူဇော်ကန်တော့မှုဖြစ်မြောက်အောင် ဆောင်ရွက်မည့် အစီအစဉ်ကို ထပ်မံအသိပေးတင်ပြသွားမည်ဖြစ်ပါကြောင်း ကန်တော့ခံကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ပူဇော်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့မှ ကြိုတင်အသိပေး ပန်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေး
အကျိုးဆောင်အဖွဲ့

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) မြဝတီခရိုင်တရားမရုံးတော်၌ ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် –၁၀

ဒေါ်လှလှမြင့်	နှင့်	၁။ ဦးသန်းထွေး ၂။ ဦးတင်အေး ၃။ ဒေါ်ဝိသုဒ္ဓစာရီ
တရားလို		တရားပြိုင်များ

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်နေ အမှတ် (၂) တရားပြိုင် ဦးတင်အေးနှင့် အမှတ် (၃) တရားပြိုင် ဒေါ်ဝိသုဒ္ဓစာရီ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှလှမြင့်က အိမ်ခြံမြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၄ရက် (၁၃၈၂ ခုနှစ် ကဆုန်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရ မည်။

၂၀၂၀ ပြည့်နှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထင်ကျော်)
ဒုတိယခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

တစ်ဦးတည်း ဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ် အထက သရောင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မရွှေဇင်မြင့်၏ ဖခင် ဦးခင်မောင်အေး ၅/ပမန(နိုင်)၀၈၉၇၁၀နှင့် ဦးမောင်အေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၁၅)တွင် နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၁၅)ဟုခေါ်တွင်သော (မြေစာရင်းဌာန အခေါ်) မြို့မြေတိုင်းရပ်ကွက်အမှတ် (၇၁)၊ မြေကွက်အမှတ် (၇၉၀)၊ ဧရိယာ အကျယ်အဝန်း (၂၅ပေx၆ပေ ၅၀)ရှိ မြေကွက်ကို ကျွန်ုပ်တို့၏ မိတ်ဆွေမှ မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်နေထိုင်လျက်ရှိပါသည်။ ယခုအခါ အထက်ပါမြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေမှ မြေကွက်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်တင်တင်ဆွေ(၁၁၁၁၅)	**ဒေါ်သဇင်နွယ် (၁၀၈၆၃)**	**ဒေါ်ဝင်းသီရိဇော် (၁၅၂၅၈)**
LL..B, DBL, DIL	**LL.B**	**LL.B**

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၁၆၃၊ ၃၇လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၁၉၅၄၂၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်၊ အကွက်အမှတ် (၃၆–မင်းစု)၊ ဦးပိုင်အမှတ် (၂၉/ခ)၊ ဧရိယာ ၀ဒသမ ၁၁၁ဧကရှိမြေသည် ဦးအာသာ ၂/လကန(နိုင်)၀၁၃၃၂၈ အမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ကို ၂၁–၉–၁၉၉၉ မှ ၂၀–၉–၂၀၂၈ထိ ရရှိထားပါသည်။ ဦးအာသာနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အုန်းတို့မှာ ကွယ်လွန်သွား၍ ကျန်ရှိသားသမီး ငါးဦးအနက် ဒေါ်မြသန်းဝင်းမှ အမွေဆက်ခံကာ ဦးသီဟထွန်းထံသို့ ၃–၇–၂၀၁၂ ရက်စွဲပါ အရောင်းအဝယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၇၄/၂၀၁၂)ဖြင့်လည်းကောင်း၊ ဦးသီဟထွန်းမှ ကျွန်မ ဒေါ်မိုးမိုးငြိမ်းထံသို့ ၂၂–၃–၂၀၁၆ရက်စွဲပါ အရောင်းအဝယ်စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၀၇၉/၂၀၁၆)ဖြင့် လည်းကောင်း၊ အဆင့်ဆင့်ရောင်းဝယ်ထားရှိသောမြေနေရာဖြစ်ပါသည်။ ဦးအာသာအမည်ပေါက်မြေငှားဂရန်မှာ ပျောက်ဆုံးလျက်ရှိပါသည်။ သက်ဆိုင်ရာဌာနသို့ မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်မ ဒေါ်မိုးမိုးငြိမ်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားတင်ပြမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

ဒေါ်မိုးမိုးငြိမ်း
၂/လကန(နိုင်)၀၀၆၇၃၂
မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ် ၄၅၇၉၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးထွန်းရွှေ အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်ကိုခိုင် ၈/ခမန(နိုင်)၁၂၆၇၇၇မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ် အဆင့်ဆင့်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားမှုအား ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဦးစီးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၂၈.၃.၂၀၂၀ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၇) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ရွှေပြည်သာမြို့နယ် ဝိုလ်မှူးကြီး လှမြင့်သိန်း၏ မြေချပါမစ်လျှောက်ထားရာတွင် မြေတိုင်းအမှတ် (၁၅) အစား မြေတိုင်းအမှတ် (၁၁)ဟု အမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့–၁)၊ ဦးပိုင်အမှတ် (၃၂၈)၊ မြေဧရိယာ ၀ဒသမ၀၆၉ ဧကရှိ မြေအား လားရှိုးမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၂–၂–၁၉၉၀ ရက်တွင် ဦးဟွမ်ရင်ဆုံး အမည်ဖြင့် မြေနေရာ ချထားပေးထားပြီး ဖခင် ဦးဟွမ်ရင်ဆုံး၊ မိခင် ဒေါ်ရန်ပေါက်တီ၊ ညီမ ဒေါ်ဟွမ်ရင်ရှန်းနှင့် ညီဖြစ်သူ မောင်ရွှင်ချီးတို့သည် အသီးသီးကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း၊ အစ်ကိုဖြစ်သူ ဦးဟွမ်ရင်လျန်းမှလည်း ကန့်ကွက်ရန်မရှိသဘောတူပါကြောင်း လားရှိုးမြို့နယ်တရားရုံး၌ ကျမ်းကျိန်ထွက်ဆိုထားပြီးဖြစ်ပါသဖြင့် ဦးဟွမ်ရွှင်ရှန်း ၁၃/လရန(နိုင်)၀၅၃၆၉၆ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက် လိုသူများရှိပါက ရက်ပေါင်း (၃၀) အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၆)၊ အကွက်အမှတ်(၅/ဗမာခါးရိုး)၊ ဦးပိုင်အမှတ်(၁၀၈/၁၃၄)၊ ဧရိယာ ၀ဒသမ ၄၂၇ဧက ဒေါ်လူရင်ကော် အမည်ပေါက် အမှုတွဲအမှတ် ၃၈၃–V/၂၀၁၉–၂၀၂၀(အေ) အား လားရှိုးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အမှတ်(၂၅၉I/၂၀၁၇)ဖြင့် ဒေါ်နန်းမြင့်ဌေးနှင့် ဒေါ်ဆင်စီးသို့ မြေဧရိယာ ၀ဒသမ၁၉၄ ဧကအားလည်းကောင်း၊ လားရှိုးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးအမှတ် (၅၈I/ ၂၀၁၇)ဖြင့် ဒေါ်နန်းထားခင်၊ ဒေါ်အားလန်သို့ မြေဧရိယာ ၀ ဒသမ ၁၂၄ ဧကတို့အား ဒေါ်လူရင်ကော်မှ အသီးသီး ခွဲဝေရောင်းချပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့်ပြုပါရန် ဒေါ်လူရင်ကော် ၁၃/လရန(နိုင်)၀၇၄၆၅၇ မှ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ၁၅ ရက်အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

လားရှိုးခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့၊ မဟာဟိုခမ်းရပ်ကွက် ဂေါ်သဇင်လမ်းနေ ဒေါ်ကျန်ပါ ၁၃/တခလ(နိုင်) ၀၀၂၅၄၅၏သား စိုင်းရီ(ခ)အိုက်ရီ ၁၃/တခလ(နိုင်)၀၂၂၄၉သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျန်ပါ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
တင်ဒါဖွင့်ဖောက်မည့်ရက်အား ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများတွင် အသုံးပြုရန် လိုအပ်သော Power Cable များ ဝယ်ယူရန်အတွက် တင်ဒါအမှတ် 51 (LPT) Power Cable/MPE/2019-2020 ဖြင့် တင်ဒါခေါ်ယူခဲ့ပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် ၂၄-၄-၂၀၂၀ရက်၌ တင်ဒါဖွင့်ဖောက်ရမည်ဖြစ်ပါသည်။ ယခုဖြစ်ပွားလျက်ရှိသော Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်ရေးအခြေအနေများအရ တင်ဒါဖွင့်ဖောက်နိုင်ခြင်း မရှိပါကြောင်းနှင့် တင်ဒါဖွင့်ဖောက်နိုင်မည့်ရက်အား ကြိုတင်အသိပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၀၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တွင် အောက်ဖော်ပြပါရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

(က) အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)ရာထူး လစ်လပ်(၁၉၉)နေရာ
(လစာနှုန်းကျပ်၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)

(ခ) အငယ်တန်းစာရေးရာထူး လစ်လပ်(၁၇၈)နေရာ
(လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

(ဂ) စာရင်းကိုင်-၄ ရာထူး လစ်လပ်(၉၇)နေရာ
(လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)ရာထူးအတွက် အင်ဂျင်နီယာ(မြို့ပြ)ဘွဲ့ တစ်ခုခု၊ အငယ်တန်းစာရေးနှင့် စာရင်းကိုင်-၄ရာထူးအတွက် ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ (စာရင်းကိုင်-၄ ရာထူးအတွက် စာရင်းအင်းပညာဆိုင်ရာ ဘွဲ့ရရှိသူအား ဦးစားပေးစဉ်းစားမည်)
(ဂ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၃၁-၅-၂၀၂၀)ရက်နေ့တွင် အသက်(၂၈)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ဝေးလံခေါင်းပါးဒေသများအတွက် ဝန်ထမ်းအင်အားလိုအပ်ချက်နှင့် ဒေသအခြေအနေအရ ပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) နေရာဒေသမရွေး အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရမည့် ဝန်ခံကတိလွှာ တင်သွင်းရမည်။
(ဆ) ဒေသခံများအား ဦးစားပေးစဉ်းစားမည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဝန်ထမ်းသစ်ဖြည့်တင်းခန့်ထားမည့် ဒေသများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန website www.drdmyanmar.org နှင့် သက်ဆိုင်ရာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ဖော်ပြ ကြော်ငြာထားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးနေ့ သက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့် ခုနှစ် မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန် လိပ်စာ၊ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းလိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁)လအတွင်း) (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကဒ်ပြားမိတ္တူ
(င) ကျန်းမာကြောင်းဆေးထောက်ခံစာ
(စ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော(၆)လခန့်)

၆။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများသည် လျှောက်လွှာများကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ရုံးများသို့ (၂၉-၅-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာပေးပို့ရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်သို့ (၂၉-၅-၂၀၂၀)ရက်နေ့ နောက်ဆုံး ထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။ ကြိုတင်လျှောက်လွှာ(၁)စောင်ကို ရေးဖြေ ဖြေဆိုမည့်နေရာ၌ တင်သွင်းရမည်။

၈။ ရေးဖြေစာမေးပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကျေးလက်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာဖော်ပြရန်ဖြစ်ပါသည်။ ဖြေဆိုရမည့် ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပြီး စာမေးပွဲ ကျင်းပမည့်နေ့ရက်၊ နေရာနှင့်အချိန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြိုတင်ကြေညာပါမည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက် စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိ လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက် အလက်များကို သိရှိလိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၈၆၁၁၊ ၀၆၇-၄၁၈၆၀၉၊ ၀၆၇-၄၁၈၆၁၂ နှင့် တိုင်း ဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (သန်လျင်)တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြုရန်ပုံငွေ နိုင်ငံတော်ဘတ်ဂျက်ဖြင့် အောက် ဖော်ပြပါလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီ များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)

Lot(1) ဆရာ/ဆရာမဆောင် RC (၄)ခန်းတွဲ (၄)ထပ် (၈၂'x၅၇')(၁)လုံး (ရေ၊ မီး၊ မိလ္လာ၊ Apron & Drain၊ ရေလှောင်ကန် ၆၀၀၀ ဂါလန်အပါအဝင်)

၂။
- **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၄-၄-၂၀၂၀ရက် (သောကြာနေ့)
- **တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
- **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၅-၂၀၂၀ ရက်(တနင်္လာနေ့) ညနေ ၄:၀၀ နာရီ
- **တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်နေရာ** - အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)
- **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၅-၂၀၂၀ ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ (တင်ဒါဖွင့်မည့်ရက်/ အချိန်ပြောင်းလဲပါက အချိန်မီ အသိပေးအကြောင်းကြား ပါမည်)

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါ သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) ဖုန်း-၀၁-၃၆၄၁၆၉၆
ဖုန်း-၀၉-၄၀၀၄၃၁၁၀၉

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ရန်ကုန်ပညာရေးတက္ကသိုလ်
ပို့ချချက်စာအုပ်များ ပုံနှိပ်ခြင်းအား
အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်ပညာရေးတက္ကသိုလ် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ပညာရေးဘွဲ့ ဘီအီးဒီ စာပေးစာယူ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းသားများအတွက် ပို့ချချက်စာအုပ်များ အား ပုံနှိပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်း လွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက် များကို ၂၇-၄-၂၀၂၀ ရက်မှစ၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း (၁)စောင်လျှင် ၃၀၀၀ိ/- (သုံးထောင်ကျပ်တိတိ)ဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပညာရေးဘွဲ့စာပေးစာယူ သင်တန်းရုံးခန်း၌ (လုပ်ငန်းလုပ်ကိုင်ခွင့်တင်ဒါရရှိသူ)လိုင်စင်မူရင်းပြသ၍ ဝယ်ယူပြီး ၂၉-၄-၂၀၂၀ ရက် နံနက် ၁၁:၀၀ နာရီနောက်ဆုံးထားပြီး ဈေးနှုန်းလွှာ(၁)စောင်စီကို လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် ရန်ကုန်ပညာရေးတက္ကသိုလ် ပို့ချချက်စာအုပ်များ ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးကော်မတီထံသို့ လာရောက်တင်သွင်း ရမည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၂၆၉၃၇၊ ၀၁-၅၃၄၃၄၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပို့ချချက်စာအုပ်များပုံနှိပ်ခြင်း
အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ
ရန်ကုန်ပညာရေးတက္ကသိုလ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ
အမှတ်စဉ် (၂/၂၀၂၀) အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၀)၊ မုံရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်မည့် မုံရွာမြို့ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင်နှင့် ဆေးရုံကြီးဝင်းအတွင်း အပိုဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ချင်းပြည်နယ် မင်းတပ်ကောလိပ်ပေါင်းစုလုပ်ငန်းနှင့် မတူပီမြို့အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှူးရုံးဆောက်လုပ်ခြင်းအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများ ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

- **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၄-၅-၂၀၂၀ ရက်
- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ဆက်လက်ကြော်ငြာပါမည်။
- **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ဆက်လက်ကြော်ငြာပါမည်။
- **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မုံရွာမြို့

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အဦအထူးအဖွဲ့(၁၀)၊ မုံရွာ မြို့တွင် ၄-၅-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါ တင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၅၀၅၄၀၃၇၁၊ ၀၉-၄၀၀၄၀၆၀၆၉၊ ၀၉-၃၁၁၁၆၄၆၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ကေခိုင်မြင့် ၅/ကလထ(နိုင်)၁၅၅၉၀၅ နှင့် ဦးထွန်းကျော် အောင် ၅/ကလထ(နိုင်)၁၇၆၁၃၅ တို့သည် ၁၇-၄-၂၀၂၀ ရက်တွင် နှစ်ဦး သဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင် ဦးထွန်း ကျော်အောင်နှင့်ပတ်သက်ပြီး ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ကျွန်မနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဒေါ်ကေခိုင်မြင့်
(ကလေးမြို့)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခိုင်သင်းသင်း
အသက် (၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်ထွေး)တို့၏သမီး ချွေးမ၊ ဗိုလ်ကြီးဝင်းဇော်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ [ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(လေ)(ငြိမ်း)]-ဒေါ်တင်တင်စိန်၊(ဒေါက်တာ ကြည်ကြည်ခိုင်)တို့၏ညီမ၊ (လေယာဉ်မှူးကြီး ဦးသန့်ဇင်)၊ ဦးမျိုးခိုင်-ဒေါ်ကြည်ကြည်ညွှန့်လွင်တို့၏အစ်မ၊ ဦးသီဟ-ဒေါ်စန္ဒီစိမ့်၊ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)-ဒေါ်သဇင်ခိုင်တို့၏မိခင်၊ ဇာနည်မြင့်အောင်-သန္တာဦး၊ထက်မြင့်အောင်၊ ထူးမြင့်အောင်တို့၏ အဘွားသည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့)ညနေ ၄:၄၅ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀ရက်(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်သောင်း
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
နာယက (မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း-MSA)
အသက် (၇၃)နှစ်

မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း (MSA)၏ နာယက တစ်ဦးဖြစ်သော ဆရာဦးမြင့်သောင်း (စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့) အသက်(၇၃)နှစ် သည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာ ကောင်းရာသုဂတိလားပါစေ။

မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း(MSA)

အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကြာကန်ရပ်ကွက်၊ ပဒုမ္မာလမ်းနေ ဦးခင်မောင်အေး ၁၀/သဖရ(နိုင်)၁၀၂၇၂၅ က အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကြံခိုင်ရေးရပ်ကွက်၊ ယုဇနလမ်း၊ အိမ်အမှတ် (၁၅-က)ရှိရာ (အရှေ့လားသော်-ယုဇနလမ်း၊ အနောက်လားသော်-ဦးဖေဆန်းနေအိမ်၊ တောင်လားသော်-ဦးအောင်ငွေသန်းနေအိမ်၊ မြောက်လားသော်-ဦးကြည်တိုးနေအိမ်) နေအိမ်နှင့် ယင်းနေအိမ်တည်ရှိရာ အလျား (၅၀)ပေ၊ အနံ (၄၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင် ဦးဖေဆန်း ၁၀/သဖရ(နိုင်)၀၀၇၃၃၉ထံမှ၁၀-၇-၂၀၁၅ရက်တွင် အသိသက်သေများရှေ့မှောက်၌ ဒေါ်ညိုညိုသင်း ၁၀/သဖရ(နိုင်)၀၀၇၂၂၇ မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အထက်ဖော်ပြပါ အိမ်နှင့်ခြံမြေကို ဒေါ်ညိုညိုသင်း ၁၀/သဖရ(နိုင်)၀၀၇၂၂၇ နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးကြည်တိုး ၁၀/သဖရ(နိုင်)၀၂၂၇၉၁ တို့မှ ကျွန်တော် ဦးခင်မောင်အေး ၁၀/သဖရ(နိုင်)၁၀၂၇၂၅ ထံသို့ ၁၆-၁၁-၂၀၁၈ ရက်တွင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အိမ်နှင့်ခြံမြေ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပြီး လွှဲပြောင်းရောင်းချခဲ့သဖြင့် ကျွန်တော် ဦးခင်မောင်အေးမှ ဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်စပ်လျဉ်း၍ မည်သူတစ်ဦး တစ်ယောက်ကမျှ ကျွန်တော်ဦးခင်မောင်အေး၏ ခွင့်ပြုချက်မရရှိဘဲ အဆိုပါအိမ်နှင့် ခြံမြေအတွင်း ဝင်ရောက်ကျူးကျော်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ မြေစာရင်းပုံစံ(၁၀၅)(၁၀၆)လျှောက်ထားခြင်း၊ ဂရန်လျှောက်ထားခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်းစသည့် ကိစ္စရပ်များကို မပြုလုပ်ရန်နှင့် တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဦးခင်မောင်အေး
၁၀/သဖရ(နိုင်)၁၀၂၇၂၅

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၁၀၇(၂)
လားရှိုးခရိုင်တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ်၊ တရားမအထွေထွေမှုအမှတ်-၄
ကွယ်လွန်သူဒေါ်ခင်မာရီ၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်မြင့် **လျှောက်ထားသူ**
နယ်မြေ(၉)၊ ရပ်ကွက်(၁)၊ နမ့်ခိုက်ရပ်ကွက်၊ လားရှိုးမြို့

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ နမ့်ခိုက်ရပ်ကွက်နေ ဒေါ်မြင့်က ကွယ်လွန်သူ ဒေါ်ခင်မာရီကျန်ရှိသောပစ္စည်းများအား အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့ လျှောက်ထားကြောင်းကို အများလူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်မာရီ၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံး၌ ၂၀၂၀ ပြည့်နှစ် မေ ၂၀ ရက် (၁၃၈၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက်) နံနက် ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်မြင့်၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို ဆုံးဖြတ် လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်နိုင်လတ်)
ဒုတိယခရိုင်တရားသူကြီး(၁)
လားရှိုးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ မြို့မအိုးဘိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၃-ခ၊ အိုးဘိုရပ်)၊ ဦးပိုင်အမှတ် (၆၂)၊ ဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ မြေကွက်ကို ဦးမိုးခိုင်ဦးမှ မြေဂရန်အမည်ပြောင်း/ သက်တမ်းတိုး ဤရုံးသို့ လျှောက်ထား လာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွင်လည်းကောင်း၊ မကွေးခရိုင်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်း ကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်း ရပ်ကွက် အမှတ်၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိဦးလှမြင့် ၁၂/ဥကတ(နိုင်)၀၇၄၈၈၃ (ဘ)ဦးပါငယ် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက် အမှတ်(ပ- ၂၀၀၄၁)ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် ၁၂၆၀၆/၂၀၁၀ ဖြင့် မြေကွက် အမည်ပေါက်၏ ကိုယ်စား ဒေါ်စပယ်စိုး ၁၂/မရက(နိုင်)၀၄၃၁၁၈ (ဘ)ဦးစိုးညွန့်မှ ဒေါ်ချိုချိုမာ ၁၂/ခရန (နိုင်)၀၂၈၅၈၃ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန သို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ် (၁၂)ရပ်ကွက်၊ အကွက်အမှတ် (အောင်သစ္စာတိုးချဲ့)၊ ဦးပိုင်အမှတ် (၁၈၁)၊ ဧရိယာ (၀ ဒသမ ၀၈၂)ဧက အမှုတွဲအမှတ် ၆၉-၅/၂၀၀၈- ၂၀၀၉(စီ)၊ ဦးဖိုးရိုး ၁၃/လရန(နိုင်) ၀၉၉၀၀၉ အမည်ပေါက် မြေကွက်အား ဦးဖိုးရိုးမှ မနန်းစောဒါ ၁၃/တမည(နိုင်) ၀၀၀၄၉၈ သို့ စာချုပ်အမှတ် ၅၂၉၊/ ၂၀၁၉ ဖြင့် (၂၂-၁-၂၀၁၉) ရက်တွင် အပြီးအပိုင်ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်နန်း စောဒါ အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်မြေငှားဂရန်လျှောက်ထား မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရက်ပေါင်း(၂၀)အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

စာအုပ်စာပေ လူ့မိတ်ဆွေ

မီး သတိပြု

ဦးမောင်မောင်လေး

(မြေစာရင်း၊ ငြိမ်း)

အသက်(၇၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့၊ မြို့မရပ်နေ ဒေါ်ကြည်တင်၏ မောင်၊ ဦးတေဇ မင်းထင်(ရွှေစန္ဒာကုမ္ပဏီ)-ဒေါ်စောစောဝင်း(GTHS နေပြည်တော်)၊ ဒေါ်ခိုင်ညိုညိုသင်း (အထက၊ ငန်းစပ်)၊ ဒေါ်ပိုင်ညိုညိုသင်း(MTU)၊ ဦးနန္ဒမင်းထင်(ရမခ-လားရှိုး)၊ ဒေါ်သန်း နွယ်စိုးတို့၏ဖခင်၊ မအိမ့်သက်မင်းထင်၊ မောင်လင်းသစ်မင်းထင်တို့၏အဘိုး၊ ဒေါ်နုရီ (ညောင်ရွှေ)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီ တွင် (၈၆) ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်မှ ကွေ့ကြီး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၄-၂၀၂၀ရက် ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၃၁ပါ ကိုကျော်စွာလင်း(ခ)ကိုလင်း ဝမ်းနည်းကြေကွဲခြင်းကြော်ငြာတွင် ကိုထင်လင်းနိုင် MD (မြတ်ပန်းဝါဆောက်လုပ်ရေးကုမ္ပဏီ) တောင်ငူ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ငါးမွေးမြူရေးကန်များ အပူချိန် ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

- ❖ နေအပူချိန် မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့ နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့် နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေ အရည်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသောအခြေအနေ ရှိရပါ မည်)။
- ❖ ကန်ရေအပူချိန် မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှု ဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှု အခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ် ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

ဒေါ်သီသီခိုင်

အသက် (၅၄)နှစ်

မာန်အောင်မြို့၊ ကျောင်းဆရာကြီး ဦးရွှေသီး-ဒေါ်ချမ်းသာတို့၏မြေး ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် အမှတ် (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ် (၃)၊ တိုက်အမှတ် (၂၈၂/၁၁)နေ ဦးစောလှဖြူ(ညွှန်ကြားရေးမှူး၊ ကကဌေ(ငြိမ်း)-ဒေါ်ခင်အေးတို့၏သမီး၊ ဦးမောင်မောင်ထွန်း-ဒေါ်သိန်းသိန်းဦး၊ ဦးကျော်ကျော်ထွန်း၊ (ဦးညီညီစိုး)တို့၏ညီမ၊ ဦးညီညီလှိုင်-ဒေါ်မြင့်မြင့်သန်းတို့၏အစ်မ၊ (ဦးသီဟအောင်)၏ဇနီး၊ ဗိုလ်မှူးဝင်းထွန်းနိုင်-ဒေါ်မေဦးခိုင်တို့၏မိခင် ဒေါ်သီသီခိုင်သည် ၂၂-၄-၂၀၂၀ရက် နံနက် ၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)ငြိမ်းအေးဇရပ်၌ တရားတော်နာ ရေစက်သွန်းချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)

ကြည်း-၈၄၃၆

ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ စက်မှုလယ်ယာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန

အသက်(၈၄)နှစ်

မန္တလေးမြို့၊ ကျွဲဆည်ကန်၊ ချမ်းမြသာယာရပ်ကွက်၊ (၅)လမ်း၊ အမှတ် (ဃ/၆၄)နေ (ဦးဘရှင်-ဒေါ်စိန်အိ)တို့၏သား၊ ဒု- ဗိုလ်မှူးကြီးအေးသွင်(ငြိမ်း)-ဒေါ်သီသီနွယ်၊ ဦးခင်မောင်ထွေး-ဒေါ်သင်းသင်းနိုင်၊ ဒေါ်နီနီလင်းတို့၏ချစ်လှစွာသောဖခင်၊ ဗိုလ်ကြီးပြည့်ဖြိုးပိုင်-ဒေါ်ယဉ်ယဉ်နိုင်ဇော်၊ ကိုစန်းဝင်းမောင်-ဒေါက်တာသဥ္ဇာထွေး၊ မအိအိမွန်၊ မအိဖြူစင်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး၊ (ဒေါ်သန်းနု)၏ချစ်လှစွာသောခင်ပွန်းသည် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သောင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇော်ဂျီလမ်း၊ အမှတ်(၉)နေ ဒေါ်ရီရီသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သောင်းသည် ၂၀-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်လတ်(မော်လမြိုင်)

အသက်(၇၂)နှစ်

ဒေါ်ခင်ချိုအေး(လ/ထ၊ ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ ခင်ပွန်းသည် ၁၇-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါ ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အပတ်စဉ် ၁၉၇၉ ခုနှစ် အကောက်ခွန်အရာရှိ သူငယ်ချင်းများ

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပုဂံနတ်ထောင့်ဆရာတော် ဘဒ္ဒန္တသံဝရမဟာထေရ်

သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

မန္တလေးမြို့ မြတောင်တိုက်သာသနာ့ဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာဂရာဘိဝံသ၊ ပြင်ဦးလွင်မြို့ ရတနာမာရ်အောင်ကျောင်းတိုက် စာချနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ပုဂံမြို့ဟောင်း တောင်ဘီရွာ မြို့ထောင့်ကျောင်းဆရာတော် ဦးက္ခန္တ၊ ပုဂံဓမ္မော သဓအေးရိပ်သာယာ (ကုသိုလ်ဖြစ်)ဆေးခန်းပဓာနတာဝန်ခံဆရာတော်ဦးပညာသီဟ၊တောင်ဘီရွာမင်္ဂလာရွှေကျောင်း ဆရာတော် ဦးကုသလ၊ တောင်ဘီရွာ ဂိုဏ်းအုပ်ကျောင်းဆရာတော် ဦးကောသဝ၊ တောင်ဘီရွာ အင်းဝကျောင်းဆရာတော် ဦးဝိစိတ္တ၊ နတ်ထောင့်ကျောင်း ဦးကေလာသ၊ နတ်ထောင့်ကျောင်း ဦးခေမိကတို့၏ ကျောက်ထီး တန္တ အလေးဂရုပြုအပ်သည့် ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ် တောင်ဘီလယ်ယားကျေးရွာ နတ်ထောင့်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ပုဂံဓမ္မောသဓအေးရိပ်သာယာ (ကုသိုလ်ဖြစ်)ဆေးခန်း၏ ဩဝါဒါစရိယ၊ မန္တလေးတိုင်းဒေသကြီး ဝိနည်းဓိုရ် လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက၊ သံသာရာဘီရုက၊ သီလဝန္တ၊ ရတ္တညူမဟတ္တဖြစ်တော်မူသော သက်တော်ရှည် နတ်ထောင့်ဆရာတော်ကြီး ဘဒ္ဒန္တသံဝရမဟာထေရ်သည် (၁၃၈၂ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၄ ရက်) ၂၁-၄-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၀၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ဆရာတော်ကြီး၏ တပည့်သံဃာ၊ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(အန္တိမအင်္ဂါစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားပါ မည်။)

တပည့်သံဃာ၊ ဒါယကာ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးတင်မောင်သန်း အသက်(၇၇)နှစ်

ရုံးအုပ်ကြီး၊ လသာစည်ပင်(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ်(၂၆၉/ခ)နေ (ဦးဗစိန်-ဒေါ်သန်းရင်) တို့၏သား၊ ဒေါ်တင်တင်ဝင်း(ဟိုတယ်/ခရီး-ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်မျိုးသန်း-ဒေါ်စံပယ်အေး၊ (ဦးအောင်မင်းသန်း)၊ ဒေါ်တင်မွန်မွန်သန်း၊ဦးကျော်နိုင်-ဒေါ်နှင်းဝတီသန်း၊ဦးဇော်သန်း-ဒေါ်ခင်ဆွေဦးတို့၏ချစ်လှစွာသောဖခင်၊ မမွန်မြတ်အောင်၊ မစိုးရတနာ၊ မခင်ဆွေသင်း၊ မသက်နှင်းစု၊ မောင်မင်းသက်ခိုင်၊ မောင်ပြည့်သက်ကျော်၊ မောင်ကျော်ဇင်လတ်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုး ကြီးသည် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၀၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၂၀ရက် (အင်္ဂါနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဒေါ်ကျင်ရီ

အသင်းဝင်အမှတ်(၂၂၂၄)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၅၃) နေ ဒေါ်ကျင်ရီ ဦး/ရှိ(ငြိမ်း)(စီမံ)သည် ၂၂-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းစန်းဝင်း(မြန်အောင်)

အလပြ(ငြိမ်း)

အသက်(၆၀)

ဦးနေဝင်း(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး ဒေါ်စန်းစန်းဝင်း(မြန်အောင်)သည် ၂၀-၄-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီမံရေးရာနှင့်ဝန်ထမ်းမိသားစု

Eternal Co.,Ltd.

ဒေါ်စမ်းစမ်းညွှန့်(BA,BEd)

အထက်တန်းပြ(ငြိမ်း)

(အထက-၂၊ ဒဂုံမြို့မကျောင်း)၊ (အထက-၂၊ စစ်တွေ)၊ (အထက-အိုင်သပြူ)၊ (အထက-၁၊ သန်လျင်)၊ (အလက-၃၊ ဒဂုံ)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၄)နေ (ဦးစက်ရုံ-ဒေါ်သိန်းချို) တို့၏သမီး၊ (ဦးရင်စု-ဒေါ်စိန်ဖော့)တို့၏ သမီးချွေးမ၊ (ဒေါ်သန်းဆွေ)(မြန်မာစာပါမောက္ခ-ငြိမ်း)၊ (ဦးကောင်းညွှန့်)(ပါမောက္ခချုပ်-ငြိမ်း၊ ဒဂုံတက္ကသိုလ်)-ဒေါ်ခင်ခင်ညွှန့်တို့၏ညီမ၊ ဦးသန်းစည်-ဒေါ်နုနုအေး(စက်မှု-၁၊ ငြိမ်း)တို့၏အစ်မ၊ ဒုဗိုလ်မှူးကြီး မြင့်ဟန်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မိုးဟန်-ဒေါက်တာဖြူလွဲမင်း(ကနေဒါ)၊ Capt ဇော်မိုးဟန်-ဒေါ်သီရိလှိုင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ Capt ရဲနိုင်-ဒေါ်အေးမိုးဟန်တို့၏မိခင်၊ မြေး လေးယောက်တို့၏အဘွားသည် ၂၂-၄-၂၀၂၀ရက် နံနက် ၁၀:၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ရီ

ဦးစီးအရာရှိ(ငြိမ်း)

စိုက်ပျိုးရေး/မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၅၃)နေ (ဦးစိန်ဗိုး-ဒေါ်ထွေး)တို့၏သ မီး၊ ဦးကျော်ဝင်း-(ဒေါ်လှမြိုင်)၊ ဦးညွှန့်အောင်-ဒေါ်လှလှဝင်းတို့၏ညီမ၊ (ဒေါ်ခင်ဝင်းကြည်)၊ ဦးကိုဦးတို့၏အစ်မ၊ (ဦးအောင်ကျော်မျိုး)- ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်ကျော်လင်း(ဆည်မြောင်း)-ဒေါ်နှင်းနီလာမျိုး (ဆည်မြောင်း)၊ ဦးဇော်လင်းထွန်း-ဒေါ်တိုးတိုးဌေးလွင်၊ ဦးထိန်လင်း(Sakura Kankou Travels)၊ ဦးထင်အောင်-ဒေါ်နှင်းဝေလှိုင်(Sakura Kankou Travels)၊ ဗိုလ်မှူးကြီး အောင်ဇော်လင်း-ဒေါ်သက် သက်ထွေးတို့၏အဒေါ်၊ မလင်းလက်ဝတီဦး၊ မောင်သက်လွင်အောင်၊ မောင်ဆက်အောင်၊ မနန်းအိမ့်မှူးလွင်၊ မောင်မင်းသန့်ဦး၊ မနန်းဝတီလွင်၊ မရှုမဝလှိုင်တို့၏ချစ်လှစွာသောအဘွားလေးသည် ၂၂-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သောင်း(B.Econ:,Stat)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇော်ဂျီလမ်း၊ အမှတ်(၉)နေ သူငယ်ချင်း ဒေါ်ရီရီသိန်း၏ ခင်ပွန်း ဦးမြင့်သောင်း(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)သည် ၂၀-၄-၂၀၂၀ရက်(တနင်္လာနေ့) ည၇:၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ၁၉၆၄-၆၈ Batch မှ သူငယ်ချင်းများ

သင့်သွေးဖြင့် အသက်ကယ်ပါ

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အလှူငွေနှင့် စားသောက်ကုန်များလှူဒါန်းမှု ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် လက်ခံရယူ

ပုသိမ် ဧပြီ ၂၂

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် MPT ငွေဖြည့်ကတ်၊ အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာ ဒေါ်ဆွေမာက အလှူငွေ ကျပ်သုံးသိန်း တန်ဖိုးရှိ MPT တစ်ထောင်တန်ငွေဖြည့်ကတ် ၁၅၀ နှင့် သုံးထောင်တန် ငွေဖြည့်ကတ် ၅၀၊ ဦးမြင့်ဌေး (ကောင်းမြတ်နိုင်ကုမ္ပဏီ) မှ ဒေါ်လာ ၂၀၀၀ နှင့် အလှူငွေကျပ် ၅၁၀၂၄၆၀ တန်ဖိုးရှိ ဆား ၂၈၃၄၇ ပိဿာတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံရယူပြီး (ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ ကိုတွတ်(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး ထားဝယ်မြို့ လူစည်ကားရာနေရာများ၌ အသိပညာပေး

ထားဝယ် ဧပြီ ၂၂

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ရွေ့လျားမော်တော်ယာဉ်ဖြင့် ထားဝယ်မြို့ လူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး အသိပညာပေးလုပ်ငန်းအတွက် ကရင်၊ ဗမာ၊ ထားဝယ် အသံသွင်းထားသည့် လက်ကိုင်အသံချဲ့စက်ဖြင့် ပြည်သူလူထု လိုက်နာရမည့် အချက်များ လိုက်လံအသိပေးနှိုးဆော်သည်။ (အောက်ပုံ)

တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာနှင့်အဝန်း ဖြစ်ပွားနေကြောင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် လက္ခဏာရပ်များကို ခံစားရကြောင်း၊ ရာသီတုပ်ကွေးရောဂါလက္ခဏာနှင့်လည်း ဆင်တူပါကြောင်း၊ ယင်းသို့ ခံစားရပါက

စာမျက်နှာ ၇ ကော်လံ ၄ ◆

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

နိုင်ငံတော်အရန်ရိက္ခာအဖြစ် ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီ တန်ချိန် ၁၂၀၀၀ ဝယ်ယူရန်အတွက် ငွေကျပ် ၃၈ ဘီလီယံ ခွင့်ပြုချက်ရရှိ

စာ - ၅

....

ရှမ်းယူနိုက်တက်အသင်း အုပ်ချုပ်/နည်းပြများနှင့် ကစားသမားများ လစာလျှော့ယူမည်

စာ - ၁၀

....

ဖားကန့်၌ ကမ်းပါးမြေပြို၍ ပျောက်ဆုံးနေသူများအား မိသားစုဝင်များက ပြန်လည်ရှာဖွေပေးရန် တောင်းဆိုသည့်အတွက် ဆက်လက်ရှာဖွေနေ

စာ - ၁၁

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၄-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ

စာ - ၁၅

ကော်တင်ဟိုကို ခေါ်ယူရန် ချယ်လ်ဆီး နီးစပ်လာ

ချယ်လ်ဆီးအသင်းသည် ကော်တင်ဟိုကို ခေါ်ယူနိုင်ရေးအတွက် ဘာစီလိုနာအသင်းနှင့် သဘောတူညီမှုရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း ထွက်ပေါ်လာသောသတင်းများအရ သိရသည်။ အဆိုပါ ကစားသမားကို အာဆင်နယ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ဘရာဇီးကစားသမားသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အန်ဖီးလ်မှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ သို့သော်လည်း ဘာစီလိုနာအသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့်နွေရာသီက ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းထံသို့ အငှားချခံထားရသူဖြစ်သည်။ ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ဆန္ဒရှိနေသော အသက် (၂၇ နှစ်) အရွယ် ကော်တင်ဟိုသည် ရာသီကုန်တွင် ဘွန်ဒက်စ်လီဂါကလပ်၌ အငှားစာချုပ် သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သည်။

ကော်တင်ဟိုသည် ယခုနှစ်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ၃၂ ပွဲ ကစားထားပြီး ကိုးဂိုးသွင်းယူပေးထားကာ ဂိုးရရှိအောင် ရှစ်ကြိမ်ဖန်တီးပေးထားနိုင်သော်လည်း ဂျာမနီချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းက အဆိုပါ ကစားသမားကို အမြဲတမ်းခေါ်ယူရန် စာချုပ်လိုခြင်း မရှိပေ။

၎င်းကို အာဆင်နယ်၊ ချယ်လ်ဆီး၊ စပါးနှင့် မန်ယူအသင်းတို့အပြင် နာမည်ကြီးအသင်းအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေသည်။ သို့သော်လည်း ပြိုင်ဘက်အသင်းများထက် ချယ်လ်ဆီးအသင်းက အဆိုပါကစားသမားကို ခေါ်ယူရေးတွင် အလေးသာနေကြောင်း စပိန်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ ကော်တင်ဟိုသည် ဘာစီလိုနာအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားမချမီ ဘာစီလိုနာအသင်းအတွက် ၁၈ လအတွင်း

စာမျက်နှာ ၇ ကော်လံ ၄ ❈

ဘိုင်ယန်မြူးနစ်၌ အငှားကစားနေသည့် ကော်တင်ဟို

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၂၃၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန

❑ သတင်းဆောင်းပါး - နိုင်လင်းကြည်၊ ဓာတ်ပုံ - ဟိန်းစည်သူ ❑

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း “နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံလုံး ပြည်နယ်၊ ပြည်မ အကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရန်” ဆိုသည့် မဟာဗျူဟာကို ချမှတ်ကာ အဓိက လုပ်ငန်းတာဝန် ၂ ရပ်၊ မူဝါဒ ၄ ရပ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ့လူဦးရေ၏ ၃၇ ဒသမ ၈၇ ရာခိုင်နှုန်းခန့် လွှမ်းခြုံ

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်နိုင်ငံ နယ်စပ်မျဉ်းများနှင့် ထိစပ်နေသည့် ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့တွင် ရှိသည့် မြို့နယ် ၁၆၇ မြို့နယ်မှ ကျေးရွာပေါင်း ၃၀၀၀၀ ကျော်တွင် နေထိုင်သည့် လူဦးရေ ၁၉ သန်းကျော်ကို ဦးတည် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့လူဦးရေ၏ ၃၇ ဒသမ ၈၇ ရာခိုင်နှုန်းခန့် လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် MSDP နှင့် ချိတ်ဆက် ဆောင်ရွက်နေခြင်း ဖြစ်သည်။ MSDP ၏ မဏ္ဍိုင်များ၊ ပန်းတိုင်များ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များသည် ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် SDG၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာမူဘောင်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အခြားသော ဒေသတွင်းကတိကဝတ်များနှင့် ကိုက်ညီမှုရှိအောင် ရေးဆွဲထားခြင်း ဖြစ်သည်။ MSDP မှာ အဓိကအားဖြင့် မဏ္ဍိုင် (၃) ရပ် ပါဝင်ရာ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် **မဏ္ဍိုင်(၁)** ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု၏ ပန်းတိုင် (၁)၊ မဟာဗျူဟာ 1.2 ဖြစ်တဲ့ “တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မျှတပြီး ပဋိပက္ခမဖြစ်ရေး ဦးတည်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုကို မြှင့်တင်ရေး” ဆိုသည့် မဟာဗျူဟာနှင့် ချိတ်ဆက်ပြီး တစ်နိုင်ငံလုံး ပြည်နယ်၊ ပြည်မ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေခြင်း ဖြစ်သည်။

အလားတူ **မဏ္ဍိုင် (၂)** သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ပန်းတိုင် (၃) မဟာဗျူဟာ 3.6 ပါ ကျေးလက်ဒေသ သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှု တိုးတက်စေရန် ဆိုသည့် လုပ်ငန်းစဉ်အရ လမ်းတံတားလုပ်ငန်းများ၊ မဟာဗျူဟာ 3.1 ပါ ပိုမိုအကျိုးရှိပြီး ရေရှည်တည်တံ့သည့် ရေအသုံးပြုမှု စီမံခန့်ခွဲရေးစနစ်ကို ထောက်ပံ့ပေးခြင်းလုပ်ငန်းစဉ်အရ စိုက်ပျိုးရေ ရရှိရေးနှင့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ **မဏ္ဍိုင်(၃)** ပန်းတိုင် (၅) မဟာဗျူဟာ 5.4 ပါ လုပ်ငန်းစဉ်အရ လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများနှင့် မဟာဗျူဟာ 5.6 ပါ လုပ်ငန်းစဉ်အရ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို အသီးသီး ချိတ်ဆက် အကောင်အထည်ဖော်လျက်ရှိသည်။

နှစ် ၂၀ စီမံကိန်းရေးဆွဲ

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀ - ၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ် ၂၀ စီမံကိန်း ရေးဆွဲထားပြီး နှစ်လတ် ငါးနှစ် စီမံကိန်း လေးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပထမ နှစ်လတ် ၅ နှစ် စီမံကိန်းကာလဖြစ်တဲ့ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလျာထားချက် လုပ်ငန်းများ၏ ၄၂ ဒသမ ၂၅ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိကာလသည် ဒုတိယ နှစ်လတ် ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ် ကာလဖြစ်ပြီး ယခု အချိန်အထိ ဒုတိယ နှစ်လတ်စီမံကိန်းပါ လုပ်ငန်းများမှ လမ်းတံတားလုပ်ငန်းတွင် ၅၂ ဒသမ ၂၄ ရာခိုင်နှုန်း၊ ပညာရေးလုပ်ငန်းတွင် ၁၈ ဒသမ ၅၀ ရာခိုင်နှုန်း၊ ကျန်းမာရေးလုပ်ငန်းတွင် ၂၆ ဒသမ ၀၉ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး/ သောက်သုံးရေ ရရှိရေးလုပ်ငန်းတွင် ၅၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းတွင် ၂၇ ဒသမ ၈၃ ရာခိုင်နှုန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းတွင် ၂၇ ဒသမ ၄၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကာ ဒုတိယ နှစ်လတ် ငါးနှစ် စီမံကိန်းလုပ်ငန်းများ၏ ၃၈ ဒသမ ၇၂ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ လာမည့် ဒုတိယ နှစ်လတ် ငါးနှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ပဥ္စမနှစ် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးချိန်တွင် ပထမ နှစ်လတ် ၅ နှစ်စီမံကိန်း အကောင်အထည်ဖော်နိုင်မှုထက် ပိုမိုဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

တိုးတက်ဆောင်ရွက်

စတုတ္ထ (၁) နှစ်တာကာလအတွင်း နယ်စပ်ဒေသအသီးသီး၌ မြေလမ်း ၂၃၀ မိုင် ၄ ဖာလုံ၊ လမ်းတာချဲ့ခြင်း ၃၉ မိုင် ၃ ဖာလုံ၊ ဖြူန်းကျောက်ခင်းခြင်း ၁၁ မိုင်၊ ကျောက်လမ်း ၂၆၆ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၂၅ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၅ မိုင် ၃ ဖာလုံ၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၅၅ မိုင် ၁ ဖာလုံ၊ တံတားကြီးနှင့် တံတားငယ် ၁၂၇ စင်း၊

အချပ်ပို(ခ)သို့

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မဝှေဇ-ခေါင်လန်ဖူးလမ်း (၆၅/၄)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းမှ ဖောက်လုပ်ပြီးစီးသည့် လမ်းပိုင်းကို ၁၃-၃-၂၀၂၀ ရက်က ဝေဟင်မှ တွေ့ရစဉ်။

“နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁) နှစ်တာကာလအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်နိုင်ငံ နယ်စပ်မျဉ်းများနှင့် ထိစပ်နေသည့် ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ခြောက်ခုတို့တွင်ရှိသည့် မြို့နယ် ၁၆၇ မြို့နယ်မှ ကျေးရွာပေါင်း ၃၀၀၀၀ ကျော်တွင် နေထိုင်သည့် လူဦးရေ ၁၉ သန်းကျော်ကို ဦးတည် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံ့လူဦးရေ၏ ၃၇ ဒသမ ၈၇ ရာခိုင်နှုန်းခန့် လွှမ်းခြုံ ဆောင်ရွက်ပေးလျက်ရှိ”

အချပ်ပို(က)မှ

Box Culvert အစင်း ၈၃၀၊ မူလတန်းကျောင်း တစ်ကျောင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း တစ်ခု၊ ကျေးရွာအရောက် စိမ့်စမ်းရေသွယ်ယူခြင်း ၄၈ မိုင် ၁ ဖာလုံ၊ စက်တူးတွင်း(တွင်းနက်) ၆ တွင်း၊ စက်တူးတွင်း (တွင်းတိမ်) ၁၁ တွင်း၊ ရေလှောင်ကန် တစ်ကန်၊ အုတ်ရေကန် ၃၁၀၊ လျှပ်စစ်မီးသွယ်တန်းခြင်း ၂၃ မိုင် ၆ ဖာလုံ၊ ဆိုလာမီးလင်းရေး ၁၇၉ စုံနှင့် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရေး ၂၇၇ လုံး တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လေးနှစ်တာ ကာလအတွင်းမှာ လမ်းတံတားကဏ္ဍတွင် မြေလမ်း ၁၉၅၁ မိုင်၊ လမ်းတာချဲ့ခြင်း ၁၅၂ မိုင် ၁ ဖာလုံ၊ ကျောက်လမ်း ၁၁၀၉ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၂၂၃ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၅၄ မိုင် ၂ ဖာလုံ၊ လမ်းပြုပြင် ထိန်းသိမ်းခြင်း ၄၀၉ မိုင်၊ ပေ ၁၀၀ အထက် တံတားကြီး ၃၆ စင်း၊ တံတားငယ် ၅၇၇ စင်း၊ Box Culvert ၅၆၈၉ စင်း၊ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း ၂၃ ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်း နှစ်ကျောင်း၊ ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ တစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ သုံးခု၊ ရေရရှိရေးကဏ္ဍတွင် သောက်သုံးရေ ရရှိရေးလုပ်ငန်း ခြောက်ခု၊ စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်း ၃၄၄ မိုင်၊ မီးလင်းရေးကဏ္ဍတွင် လျှပ်စစ်မီးသွယ်တန်းခြင်း ၂၃ မိုင် ၆ ဖာလုံ၊ ဆိုလာမီးတပ်ဆင်ခြင်း ၉၁၃၄ စုံ၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍတွင် IDP Camp တဲတန်းလျားဆောက်လုပ်ခြင်း ၁၇၆ လုံးနှင့် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ခြင်း ၇၇၉ လုံးတို့ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၁-၁၀-၂၀၁၉ ရက်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (၅) နှစ်သင်တန်း အမှတ်စဉ် (၃) ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

လမ်းပန်းဆက်သွယ်မှုကဏ္ဍ

"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ကောင်းမွန်မှုကို အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ ဒေသဖွံ့ဖြိုးရေးအတွက်သာမက နိုင်ငံတော်လုံခြုံရေးအတွက်ပါ အရေးပါတဲ့ နိုင်ငံနယ်နိမိတ်တစ်လျှောက် နယ်စပ်လမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သိသာထင်ရှားတဲ့ လမ်းအနေနဲ့ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းမှာရှိတဲ့ မဂွေဇ - ခေါင်လန်ဖူး လမ်း ၆၅ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ခေါင်လန်ဖူးဒေသဟာ ဧရိယာ စတုရန်းမိုင် ၂၀၀၀ ခန့် ကျယ်ဝန်းပြီး လူဦးရေ ၁၅၀၀၀ ခန့်သာရှိတဲ့အတွက် လူဦးရေသိပ်သည်းဆနည်းပါးတဲ့ ဒေသဖြစ်ပါတယ်။ သို့သော် ရာသီဥတုပြင်းထန်ဆိုးရွားခြင်း လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းများကြောင့် နှစ်စဉ်ဒေသတွင်း စားနပ်ရိက္ခာ လုံလောက်မှုမရှိဘဲ ဒေသဖွံ့ဖြိုးမှု အဘက်ဘက်က နောက်ကျကျန်နေတဲ့ ဒေသဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ နယ်စပ်ရေးရာဝန်ကြီးဌာနက တပ်မတော်၊ ဌာနေပြည်သူ့စစ်တို့နဲ့ ပူးပေါင်းပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တတိယ စီမံကိန်းကာလတွင် မဂွေဇ - ခေါင်လန်ဖူး လမ်းလုပ်ငန်းစီမံကိန်းရဲ့ အခက်အခဲဆုံးဖြစ်တဲ့ အမြင့်ပေ ၇၈၀၀ ခန့်ရှိ ဆန်းလွတ်ချက်ကျောက်တောင်ထိပ် ၃၃ မိုင် ၆ ဖာလုံလမ်း ဖောက်လုပ်နိုင်ခဲ့ပါတယ်။ လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်ခဲ့ရာ စတုတ္ထနှစ်အတွင်းမှာ ဆန်းလွတ်ချက် တောင်ထိပ်ကနေ မေခမြစ်ကမ်းပါးအထိ ၄၃ မိုင် ၂ ဖာလုံ လမ်းဖောက်နိုင်ခဲ့ပါပြီ"ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြောသည်။

ခေါင်လန်ဖူးအထိ လမ်းဖောက်

မေခမြစ်ကို ပွင့်လင်းရာသီတွင် အချိန်ကိုက် ဖြတ်ကူးနိုင်ရေးသည် လမ်းဖောက်လုပ်ရေး၏ အဓိကကျသည့် ဒုတိယ အခက်အခဲဖြစ်ရာ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကြိုတင်စဉ်းစား ပြင်ဆင်ဆောင်ရွက်နိုင်သည့်အတွက် ယခုပွင့်လင်းရာသီတွင် မေခမြစ်တစ်ဖက်ကမ်းကို လမ်းဖောက်လုပ်မည့် စက်ယန္တရားများကို ပို့ဆောင်ခဲ့ပြီးဖြစ်သဖြင့် မဝေးတော့သည့်ကာလတွင် ခေါင်လန်ဖူးအထိ လမ်းဖောက်လုပ်ပြီးစီးတော့မည် ဖြစ်သည်။

"ဒီလမ်းဖောက်လုပ် ပြီးစီးသွားတဲ့အခါ ခေါင်လန်ဖူးကနေ တရုတ်နိုင်ငံနယ်စပ်ဖြစ်တဲ့ ရှိန်းခေါင်ဒေသအထိ ဆက်လက်လမ်းဖောက်ပေးမှာ ဖြစ်တဲ့အတွက် အရင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သွားလာရ အခက်ခဲဆုံးဒေသဖြစ်တဲ့ ခေါင်လန်ဖူးဒေသဟာ မကြာမီ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့ပြင် ခေါင်လန်ဖူးနဲ့ လန်ဆယ်ဒေသသို့ ဆက်သွယ်ဖောက်လုပ်ပေးခြင်းနဲ့ လန်ဆယ် - ဖီမော် - ကန့်ဖန်မှတစ်ဆင့် ချီဖွေ၊ ချီဖွေမှတစ်ဆင့် မြစ်ကြီးနားအထိ လမ်းဖောက်လုပ်လိုက်ပါက ပူတာအိုဒေသကို လက်ရှိ ဆွမ်ပရာဘွမ်လမ်းအပြင် တစ်ဖက်က မဟာဗျူဟာ လမ်းအသစ်တစ်ခု ထပ်မံပေါ်ပေါက်လာမှာဖြစ်လို့ အလွန်အရေးပါလှတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ အလားတူ ပူတာအိုခရိုင်အတွင်းမှာ ပန်နန်းဒင်-ဒဟွမ်ဒမ်းလမ်း ၆၃ မိုင် ဖောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ဒဟွမ်ဒမ်းဟာ မြန်မာပြည်မြောက်ဖျား ခါကာဘိုရာဇီတောင်ခြေက ကျေးရွာဖြစ်ပါတယ်။ ခါကာဘိုရာဇီ အမျိုးသားသဘာဝဥယျာဉ်ကို သွားတဲ့လမ်း မရှိသေးတဲ့အတွက် ဒီလမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါတယ်။ ဒီဒေသဟာ ဧရာဝတီမြစ်ကြီးရဲ့ ရေဝေရေလဲဒေသဖြစ်တဲ့အပြင် ရေခဲတောင်တွေကလည်း တစ်နှစ်ပတ်လုံး ရေခဲတွေ ဖုံးလွှမ်းနေတဲ့အတွက် ထူးခြားတဲ့ဂေဟာစနစ်ရှိတာကြောင့် တစ်ချိန်ကျရင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးသာမက မြန်မာ့ခရီးသွားလုပ်ငန်းအတွက် အထောက်အကူ ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြောသည်။

"ဒါ့ပြင် ဒီနှစ်ရေရရှိရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးရာမှာ ရေသွယ်စနစ်၊ ရေတင်စနစ်၊ ရေလှောင်စနစ်တွေ သာမက သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေသန့်စနစ်ကိုပါ တပ်ဆင်ပေးနိုင်ခဲ့တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေးကို အထောက်အကူပြုနိုင်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းက ဒေသခံတွေအတွက် အလွန်ကြီးမားတဲ့ အကျိုးကျေးဇူးရရှိစေတဲ့အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ရွာသစ်ကျေးရွာမှ ကျောက္ကချားကျေးရွာအထိ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၈ ဒသမ ၄ မိုင်၊ Transformer ၁၈ လုံး၊ ၁၁ KV ဓာတ်အားလိုင်း ၁၀ ဒသမ ၄ မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မကြာမီ မီးလင်းတော့မှာဖြစ်တဲ့အတွက် ကြီးမားတဲ့ အကျိုးရလဒ်တစ်ခု ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့ ပန်းတင်ဗော (ကျူတော) ကိုးနဝင်းစေတီတော်မြတ်ကြီးနဲ့ ပတ်ဝန်းကျင်ခြောက်ရွာ မီးလင်းရေးလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ နှစ်အလိုက် စီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရှားပြားကျေးရွာနဲ့ ရေပုတ်ကျေးရွာတွင် ဓာတ်အားလိုင်းများသွယ်တန်းခြင်းနဲ့ Transformer များတပ်ဆင်ခြင်းတို့ကို ယခုဘဏ္ဍာနှစ်ကစလို့ နှစ်အလိုက်စီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ဦးရဲနိုင်က ဆက်လက်ပြောကြားသည်။

ပြည်သူလူထု ပူးပေါင်းပါဝင်

ပြည်သူလူထု၏ ပူးပေါင်းပါဝင်လာမှုများသည် ထူးခြားသည့်အချက် တစ်ချက်ဖြစ်သည်။ လက်ရှိတွင် အချို့ဒေသများ၌ ပြည်သူလူထု ပူးပေါင်းပါဝင်မှုကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလျင်မြန်တိုးတက် အောင်မြင်မှုများ ရရှိခဲ့ကြောင်း သိရသည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဒေသခံများ၏ စိုက်ထုတ်မှုနှင့် ဝန်ကြီးဌာန၏ ကတ္တရာ ထောက်ပံ့မှုဖြင့် လမ်းမိုင် (၆၁/၀) မိုင်နှင့် အခြားလမ်းငယ်များကို ကတ္တရာလမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘိန်းအစားထိုး ဖွံ့ဖြိုးရေး ရေ့ပြေးစီမံကိန်း

"မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှာရှိတဲ့ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ပင်လောင်းမြို့နယ် ကျေးရွာအုပ်စု လေးခုနဲ့ ကျေးရွာ ၉၇ ရွာတွင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အထိ သုံးနှစ် ရေ့ပြေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒီရေ့ပြေးစီမံကိန်းအရ ကျေးရွာတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအဖြစ် မြေလမ်း (၄၆/၂) မိုင်၊ ကျောက်လမ်း နှစ်မိုင်၊ ကတ္တရာလမ်း သုံးမိုင်၊ တံတား ခြောက်စင်း၊ Box Culvert ၁၅၄ စင်း၊ ရေသွယ်ယူခြင်း (၃၁/၅) မိုင်၊ ရေလှောင်ကန် ငါးကန်၊ စက်ရေတွင်း သုံးတွင်း၊ မီးသွယ်တန်းခြင်း ၁၁ မိုင်နဲ့ ဆိုလာ ၃၆၇ စုံ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးအဖြစ် ကော်ဖီပျိုးပင် ၂၁ သိန်းကျော်နဲ့ လက်ဖက်ပျိုးပင် ၅၂၀၀၀၀ တို့ကို ဖြန့်ဝေစိုက်ပျိုးခဲ့ပါတယ်။ ရေ့ပြေးစီမံကိန်း ရလဒ်တွေအပေါ် ထိုင်းနိုင်ငံ မူးယစ်/ဗဟိုအဖွဲ့ အထောက်အပံ့နဲ့ ဆောင်ရွက်နေတဲ့ မယ့်ဖားလုံ ဖောင်ဒေးရှင်းအဖွဲ့က စိတ်ဝင်စားမှုရှိတဲ့အတွက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အဲဒီဒေသမှာ ဆက်လက်ဆောင်ရွက်သွားနိုင်ဖို့ ဆက်သွယ်ဆွေးနွေးလာခဲ့တဲ့အတွက် မကြာမီ MoU ရေးထိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းတွေ ပြီးဆုံးချိန်မှာ အကျိုးဖြစ်ထွန်းမှုကို သုံးသပ်ပြီး အလားတူ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြောကြားသည်။

ဦးစားပေးအလိုက်ဆောင်ရွက်

နိုင်ငံတော်၏ ကာလရှည် ရည်မှန်းချက်သည် ငြိမ်းချမ်းပြီး သာယာဝပြောသည့် နိုင်ငံတော်ဖြစ်ရေးမှာ နယ်စပ်ဒေသများ အပါအဝင်

အချပ်ပို(ဂ)သို့

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(လပွတ္တာ)တွင် ခေတ်မီစက်ကိရိယာများဖြင့် မော်တော်ယာဉ်စက်ပြင်သင်တန်းကို ၂၄-၃-၂၀၂၀ ရက်က လေ့ကျင့်သင်ကြားပေးစဉ်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၄-၂-၂၀၂၀ ရက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကြာအင်းဆိပ်ကြီး) တွင် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

အချပ်ပို(ခ)မှ

ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိသည်။ သို့ရာတွင် ဒေသများ၏ လိုအပ်ချက်သည် အလွန်များပြားလှသည့်အတွက် ဒေသအားလုံး၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးနိုင်ရေး နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာ စေရေး၊ စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးတို့အတွက်အဓိကအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေအရင်းအမြစ် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ရရှိနိုင်သမျှဘဏ္ဍာရေး မူဘောင်အတွင်းမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအလိုက် လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ဆောင်ရွက်ပြီးလုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲရေးသည် အရေးပါလျက်ရှိသည်။

ဒေသဆိုင်ရာလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးတွင် ဒေသခံလူထု၏ အသိတရားရှိစွာ ပူးပေါင်းပါဝင်မှုသည် အဓိကအခန်းကဏ္ဍဖြစ်သည်။ နယ်စပ်ဒေသတွင် ဆောင်ရွက်သည့် ကျေးလက်လမ်းများ၏ စံသတ်မှတ်ချက်အရ တည်ဆောက်ထားသည့် ၁၃ တန်မျှသာ ခံနိုင်သော တံတားများပေါ်တွင် တန်ပိုများစွာ တင်ဆောင်ထားသည့် ကုန်တင်ယာဉ်များ ဖြတ်သန်းမှုအပေါ် ဒေသခံလူထုအနေဖြင့် မိမိတို့နှင့် မသက်ဆိုင်သလိုဟန့်တားခြင်းနှင့် တားမြစ်ခြင်း မပြုသဖြင့် တံတားကျိုးခဲ့ပါက နိုင်ငံတော်ဘဏ္ဍာငွေဆုံးရှုံးသကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် များစွာထိခိုက်မှုရှိခြင်းကြောင့် ဝိုင်းဝန်းထိန်းသိမ်းရေး ပူးပေါင်းပါဝင်ကြရန် လိုအပ်လျက်ရှိသည်။

"ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဆက်စပ်နေပါတယ်။ ငြိမ်းချမ်းမှု မရှိတဲ့ ဒေသတွေမှာ ဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်ပါဘူး ဖွံ့ဖြိုးတိုးတက်မှု မရှိရင် ငြိမ်းချမ်းရေးက ရေရှည်တည်တံ့ခိုင်မြဲမှာ မဟုတ်ပါဘူး။ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ နယ်စပ်ဒေသတွေမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသတွေဟာ နယ်မြေကျယ်ပြန့်သလောက် လူဦးရေ သိပ်သည်းဆလည်း နည်းပါးပါတယ်။ ပြည်မနဲ့ ကူးလူးဆက်ဆံရန် ခက်ခဲပြီး လက်နက်ကိုင်အဖွဲ့အစည်းတွေ ရှိနေပါတယ်။ ဒီအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဒေသနဲ့ ဒေသခံအားလုံးအပေါ် လွှမ်းခြုံဆောင်ရွက်ပေးနိုင်ဖို့ ခက်ခဲပါတယ်။ ဒါ့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့နဲ့ နယ်စပ်ဒေသတွေ တည်ငြိမ်ဖို့ လိုအပ်ပါတယ်။ နယ်စပ်ဒေသတွေ တည်ငြိမ်ရေးအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ပြုလုပ်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ အရေးပါပါတယ်။ ဒါ့ကြောင့် နယ်စပ်ဒေသတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေက အရေးကြီးတဲ့ကဏ္ဍအဖြစ်ပါဝင်တယ်ဆိုတာကို တင်ပြလိုပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြောသည်။

နှစ်ပေါင်း ၃၀ ကျော်

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသား လူငယ်၊ လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် လက်ရှိတည်ဆောက်နေသည့် ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော် ဖြစ်ပေါ်လာစေရေးမှာ အဓိက လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ နယ်စပ်ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်မှသာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ ၁၉၈၉ - ၁၉၉၀ ကနေ ၂၀၂၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ၃၀ ကျော် ကာလအတွင်း နယ်စပ်ဒေသတွေဟာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့သော် နယ်စပ်ဒေသတွေရဲ့ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက် ပမာဏကြီးမားတဲ့အတွက် ဆက်လက်ဆောင်ရွက်ပေးဖို့ ကျန်ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ဆက်လက်တာဝန်ယူကြမယ့်၊ နိုင်ငံတော်အစိုးရ အဆက်ဆက်ကလည်း နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ မဟာဗျူဟာတွေနဲ့အတူ ဆက်လက်ဆောင်ရွက်နေရဦးမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးစတဲ့ ကိစ္စရပ်တွေ အောင်မြင်ရေးဟာ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်မှုသည် အဓိက ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဘယ်လိုဦးဆောင်ပါစေ ဒေသခံပြည်သူလူထုရဲ့ ပူးပေါင်းမှုနဲ့ ပါဝင်မှုမရှိရင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေဟာ အောင်မြင်မှု မရနိုင်တဲ့အတွက် နိုင်ငံတော်အစိုးရက အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသလို ဒေသခံတိုင်းရင်းသားပြည်သူတွေက ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြောသည်။

၁၅-၁-၂၀၂၀ ရက်က ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ဆန်၊ ဆိုလာ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်စဉ်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသမှ တိုင်းရင်းသား လူငယ်လူရွယ်တွေအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ရုံးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း(ရန်ကုန်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံး ၉ ရုံး၊ ခရိုင်ရုံး ၉ ရုံး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ၉ ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၆ ကျောင်းတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

"ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ နယ်စပ်ဒေသ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနဲ့ သက်မွေးပညာကဏ္ဍဆိုပြီး ကဏ္ဍ(၃)ရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာကဏ္ဍ မှာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်ထားပြီး နယ်စပ်ဒေသက ပညာဆက်လက်သင်ကြားဖို့ အခက်အခဲရှိကြတဲ့ မိဘမဲ့၊ မိမဲ့၊ ဖမဲ့ ဆင်းရဲနွမ်းပါးလူငယ်တွေကို (၅)တန်းကနေ (၁၀) တန်းအထိ နေရေး၊ စားရေး၊ ဝတ်ရေးနဲ့ ပညာသင်ကြားရေးစရိတ်အားလုံး နိုင်ငံတော်က ကျခံပေးပြီး အခမဲ့တက်ရောက် ပညာသင်ကြားစေပါတယ်။ ၁၉၉၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသက လူငယ်ကျောင်းသား/ကျောင်းသူ ၆၇၀၀၉ ဦး တက်ရောက်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ၃၇၃၄ ဦးကို တက္ကသိုလ်အသီးသီးမှာ အဆင့်မြင့်ပညာရပ်တွေ ဆက်လက်သင်ကြားပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှာ စုစုပေါင်း ၃၆၇ ဦး အောင်မြင်ခဲ့ပါတယ်။ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွင်း လူငယ်သင်တန်းကျောင်း ၄၅ ကျောင်းမှာ ကျောင်းသား/ကျောင်းသူ ၅၇၈၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်"ဟု ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ပြောကြားသည်။

ဒုတိယကဏ္ဍဖြစ်သည့် အဆင့်မြင့်ပညာကဏ္ဍတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ကျောင်းနှင့် ဗဟိုလေ့ကျင့်ရေးကျောင်း တစ်ကျောင်းတို့ ပါဝင်သည်။

"ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ရခြင်းက နယ်စပ်ဒေသတွေဟာ တောတောင်ထူထပ်ပြီး မြစ်ကူးချောင်းကူး ပေါများတဲ့အတွက် သွားလာဆက်သွယ်ဖို့ ခက်ခဲခြင်း၊ နယ်မြေကျယ်ပြန့်သလောက် လူဦးရေ သိပ်သည်းဆနည်းပါးခြင်း၊ ပြောဆိုတဲ့ ဘာသာစကားနဲ့ ဓလေ့ထုံးစံတွေ မတူကွဲပြားခြင်းတို့ကြောင့် အခြေခံပညာသင်ကြားရေးမှာ ဆရာ ဆရာမ အင်အားမလုံလောက်တဲ့ စိန်ခေါ်မှုကို ကြုံတွေ့ခဲ့ရပါတယ်။ ဒီစိန်ခေါ်မှုကို ဖြေရှင်းကျော်လွှားနိုင်ဖို့အတွက် နယ်စပ်ဒေသတွေမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ နယ်မြေခံ ဘာသာစကားကို ပြောဆိုသင်ကြားနိုင်တဲ့ ဒေသခံလူငယ်လူရွယ်တွေကို B.Ed., ပညာရေးဘွဲ့ရရှိတဲ့အထိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ နိုင်ငံတော်စရိတ်နဲ့ အခမဲ့ခေါ်ယူ သင်ကြားမွေးထုတ်ပေးလျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ဆရာဆရာမ ၁၃၇၈၆ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သည့် နှစ်အတွင်း ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ် (၃) မှ သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၂၆၇ ဦး ရှိကြောင်း သိရသည်။ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွင်း ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ပညာရေးဘွဲ့ ၅ နှစ် သင်တန်း ပထမနှစ်မှ ပဉ္စမနှစ်ထိ ၁၅၄၂ ဦး၊ မဟာပညာရေးဘွဲ့ (၂)နှစ် သင်တန်း ၂၈ ဦး၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်း ၇၃ ဦး စုစုပေါင်း ၁၆၄၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ *အချပ်ပို(ဃ) သို့*

အချပ်ပို(ဂ)မှ

အလုပ် တစ်ပါတည်းခန့်အပ်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)ကို နယ်စပ်ဒေသက တိုင်းရင်းသား လူငယ်များ ဘွဲ့ရပညာတတ်များ ဖြစ်လာစေပြီး မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ ကျောင်းဆင်းကျောင်းသားများကို ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ အေဂျီတီအိုင် ဒီပလိုမာနှင့် အင်ဂျင်နီယာနည်းပညာဘွဲ့များ ပေးအပ်ချီးမြှင့်ပြီး အလုပ်တစ်ပါတည်း ခန့်အပ်ပေးခဲ့ရာ ယနေ့အထိ သင်တန်းဆင်း ကျောင်းသားဦးရေ ၄၂၇၁ ဦး မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် တစ်နှစ်တာ ကာလအတွင်း ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) မှ ကျောင်းဆင်းကျောင်းသား ကျောင်းသူ ၄၀၁ ဦးရှိခဲ့ရာ ကျောင်းဆင်း ကျောင်းသားများထဲမှ အရည်အချင်း ပြည့်မီသူများကို ပါရဂူဘွဲ့နှင့် မဟာဘွဲ့များကို ဆက်လက်တက်ရောက်စေလျက်ရှိသည်။ ယနေ့အထိ ဒီဂရီကောလိပ် ကျောင်းဆင်းကျောင်းသားများအနက် ပါရဂူဘွဲ့ ၃၂ ဦး၊ မဟာသုတေသနဘွဲ့ ၁၀၃ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာ အင်ဂျင်နီယာဘွဲ့ ၃၄ ဦးနှင့် အင်ဂျင်နီယာဘွဲ့ ၅၆၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ လက်ရှိ ဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း) တို့တွင် ပထမနှစ်မှ စတုတ္ထနှစ်ထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၆၀၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

"ဝန်ကြီးဌာနက ဝန်ထမ်းတွေ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေဖို့ ဗဟိုလေ့ကျင့်ရေးကျောင်းကို ရန်ကုန်မြို့ မြောက်ဒဂုံမှာ ဖွင့်လှစ်ထားပြီး ခေါင်းဆောင်မှု စွမ်းရည်မြှင့်တင်ရေးသင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်း၊ စက်ကြီးပန်းထိုးသင်တန်း၊ အဆင့်မြင့် စက်ချုပ်နည်းပြသင်တန်းနဲ့ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းတွေကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာနရှိ ဝန်ထမ်းတွေအပြင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ဝန်ထမ်းတွေပါ တက်ရောက်သင်ကြားလျက်ရှိပါတယ်။ ယနေ့အထိ သင်တန်းသား သင်တန်းသူ ၁၅၇၃၄ ဦး လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း သင်တန်းသား သင်တန်းသူ ၉၀၀ ကို သင်ကြားပေးနိုင်ခဲ့ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ပြောသည်။

၂၁-၈-၂၀၁၉ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် တာဝန်ရှိသူများ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးသော ကျေးရွာများ ရေရရှိရန်အတွက် ရေနက်တွင်းများ တူးဖော်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

သက်မွေးပညာကဏ္ဍ

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာရပ်များ တတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းဖြင့် ဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သက်မွေးပညာ သင်တန်းကျောင်း ၉ ကျောင်း ဖွင့်လှစ်ထားသည်။ ယင်းသင်တန်းကျောင်းများတွင် လက်ကိုင်ဖုန်း ပြုပြင်သင်တန်း၊ ဆိုင်ကယ်ပြုပြင်သင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေးအခြေခံသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်း၊ လျှပ်စစ်ဂဟေ၊ စတီးဂဟေနှင့် အလူမီနီယံဂဟေ သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းသား စုစုပေါင်း ၅၃၉၄ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။ သင်တန်းကာလမှာ တစ်နှစ်ခွဲဖြစ်ပြီး သင်တန်း နှစ်ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း သင်တန်းသားပေါင်း ၉၄၈ ဦး သင်တန်း တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

အလုပ်အကိုင်အခွင့်အလမ်းများ

တိုင်းရင်းသူ အမျိုးသမီးငယ်များကို အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာရပ်များ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၄၆ ကျောင်းကို ဖွင့်လှစ်ပေးလျက်ရှိသည်။ ယင်းသင်တန်းကျောင်းများတွင် အခြေခံ အိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းများနှင့် ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ သင်ကြားပေးလျက်ရှိသည်။

ပခုက္ကူနှင့် ပုသိမ်ရှိ အိမ်တွင်းမှုသင်တန်းကျောင်းတို့တွင် အိမ်တွင်းမှုသင်တန်းများအပြင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖြစ်သည့် ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် သင်တန်း၊ အဖျော်ယမကာနှင့် အစားအစာ ဝန်ဆောင်မှုသင်တန်းကို ဖွင့်လှစ်သင်ကြားပေးပြီး ဟိုတယ်များတွင် ဝန်ထမ်းများအဖြစ် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ ယနေ့အထိ အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းများမှ သင်တန်းသူ ၉၁၈၀၆ ဦး လေ့ကျင့်သင်ကြားပေးပြီး ဖြစ်သည်။

"ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း သင်တန်းသူ စုစုပေါင်း ၅၈၅၉ ဦးတို့ကို လေ့ကျင့်သင်ကြားပေးပြီး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းသားသင်တန်းသူဦးရေ ၃၀၀ တို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်းကို သင်တန်းကာလ ၁၈ ပတ်နဲ့ သင်တန်းသူဦးရေ ၁၉၁၀ တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဦးစီးဌာနအနေနဲ့ အခြေခံ၊ အဆင့်မြင့်ပညာရပ်တွေနဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေ သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်း သင်တန်းသား သင်တန်းသူ ၁၃၇၈၆ ဦးကို ပညာရေးဝန်ကြီးဌာနမှာ အထက်တန်းပြ ဆရာ ဆရာမတွေအဖြစ် အလုပ်ခန့်အပ်ပေးခဲ့ပါတယ်။ ဒီဂရီကောလိပ် (ရန်ကုန်နဲ့စစ်ကိုင်း) ကျောင်းဆင်း ကျောင်းသား ၄၂၇၁ ဦးကို ဝန်ကြီးဌာန ၁၄ ခုနဲ့ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွေမှာ နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်ခန့်အပ်ပေးနိုင်ခဲ့ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ပြောသည်။

စစ်တမ်းကောက်ယူ

စက်မှုလက်မှုပညာ သင်တန်းကျောင်း ၉ ကျောင်းမှ အောင်မြင်ပြီးသူ ၁၂၃၄ ဦး တို့သည် ဆောက်လုပ်ရေးကုမ္ပဏီများ၊ ကားဆားဗစ်စင်တာများ၊ ဆိုင်ကယ်ပြုပြင်ရေးဆိုင်များ၊ ဂဟေအလုပ်ရုံများနှင့် ပြင်ပလျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။ အိမ်တွင်းမှုသင်တန်းကျောင်း ၄၆ ကျောင်းမှ အောင်မြင်ပြီးသူ ၉၁၈၀၆ ဦးထဲမှ ၄၀၄၉၆ ဦးတို့သည် တတ်မြောက်ထားသည့် အိမ်တွင်းမှုပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း စစ်တမ်းကောက်ယူထားသည်။

အိမ်တွင်းမှုသင်တန်းကျောင်း ၄၆ ကျောင်းမှ အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အောင်မြင်ပြီးသူများကို ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း တက်ရောက်စေပြီး အောင်မြင်ပြီးသူ ၂၇၄၄ ဦးတို့ကို ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံ ၂၉ ရုံတို့တွင် ဝန်ထမ်းအဖြစ် အလုပ်ခန့်အပ် ပေးနိုင်ခဲ့သည်။

"ပခုက္ကူနဲ့ ပုသိမ် အိမ်တွင်းမှုသင်တန်းကျောင်းတွေမှာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကို ၂၀၁၇ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း ၆၀၀ အနက် ၄၄၄ ဦးတို့ကို ဟိုတယ်ဝန်ထမ်းတွေအဖြစ် အလုပ်အကိုင် ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းကနေ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းသင်တန်းသူ ၂၅ ဦးကို ရွေးချယ်ပြီး လုပ်ငန်းခွင်သုံး ဂျပန်ဘာသာစကား သင်ကြားပေးလျက် ရှိပါတယ်။ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက မူလရည်ရွယ်ချက် နှစ်ရပ်အတိုင်း နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်များကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ပြောသည်။ ။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း နယ်စပ်ဒေသအသီးသီး၌ မြေလမ်း ၂၃၀ မိုင် ၄ ဖာလုံ၊ လမ်းတာချဲ့ခြင်း ၃၉ မိုင် ၃ ဖာလုံ၊ ဖြုန်းကျောက်ခင်းခြင်း ၁၁ မိုင်၊ ကျောက်လမ်း ၂၆၆ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၂၅ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၅ မိုင် ၃ ဖာလုံ၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၅၅ မိုင် ၁ ဖာလုံ၊ တံတားကြီးနှင့် တံတားငယ် ၁၂၇ စင်း၊ Box Culvert အစင်း ၈၃၀၊ မူလတန်းကျောင်း တစ်ကျောင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း တစ်ခု၊ ကျေးရွာအရောက် စိမ့်စမ်းရေသွယ်ယူခြင်း ၄၈ မိုင် ၁ ဖာလုံ၊ စက်တူးတွင်း(တွင်းနက်) ၆ တွင်း၊ စက်တူးတွင်း (တွင်းတိမ်) ၁၁ တွင်း၊ ရေလှောင်ကန် တစ်ကန်၊ အုတ်ရေကန် ၃၁၀၊ လျှပ်စစ်မီးသွယ်တန်းခြင်း ၂၃ မိုင် ၆ ဖာလုံ၊ ဆိုလာမီးလင်းရေး ၁၇၉ စုံနှင့် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရေး ၂၇၇ လုံး တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့

၁၄-၃-၂၀၂၀ ရက်က မငွေဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်ရေးတွင် အသုံးပြုမည့် ယန္တရားများ၊ စက်သုံးဆီများ၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများကို မေခမြစ်တစ်ဖက်ကမ်းသို့ ယန္တရားကူးဖောင်ဖြင့် သယ်ဆောင်ဖြတ်ကူးရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။